www.burmeseclassic.com

# အိပ်မက်ပျောင်းတွေနဲ့ ဘဝဟာ ဆောင်းလိုပဲ




www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၄၄၃၀၄၁၁

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၇၅၆၀၇၁၁

အကြိမ် – ပထမအကြိမ်၊
၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)

အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၈၈)၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
ဒီနိုင်း၈
အိပ်မက်ပေါင်းတွေနဲ့ ဘဝဟာ ဆောင်းလိုပဲ/ ဒီနိုင်း၈၊
ရန်ကုန်။ ရွှေသမင်စာပေ၊ ၂၀၁၀။
၂၃၂ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) အိပ်မက်ပေါင်းတွေနဲ့ ဘဝဟာ ဆောင်းလိုပဲ




ရင်ထဲမှာ
ခံစားမြူတွေ ပွင့်ပါစေ...
နှင်းဆီများ... ရှုမှုဝေတော့...
ရင်ခွင်မှာ ဝေဒနာခံစားချက်တွေဟာ များလာတယ်...။
မေ့မြေ့မပါလာဘဲ
အေးစက်စိမ့်ကြွင် ချမ်းမြေ့ပါများကြောင့်
အိပ်မက်ပေါင်းတွေနဲ့ဘဝဟာ ဆောင်းလိုပဲ...။



www.burmeseclassic.com

www.burmeseclassic.com



ကိုလေး… ကျွန်မကတော့ ယုံကြည်ခဲ့မိပါတယ်။ အမြတ်တနိုးနှင့် လည်မှာဆွဲထားတဲ့ လည်ဆွဲက ကိုလေး ဆင်မြန်းပေးထားတဲ့ ချစ်ခြင်းမေတ္တာ ရတနာလည်ဆွဲတစ်ခုလို့ မြတ်မြတ်နိုးနိုးနှင့် ယုံကြည်နေခဲ့မိပါတယ်…။

ဒါပေမယ့် အချိန်တန်တော့ ကျိန်စာတစ်ခုလို အလှအပအဖြစ် ဆင်ယင်ပြီး အကျဉ်းသားတစ်ယောက်လို ကိုယ့်ကိုယ်ကိုယ် ချုပ်နှောင်ထားခဲ့မှန်း နောင်တော့ သိခဲ့ရပြီလေ…။

နှစ်နဲ့ဆက်ပြီး အချိန်ပေါင်းများစွာ ပြုစုပျိုးထောင်ထားတဲ့ နှစ်ရှိုင်လို့ ကိုလေးနဲ့ ကျွန်မရဲ့အချစ်က ခိုင်မြဲနေပြီလို့ ထင်ထားခဲ့မိတာ ကျွန်မ မှားသွားခဲ့ပြီ ကိုလေးရယ်…။





ရင်ထဲမှာ ပြည့်သိပ်နေတဲ့ ဝဋ်ကြွေးတွေ တစ်နေ့တခြား ကလေးအိမ်ယောက်ရဲ့ မျှော်လင့်ချက်နဲ့ စုထားတဲ့ စုဘူးလို အိပ်မက်များစွာနှင့် ညပေါင်းများစွာကို ဖြတ်သန်းခဲ့ရပြီလေ…။

ကျွန်မအတွက် အေးချမ်းမယ် ထင်ခဲ့တယ် …၊

ကိုလေးရဲ့အချစ်တွေက အေးစက်ကိုက်ခဲနေပြီဆိုတာ ဆောင်းညတစ်ညမှာ သိခဲ့ရပါတယ်…။

အခုတော့ သိခဲ့ရပါပြီ။ အိပ်မက်ဟောင်း တွေက …၊



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ကြိုမြင်နိုင်တဲ့ ဘဝတွေအတွက်
အရည်ကျရှိတော့စရာတဲ့ နှိပ်စက်တွေ
ရှိတစ်ခွင်းဘိ
ကိုယ် သောင်းပို..။





အဲဒီနေ့က တိမ်ကင်းစင်သော နေ့တစ်နေ့ပေါ့..၊ ကျွန်တော့်ရဲ့ အလုပ်က တျူရှင်ဆရာ..။ လူတိုင်းကို ဆိုရာလုပ်ချင်တဲ့စိတ် မရှိပေမယ့် သင်ပြ ရှင်းလင်းရတာကို ဝါသနာပါ့ပါတယ်..။

အမည် .. ဆရာကျော်(ခ)မိုးအောင်ကျော်

သူငယ်ချင်း မိတ်ဆွေတွေက ကိုလေးလို့ ခေါ်တတ်ပါတယ်။

အတွေးအခေါ် ဗီဇ = လူတစ်ဖက်သားရဲ့ ပြောစကားကို စိတ်ပါ စိတ်ရှည် နားထောင်ပေးတတ်ခြင်းပါ..။

တစ်နေ့ပေါ့ ဝိုင်းတစ်ဝိုင်းကနေ တစ်ဝိုင်းဆို အပြောင်းမှာပေါ့။ ဝိုင်းဆိုလို့ ဖဲဝိုင်းမဟုတ်ပါ..။ အရက်ဝိုင်းလည်း မဟုတ်ပါဘူး..။ အသင့်ဝိုင်းတစ်ခုကနေ တစ်ခုအပြောင်းမှာပေါ့။ ကျွန်တော် စီးသင်းနေ ချိန်မှာ ဆေးလိပ် သောက်လေ့သောက်ထမရှိပေမယ့် ဘာကြောင့်တော့

www.burmeseclassic.com



ဆေးလိပ်ကြိုက်တတ်ပါတယ်။ ကားမှတ်တိုင်မှာ ဘတ်စ်ကားစောင့်ရင်း ဆေးလိပ်သောက်ချင်စိတ် ဖြင်းဖြတာရယ်၊ ခံတွင်းချဉ်လာတာရယ်ကြောင့် အိတ်ထဲက ဆေးလိပ်ဘူးကိုထုတ် ဆေးလိပ်တစ်လိပ်ထုတ်ပြီး နှုတ်ခမ်းမှာတေ့ကာ အိပ်ကပ်ထဲက မီးခြစ်ကိုရှာတော့ ထုံးစံအတိုင်း မပါလာမှန်း သိလိုက်ပါတယ်။

ဘေးဘီဝဲယာကြည့်တော့ မှတ်တိုင်မှာ နေ့လယ်နေ့ခင်းမို့ လူက အတော်ရှင်းသည်၊ ကျွန်တော့်ကို ကျောပေးပြီး ကောင်မလေးကို စကားပြောနေတဲ့ ဂျင်းပင်အရောင်ဖျော့ဖျော့နှင့် ကောင်လေးကို...

"ညီလေး .."

ကျွန်တော့် လှမ်းခေါ်သံကို ကောင်လေးက လှမ်းမကြည့်ပါ။ ကျွန်တော် အသံနည်းနည်းမြှင့် ခေါ်လိုက်မိပါတယ်။

"အဟမ်း .. ညီလေး"

ကောင်လေးက သူ့ကိုခေါ်သည် မထင်ပုံရပါတယ်။ လုံးလုံးကို လှည့်မကြည့်ပါ။ ဒါပေမယ့် ကောင်လေးနှင့်မျက်နှာချင်းဆိုင်က ကောင်မလေးက သတိပြုမိပုံရပါသည်။ ကောင်လေးကိုကျော်ပြီး ကျွန်တော့်ကို လှမ်းကြည့်ကာ...

"ဟဲ့ .. ကျော်ကျော် .. နင့်ကို ခေါ်နေတယ်"

ကောင်လေးက လှည့်ကြည့်တော့...

"ညီလေး ကိုယ့်ကို မီးခြစ်ပါရင် ဆောလောက်"





ကျွန်တော့်စကားကြောင့် ဘေးကရှာတိတ်မလေးက 'ခစ်'ခနဲ ရယ်ပါသည်။ ကျွန်တော် မျက်မှောင်ကြုတ်မိရင်း သေချာကြည့်မိတော့ ကောင်လေးက မျက်နှာအရဲသား ပြီးတော့ ခပ်ရှုရှုအသံ...

"ကျွန်တော်က မိန်းကလေးဗျ"

အတွဲအစပ် စကားနှုန်းကြောင့် ကျွန်တော် သေချာကြည့်မိတော့ ဟုတ်တာပေါ့။ မပြင်မဆင် ပင်ကိုသဘာဝအလှနှင့် ယောကျ်ားဆန် ဆန်နဲ့ချောတဲ့ မိန်းကလေး ဖြစ်နေပါတယ်..။

"ဟာ!... ဆောရီး...ဗျ"

"ရပါတယ်"

မျက်နှာချင်းဆိုင် သေချာသတိပြုမိမှ ယောကျ်ားလေးဆန်ဆန် ဝတ်ဆင်တတ်တဲ့ မိန်းကလေး ဖြစ်နေပါတယ်။ ကျွန်တော် တော်တော့်ကို အားနာသွားမိပြီး ဆေးလိပ်လည်း မသောက်ဖြစ်တော့ပဲ အသင့်လာရပ်တဲ့ ကားတစ်စီးပေါ် တက်လိုက်မိပါတယ်။

ဘယ်လောက် အားနာမိလဲဆိုရင် အယောင်ယောင် အမှားမှား နဲ့ ကားခကို လက်ထဲက စီးကရက်ပေးမိလို့ စပယ်ယာအဟောက်ကို တောင် ခံလိုက်ရတဲ့အထိပါ။

သူလိုပဲ ကျော်ကျော်တစ်ယောက် ကားပေါ် တက်သွားတဲ့ကို ကြည့်ပြီး ဒေါသဖြစ်ရမလား .. ဘာဖြစ်ရမလဲမသိ...၊ ရင်ထဲမှာ တစ်မျိုး ဖြစ်နေပါတယ်..။



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ ခေါ်မလည်ပျက်နှာကြောင့် မသူက တဟားဟားနှင့် ရယ်ပါသည်။ သူမက မျက်စောင်းထိုးပြီး ...

"နင်က ဘာရယ်တာလဲ"

"ဟောဟော့ ရယ်မှာပေါ့..၊ ဟိုလူက နင်ဝတ်ထားတဲ့ ဒီနိုင်းကို ကြည့်ပြီး နောက်တနေ့ ယောကျ်ားလေးဝတ်ဆင်ပြီး ခေါ်နေတာကို..၊ ပြီးတော့ နင့် ရှင်းဖြတ်ပုံကလည်းကြည့်လေ .. ဗွန်တော်က မိန်းကလေး မှတ့်၊ ဟား .. ဟား .. ဟား .."

မသူက သဘောကျပြီး တဟားဟားရယ်တော့ သူမလည်း မနေနိုင်တော့ဘဲ တဟားဟား ရယ်ပါသည်။

ဟုတ်တော့ ဟုတ်ပါသည်။

သူမက အစ်ကိုသုံးယောက်ကြားမှာ နေထိုင်လာရတော့ အပြော အဆိုက ယောကျ်ားလျာတစ်ယောက် မဟုတ်ပေမယ့် ယောကျ်ား ဆန်ဆန် နေတတ်၊ ဝတ်တတ်သည်။

ဒါကြောင့် သူငယ်ချင်းအအေးသန့်က အခုလိုပြောတာပေါ့။ (ကျော် ကျော်တဲ့ .. နင်က ဘာမှမလိမ်းမချယ်ပေမယ့် ခပ်မာမာတောင့်တောင့် နဲ့ လှနေတဲ့ မိန်းကလေးတဲ့လေ)

အိမ်ရဲ့ စီးပွားရေးက သိပ်အဆင်းရဲကြီး မဟုတ်ပေမယ့် တစ်နေ့ လုပ်မှ တစ်နေ့စားရမယ့်ဘဝ..။ အစ်ကိုသုံးယောက်မှာ နှစ်ယောက်က သူ့အိမ်ထောင်နဲ့ သူတို့..။



အိမ်မှာက အမေ ရယ် .. သူရယ် .. အစ်ကိုငယ် ကိုဓမ္မာရယ်ပဲ ရှိသည်။ ကိုငယ်က နေ့စား ဆောက်လုပ်ရေးဝန်ထမ်းတစ်ယောက်..။ စပ်လွယ်လွယ် ပြောရရင် လက်သမားပေါ့..။

သူမကတော့ ရှစ်တန်းနှင့် ကျောင်းထွက်ပြီး အရင်က မုန့်တိုက် တစ်ခုမှာ အရောင်းတာဝန်ခံအဖြစ် အလုပ်မြဲခဲ့ဖူးတယ်။ ဟိုး... အရင် ကတော့ ရပ်ကွက်ထဲက အိမ်တွင်းလုပ်ငန်းလေးတွေမှာ ရသလောက်လေး အလုပ်လုပ်ခဲ့ဖူးပါတယ်..။

အခုလည်း သူငယ်ချင်းဖြစ်သူ မသူက သူတို့ Fashion Shop မှာ ဝန်ထမ်းခေါ် နေတယ်ဆိုလို့ပဲ..။

အဲဒီနေ့က အလုပ် ရခဲ့ပါတယ်..၊

♡ ဣ ❀ ဣ ♡

www.burmeseclassic.com

www.burmeseclassic.com



“ဟဲ့!… အလုပ်မသွားသေးဘူးလား”

ကိုယ်က အလုပ်သွားခါနီး ချစ်စနိုးနှင့် သူမခေါင်းကို ဖွကာ မေးတော့ သူမ ဝတ္တုဖတ်နေရာက …

“စောပါသေးတယ် ကိုယ်ရ”

ကိုယ်က ထမင်းချိုင့်တစ်ဖက်နှင့် ဖိနပ်စီးရင်း သူ့လက်ထဲက ဝတ္တုကို ကြည့်ကာ…

“ညလည်း တစ်ညလုံး ဖတ် .. အလုပ်သွားခါနီးတောင် ဝတ္တုက အဖတ်မပျက်ဘူး၊ မိကျော် .. ညည်း မျက်လုံးပျက်မယ်နော်”

ကိုယ့်စကားကြောင့် သူမက ရယ်ရင်း…

“မျက်လုံးပျက်ရင် အင်္ဂလိပ်စာဝယ်သုံးပြီး အားပြန်ဖြည့်မှာပေါ့”

သူမစကားကြောင့် ကိုယ်က ရယ်ရင်း…





“အေးပါ..၊ ညည်းကို ယယ်ကတည်းက ဝတ္တုဖတ်ဖြစ်အောင် သင်ပေးတဲ့ ငါတို့အမှားပါ”

ကိုယ်က သူမကို လက်ပြပြီး ‘လစ်ပြီ’လို့ပြောကာ ထွက်သွားပါတယ်..။ ဟုတ်တော့ ဟုတ်ပါတယ်..၊

ကိုကြီးတို့ ကိုလေးတို့ရဲ့ စာဖတ်ခြင်းအကျင့်က သူမဆီကိုပါ ယယ်ကတည်းက ကူးစက်သလို ကိုကြီးတို့နှင့်အတူ လက်ဖက်ရည်ဆိုင် အတူထိုင်တတ်ပြီး ‘ကျဆိမ့်သောက်တတ်တဲ့ခလေး’က ယနေ့အထိ အရာမယွင်းသေး။ ဒါကြောင့်လည်း မသူက သူမနှင့်အတူ လက်ဖက်ရည်ဆိုင်ထိုင်ရင်း သူမ သောက်တတ်တဲ့ လက်ဖက်ရည်ကို ကြည့်ကာ မဲ့မဲ့ရွဲ့ရွဲ့နှင့် …

“နင်မို့လို့ ဒီလောက်ခါးတဲ့ အရသာကိုကြိုက်တယ် ကျော်ချော်ရယ်”

ဘယ်ခုတွေ ဘာပဲပြောပြော သူမက ဒီခလေးတွေနှင့် အကျွမ်းဝင် နေပါသည်။

“ဟဲ့! တောင်မလေး .. ရေချိုးတော့လေ”

ကိုယ့်အတွေးနှင့်ကိုယ် မြိန်ယက်နေရာက အမေ့အသံကြောင့် သတိပြန်ဝင်လာရင်း…

“အင်းပါ .. အမေရာ”

“အင်းပါ လုပ်မနေနဲ့..၊ သူ့သူ လာခေါ် ထုံးစံအတိုင်း ကမ်းနားတာတမ်း



www.burmeseclassic.com

www.burmeseclassic.com



ဖုတ်ပူမီးတိုက်ပြီး သွားပါတော့မယ်”

သူမ အမေ့စိတ်ကိုတွေ့တော့ အမေက ထုံးစံအတိုင်းယောင်ပြီး…

“ဒီကောင်မလေး ငါ့ကို သူငယ်ချင်းများ မှတ်နေလား မသိဘူး”

ကျွန်မ သဘောကျစွာရယ်ပြီး အလုပ်သွားဖို့အတွက် ရေမိုးချိုးပြီး ဂျင်းဘောင်းဘီ ဖယ်လတ်လတ်တစ်ထည် ထုတ်၊ ရှပ်အင်္ကျီအဖြူလေးနှင့် တွဲဝတ်ပြီးထွက်လာတော့ မသူက အမေနှင့် စကားထိုင်ပြောနေရာ ဝေ့ကြည့်သည်။

အမေက ကျွန်မရဲ့ အဖြစ်အဆင်ကြောင့်…

“ဟဲ့! အလုပ်သွားတော့ ဆေးစီလေးဝတ်သွားပါလား သမီးရယ်..၊ ကြည့် – မျက်နှာက ဘယ်တော့မှ သနပ်ခါးမလိမ်းဘူး”

ကျွန်မ ခေါင်းငြိမ်နေရင်း…

“တောင်းဘီနဲ့ အလုပ်မဝင်ရဘူးလို့ အလုပ်ရှင်က မပြောထားပါဘူး အမေရယ်”

“ဒီကောင်မလေးကတော့ ဘယ်လောက်ပြောပြော မြောမရတော ကြည့်တော့ သူ့သူ့ရေ – ညည်းသူငယ်ချင်းကိုလည်း ပြောကြပါဦး တယ်”

အမေ့စကားကြောင့် မသူက ရယ်ကျဲကျဲနှင့် …

“ဒေါ်လေးသမီးက ဘာမှမပြင်မဆင်နဲ့ ချောတာ ဒေါ်လေးလဲ သိတာပဲ၊ သမီးတို့ဆိုရင် ကိုယ့်ကိုယ်ကိုယ် ကြည့်ကောင်းအောင် ပြင်ရ





ဆင်ရန်နဲ့ ပိုက်ဆံတောင်ကုန်သေးတယ်၊ မိကျော့ မျက်နှာက ဘာမှ ခြယ်မသဘဲနဲ့ ရှင်းနေတာပဲ”

“အရေးထဲ ညည်းကပါ ဝင်မြှောက်နေပြန်ပြီ..၊ ဘယ်လို ခေတ်တာလသားသမီးတွေမှန်းကို မသိပါဘူးအေ..”

အမေ စိတ်ပျက်ပျက်နှင့်ပြောပြီး နောက်ဖေးခန်းထဲ ဝင်သွားတော့ သူမတို့ သဘောကျစွာရယ်ရင်း ထမင်းဘူးလေးကိုယူကာ မသူ ထက်ကိုဆွဲပြီး ထွက်လာပါတယ်..။

မသူက လမ်းမှာ သူမဆံပင် ကုတ်ထောက်ရုံကိုကြည့်ရင်း..

“နင်မှာလဲ မိန်းကလေးနဲ့တူတဲ့ အပြင်အဆင်ဆိုလို့ ဒီဆံဝင်ပဲ ရှိတာ..၊ ဒါတောင် ယောကျ်ားပုံစံလိုလို မိန်းမပုံစံလိုလို အဲဒါကြောင့် နောက်ကနေကြည့်ပြီး ‘မီးခြစ်’က အထင်မှားတာ..”

မီးခြစ်ဆိုလို့ ဟိုတစ်နေ့ကလူကို သတိရပြီး နှစ်ယောက်သား ရယ်မိကြပါတယ်..။ အဲဒီလူကို သူမတို့ ‘မီးခြစ်’လို့ အမည် ပေးထားပါ တယ်..။

ထိုလူသာသိရင် ဘာများပြောမလဲ မသိပါဘူး..။



www.burmeseclassic.com

"မောင်မောင် ဘယ်လဲဟ"

ကျွန်တော် လက်ဖက်ရည်ဆိုင်ထဲက လှမ်းခေါ်တော့ မောင်မောင်က လက်လှမ်းပြကာ ဆိုင်ထဲကို ဝင်လာပါတယ်။ သောင်းစုက ဒီကောင့်ကို ခုံတစ်လုံး ဆွဲပေးပါတယ်။ ကချင်လေးနှင့် ကျွန်တော်တို့ ကြည့်ပြီး ...

"မင်းတို့ စာမသင်ဘူးလား"

ဒီကောင့် အပြောကြောင့် ကျွန်တော်တို့နှစ်ယောက် ရယ်မိသည်။ သောင်းစုက ဒီကောင့်လက်မောင်းကို လှမ်းထိုးပြီး...

"ဒီကောင်ကတော့ ငါတို့ကို အချိန်တိုင်း သင်နေတဲ့ကောင်မျိုး မှတ်နေလား မသိဘူး"

မောင်မောင်က ရယ်ပါသည်။





ပြီးတော့ မောင်မောင်က ကျွန်တော့်ကိုကြည့်ပြီး ...

"ကိုလေး .. ငါ ပလာဇာတစ်ခုမှာ အလုပ်ရနေပြီကွ"

လေယူလေသိမ်းခပ်ဝဲဝဲနှင့် ဒီကောင့်စကားကြောင့် ကျွန်တော့် မျက်ခုံးမြင့်တက်သွားရင်း ...

"ဟ .. ငါ့ကောင်က ဟုတ်လှချည်လား..၊ ဒါဆို ဒီနေ့အလုပ် ဝင်ရမှာပေါ့"

ဒီကောင်က ခေါင်းညိတ်ပြတော့ သောင်းစုက ...

"ဒါဆို ဒီည မင်းအလုပ်ရတဲ့ အထိမ်းအမှတ်အနေနဲ့ ..."

"မင်းတို့ ပြုစုပေါ့"

ဒီကောင့်စကားကြောင့် သုံးယောက်သား ရယ်မိကြပါတယ်..။ ဒီကောင်က မြစ်ကြီးနား ကချင်သွေးစပ်သည်။

ဒီကောင်ရဲ့ဇာတိမြေ မြစ်ကြီးနားမှာ အမေဆုံးတော့ ရန်ကုန်ကို ဆင်းလာခဲ့ပြီး ဦးလေးအိမ်မှာနေပြီး အလုပ်လုပ်ရန် ရောက်လာခဲ့သူ ဖြစ်သည်။ ဒီကောင့်အဖေက ငယ်ငယ်ကတည်းက ဆုံးပါးသွားခဲ့သူ ဖြစ်သည်။

ဒီကောင်က အနေအအေးသည်၊ သဘောဖြူပြီး ကူညီရိုင်းဝန်းချင် စိတ် ရှိပါတယ်။ ပြီးတော့ သူ့ဦးလေး ဦးလေးထော ဆိုတာလည်း ...ခဲ့ဖူးမ်းပါးတာရယ် .. ဖေဖေတို့ မေမေတို့က ရုံဖန်ရံခါ အိမ်နီးချင်း ...ထောက်ပံ့ကူညီပေးနေတာကြောင့် ဒီကောင်နှင့် ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



အချိန်တိုအတွင်းမှာ ရင်းနှီး ခင်မင်လွယ်ခဲ့ပါတယ်..။

တစ်ခုရှိတာက ကချင်လေးက အားနာတတ်တယ်။ သူ လိုအပ်နေတဲ့ တချို့ကိစ္စမှာ ကျွန်တော်က နားဝင်အောင် ရှင်းပြပြီး ငွေရေးကြေးရေး ကူညီတတ်ပါတယ်..။

"နောက်လတွေကျရင်တော့ မင်း ငါ့ကို သိပ်မကူညီရတော့ပါဘူး ကိုလေးရာ"

မောင်မောင့်စကားကြောင့် ကျွန်တော် ဒီကောင့်မျက်နှာကို ကြည့်ပြီး ခပ်ငွေ့ငွေ့ ပြုံးပြမိသည်။

"မင်းကို ငါ အမြဲတမ်းကူညီနေတာ မဟုတ်ဘူး မောင်မောင်"

ကျွန်တော့်စကားကြောင့် ဒီကောင် အားနာဟန်ဖြစ်သွားတာ ရှင်းပြမယ်လုပ်တော့ ကျွန်တော်က လက်ကာထားပြီး...

"ငါ့စကား မဆုံးသေးဘူး သူငယ်ချင်း .. မင်းကို ကူညီလိုက်လို့ ငါ့စီးပွားရေး တော်တော်ကြီး ဆုံးရှုံးသွားမယ်လို့ မင်း ထင်လား .."

သောင်းစုက ဘာမှဝင်မပြော၊ စီးကရက်တစ်လိပ်ကိုယူ၍ ထမ်းမီးသွားညှိပါတယ်။

"မင်းကိုပေးတဲ့ငွေ အနည်းအကျဉ်းဟာ တစ်လတစ်လ ငါ တစ်ခါ တလေသောက်လေ့ရှိတဲ့ ဘီယာဖိုးလောက်တောင် မရှိပါဘူး မောင်မောင်ရာ..၊ အဲဒီလို ကိုယ့်အတွက် အကျိုးမရှိတဲ့ သုံးဖြုန်းမှုနဲ့စာရင် မင်းကိုပေးလိုက်တဲ့ငွေက ငါ့အတွက် ပီတိဖြစ်စေတယ်၊ တဲ .."





ဒီကောင်က ဘာမှဆက်မပြောတော့ဘဲ ရယ်ရင်း ကျွန်တော့်ပခုံးကို ပုတ်ကာ...

"ကဲ .. ဆရာကျောင်း၊ ခင်ဗျားကို ကျုပ် ဘာမှမပြောတော့ပါဘူး အလုပ်ချိန်နီးတော့ လစ်ပြီ..၊ ညကျမှပဲ တွေ့တော့မယ်၊ သွားပြီး သောင်းစု"

ကျွန်တော်နှင့် သောင်းစု ဒီကောင့်ကို လက်ပြကာ နှုတ်ဆက်သည်။

"ဒီနေ့တော့ မင်း ရှင်းလိုက် သောင်းစု..၊ ငါလည်း လစ်ပြီ"

"နေပါဦးဟ .."

"နေလို့မရဘူး..၊ ဆရာထွန်းတို့ ပညာဒါနမှာ အတန်းချိန် တစ်ချိန် ရှိသေးတယ်"

"ဪ .. ဟုတ်သားပဲ၊ ကဲ .. သွားသွား ငါ ရှင်းလိုက်မယ်"

ကျွန်တော် သောင်းစုကို လက်ပြပြီး နာရီကိုကြည့်ကာ လစ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ .. ကျော်ကျော် ဟိုပုဂ္ဂိုလ်က တော်တော်ဖြောင့်တယ်နော်"

မသူရဲ့စကားကြောင့် ကျွန်မ ပိုက်ဆံအဝင်အထွက်စာရင်းတွေကို ဂဏန်းပေါင်းစက်နှင့် တွက်ချက်နေရာမှ မကြည့်အား။

"ပုရိသတွေကို စိတ်မဝင်စားနိုင်ပါဘူးဟယ်" –

ကျွန်မစကားကြောင့် မသူက မျက်စောင်းထိုးရင်း... –

"ငါ မပြောလိုက်ချင်ဘူး။ ပြောလိုက်ရင်တော့ တောထွက်မယ့်လေသံနဲ့"

"ဩော် .. မြို့ပေါ်က တိုက်ခန်းတွေက စျေးကြီးတာကိုးဟဲ့"

ကျွန်မရဲ့တုံ့ပြန်စကားကြောင့် ဘေးက အိအိဟာန်က ရယ်သည်။ **Fashion Shop** မှာ အလုပ်ဝင်တာ တစ်ပတ်လောက်ပဲ ရှိပေမယ့် ဆိုင်က လုပ်ဖော်ကိုင်ဖက်တွေနှင့် အမြန် ရင်းနှီးလွယ်ခဲ့ပါသည်။





ပိုင်ရှင်ဖြစ်သူ အန်တီခင်က နာရီပိုင်းလောက်ပဲ လာကြည့်တတ်ပါတယ်။ ပြီးရင် အန်တီ့တူမ မမခွေနှင့် လွှဲတာ များသည်။ မမခွေက သဘောကောင်းပြီး အေးအေးဆေးဆေးနေတတ်သူ။ အန်တီခင်က K ထုန်အမှတ်တံဆိပ်နှင့် ယောကျ်ားဝတ်ကလေးကအစ ဆိုက်မျိုးစုံ တီရှပ်တွေဖြန့်ဖြူးသူ။

လှိုင်သာယာဘက်မှာ စက်ရုံရှိသည်လို့လဲ ကြားပါတယ်။ဆိုင်ခွဲတွေက ပလာဇာသုံးလေးခုလောက်မှာ ရှိတယ်လို့ ကြားပါတယ်။ သူမတို့ကို အရောင်းတာဝန်ခံလို့ အလွယ်ခေါ်ကြတာပေါ့။ အဲဒီမနက်က မသူ ပြောတဲ့ပုဂ္ဂိုလ်ကို သူမ မကြည့်မိလိုက်ပေမယ့် ညနေစောင်း ဆိုင်သိမ်းပြီး သူမရယ် မသူနှင့် အိအိဟာန်တို့ ပလာဇာပေါ်က အဆင်း...

"အံမယ်လေး"

နောက်က တစ်ယောက်က သူမဖိနပ်ကို လှမ်းနင်းလိုက်တာကြောင့် သူမရဲ့ဖိနပ်သဲကြိုးတစ်ဖက် ပြတ်တောက်သွားသလို လူလည်း လှေကားထစ်ပေါ်က ပြုတ်ကျမသွားအောင် ဘေးက မသူနှင့် အိအိဟာန်ကို အမြန်ထိန်းလိုက်ရပါတယ်။

"ဟာ!... ဆောရီးဗျာ .. ဟို ..."

ပျာပျာသလဲ တောင်းပန်လိုက်တဲ့အသံကြောင့် ကြည့်မိတော့ တော်တော်လူရည်သန့်တဲ့ လူရွယ်တစ်ယောက်ကို တွေ့လိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်"

ပါးစပ်ဖျားကသာ ရပါတယ်လို့ အလွယ်ပြောလိုက်ခဲ့ပေမယ့် ပြုတ်သွားတဲ့ဖိနပ်ကို ငုံ့ကြည့်ရင်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ဖြစ်ခဲ့မိပါတယ်။ အိအိဟန်က အဲဒီလူကို ဒေါသနှင့် အစုလို တုံ့ပြန်လိုက်ပါတယ်..။

"ရှင် အဲဒီလောက် လောပြီးပြန်ချင်နေရင် မနက်ကတည်းက ပြန်ပါလား"

"ဗျာ!..."

လူရွယ်က ဘာမှ နားမလည်ဟန်နှင့် ခေါင်းကုတ်နေပါတယ်။

"ဟို .. ကျွန်တော့်ဖိနပ် စီးသွားပါလား"

"ဘာ!..."

အိအိဟန်က ကြုံးအော်လိုက်သည်..။ မသူက ပြဿနာကို ပြီးဆုံးချင်ဟန်နှင့် အစုလို ဝင်တားပါသည်။

"ကဲ .. ကဲ တော်ကြပါတော့ဟယ်..၊ ပလာစာပေါ် က ဖိနပ်ဆိုင်တွေလည်း ဒီအချိန်လောက်ဆို သိမ်းလောက်ပြီ..၊ ဒီအနီးအနားက ဆိုင်တွေမှာပဲ ဝယ်လိုက်တော့..၊ ရှင်က ဖိနပ် အစားပြန်ဝယ်ပေးလိုက်"

"ဖိနပ်ကို စားခိုင်းတာ မဟုတ်ဘူးနော်၊ စီးမှာ"

အရေးထဲ အိအိဟန်က နောက်သလို ဒေါသထွက်နေသလို ပြောနေတော့ ကျွန်မရှေ့က သူက မျက်နှာပျက်သွားကာ အသံတိုးတိုးနှင့်..





"ဟို .. ကျွန်တော့်မှာ ပိုက်ဆံမရှိဘူး၊ ကားခပဲ ပါလာတာ"

သူ့ရဲ့ လေယူလေသိမ်းနှင့် ပြောဟန်ကြောင့် ကျွန်မ သူ့ရဲ့ဝတ်စားဆင်ယင်မှုကိုကြည့်ပြီး သနားသွားမိပါတယ်။

သူက ဆက်ပြောပါတယ်။

"ဒီလိုလုပ်ပါလား .. ကျွန်တော် ဖိနပ်ဖိုးကို မနက်ဖြန်ကျရင် ပြန်ပေးမယ်လေ"

"ရှင်က ကျွန်မတို့ကို သိလို့လား"

အိအိဟန်ရဲ့ အမေးကြောင့် သူက ခေါင်းညိတ်ပြပြီး ...

"ကျွန်တော် ခင်ဗျားတို့ မျက်စောင်းထိုးဆိုင်မှာ အလုပ်ဝင်တာ ကြာသေးပါဘူး"

"သြော် .. ဒါဆိုရင် ရှင်က ကျော်ကျော့်ကို စာတ်လမ်းဆင်ပြီး ဝင်ရောတာပေါ့"

"ဗျာ!..."

သူက ကြောင်တောင်တောင်ဖြစ်သွားပါတယ်။

ကျွန်မက ရှက်ကိုးရှက်ကန်းနှင့် အိအိဟန်လက်မောင်းကို ဆွဲဆိတ်တော့...

"ကျွန်တော် ကိုကျော်ကျော်နဲ့ မသိပါဘူး"

သူမ ခုနက ရှက်သွားရတဲ့အဖြစ်ကို အားနာရမလိုပြုံးရသလို ရယ်လည်း ရယ်ချင်မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. ရှင်က တော်တော်ခုံးဝေးတဲ့လူပဲ၊ ကျော်ကျော်ဆိုတာ ယောကျ်ားလေး မဟုတ်ဘူး..၊ ရှင် ဖိနပ်တကာနင်းလိုက်တဲ့သူကိုပြော တာ၊ ဘယ်လိုလူမှန်း မသိဘူး"

အိအိဟန်ရှင်းပြမှ သူက ကျွန်မကို အံ့ဩဟန်နှင့် ပါးစပ်အဟောင်းသားနှင့် ကြည့်ပါသည်။

"ကဲပါ .. ဖိနပ်ဖိုး မနက်ဖြန်ပေးတော့၊ လာ ကျော်ကျော်"

အိအိဟန်က သူမလက်ကိုဆွဲကာ ထွက်လာခဲ့ပါသည်။ဖိနပ်ဆိုင် မရောက်ခင် မသူက မေးပါတယ်..။

"ဟဲ့ .. ကျော်ကျော် နင့်မှာ ဖိနပ်ဖိုးပါရဲ့လား"

သူမက သက်ပြင်းချရင်း...

"ဈေးပေါ်ပေါ် ဖိနပ်တစ်ရံဖိုးလောက်တော့ ပါလောက်မှာပါ"

"ဖြစ်သလိုပေါ့ဟာ..၊ ငါ့မှာလည်း နည်းနည်းပါ ပါတယ်..၊ အိအိ ဟန့် နင့်မှာရော .."

"မဆိုစလောက်ပေါ့ဟာ"

အိအိဟန့်အပြောကြောင့် ရယ်မိကြပါသည်။ ဆင်းရဲခြင်းဆိုတာ ရယ်စရာလို့ သဘောထားတာ ကောင်းပါရဲ့လား။

ကျွန်မ မတွေးကြည့်မိ..၊





ရင်နဲ့ကွယ် ရင်နဲ့ကာ...
သတိရခြင်း ရတနာ
မှားရည်နဲ့ ခပ်သိမ်းထားတာ
အမှတ်တရနဲ့ အမှတ်ရစွ အိပ်မက်များစွာ
သူသိဖို့ သူ့ရှိရာကို လွှတ်တင်လိုက်တယ်
တိမ်နီးတိမ်ဝေးလို့ မပျက်ပြယ်စေနဲ့...။



www.burmeseclassic.com

www.burmeseclassic.com



သဘ တိရခြင်း အမောဖောက်မှုက အိပ်မက်လို သနွေတည်ပြီ ကောင်မလေး ..၊

နူးညံ့မှုမရှိတဲ့ ခင်းရဲ့လှုပ်ရှားဟန်၊ လေပြည်မဆန်တဲ့ ရှတတ စကားသံက ငါ့အိပ်မက်ဦးကို အရွှးဖြစ်စေပြီ ထင်ပါရဲ့..၊

ဆင်းရဲတဲ့ ငါ့ဇာတာက မြေပြင်ပေါ် ချနင်းရတဲ့ ဖိနပ်တစ်ဖက်နဲ့ ကံကြမ္မာကို ရေးဖွဲ့သတဲ့။ ဘယ်လောက် ရယ်မောချင်စရာကောင်း လိုက်လည်းနော်..၊

ရင်ဘတ်ကို ထုထုပြီး ဆုံးမရင်တောင် ငါ့အိပ်မက်ထဲမှာ ပိုက်ဆံ ထုထူမရှိတော့ ရင်နာစရာတော့ ကောင်းတော့မှာ သိပ်သေချာတာ ပေါ့..။

"ဘာတွေတွေးပြီး ဘာတွေ ရယ်နေတာလဲ မောင်မောင်"





သူ့ဘေးကခုံတန်းမှာ ကိုလေး ဝင်ထိုင်လိုက်တော့ သူ လန့်သလို ဖြစ်သွားပါတယ်။ သူ့ပုံစံကိုကြည့်ပြီး ကိုလေးက ဆေးပေါ့လိပ်တစ်လိပ် ကို လှမ်းပေးရင် ကောင်းကင်ကိုကြည့်ကာ..

"စကန္တထဲက စကန္တပဲ .. လမင်းကိုကြည့်ပြီး ပြုံးနေတယ်၊ ပြီး တော့ လစာလှုံနေတယ်ဆိုတော့ .."

"လကုန်မှ လစာရမှာပေါ့ကွ"

သူ့စကားကြောင့် ကိုလေးက ခေါင်းရမ်းသည်။

လကုန်ရင်ထုတ်တဲ့ လခမဟုတ်ဘူး။ နေစာလှုံသလို ခင်း လ,စာ လှုံနေတာကို ပြောတာ တဲ့ရဲ့..၊

"ဟာ!... ရှုပ်နေတာပဲ၊ လရောင်ခံတယ်ပြောရင် ပြီးတဲ့ဟာကို"

"ထားပါတော့ .. ခင်း ညနေက အိမ်ကိုလာသွားတယ်ဆို..၊ ခုနက မေမေပြောလို့"

ကျွန်တော် ခေါင်းညိတ်ပြပြီး ...

"ခင်း ငါ့ကို ပိုက်ဆံ ခဏလှည့်ပါလား"

"မလှည့်ပါဘူးကွာ .. ပိုက်ဆံမှုးနေဦးမယ် ဘယ်လောက်လဲ"

"ဘာလုပ်ဖို့လဲ ခင်း မမေးတော့ဘူးလား"

ကိုလေး အသံထွက်အောင် ရယ်လိုက်ရင်း...

"အနီးစပ်ဆုံးပြောရရင် ကောင်မလေးတစ်ယောက်နဲ့ ပက်သက် နေလို့လား .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!... မင်းက ဘယ်လိုသိတာလဲ"

တအံ့တသြနှင့် ကျွန်တော် မေးမိတော့ ကိုလေးက အသံသြသြနှင့် ရယ်ရင်း...

"တွေ့လား အစ်လိုက်တာနဲ့ ပေါ်ပြီ..၊ မင်းလစာ အဲ .. လရောင်ခံရင်း ပြုံးနေမှတော့ ငါ့အကြောင်း စဉ်းစားနေတာ မဖြစ်နိုင်ဘူးလေ..၊ ဒီလိုအလုပ်မျိုးတွေက ကမ္ဘာဦးထဲက ရူးလာကြတဲ့ အရူး လက်ဆင့်ကမ်း သယ်လာတဲ့လူတွေမှ ဖြစ်တတ်တာကွ"

"ဘာလဲ .. ကမ္ဘာဦးထဲက ရူးလာကြတယ်ဆိုတာ"

"ဟိုကွာ .. သမ္မာကျမ်းထဲမှ ကိုဒေင်က သစ္စားသီးစားပြီး .."

"ဖန်းသီးပါကွာ .."

"အေး .. အေး မှားသွားလို့ပါ၊ အဲဒါစားပြီး အချစ်ပိုး ဦးနှောက်ထဲရောက်သွားတယ်ဆိုလား ဟား .. ဟား ..."

ဒီကောင်က ပြောရင်း သဘောကျစွာရယ်တော့ ကျွန်တော်လည်း ရှက်ကိုးရှက်ကန်းနှင့် ရယ်မိပါတယ်။ ကိုလေးက ရယ်မောနေတဲ့ ကျွန်တော့်မျက်နှာကို ပြုံးစေ့စေ့နဲ့ ငုံ့ကြည့်ရင်း...

"ဩော် .. ဒီကလေး အစွယ်ပေါက်လာပြီပဲ၊ ပြစမ်း .."

"ဟော့ကောင် .."

"ပါးစပ်ဟနိုင်းတာပါကွာ..၊ ကဲ .. လုပ်စမ်းပါဦး..၊ မင်းရဲ့ကမ္ဘာထဲက အရူးမလေးကို"





ကျွန်တော်လည်း သူ့ကို ပြန်နောက်ချင် စချင်တာကြောင့် ဒီကောင့်နာမည်ကို ခေါ်မိပါတယ်။

"ကျော့ကျော် .."

"ဘာကြီး!.."

"အဲဒါ ကောင်မလေးရဲ့အမည် ငတုံးရ"

"အမ် .. ဘယ်လိုကြီး .."

ဒီကောင့်ဖြစ်ပုံကြောင့် ကျွန်တော် ပြုံးမိပါသည်။

"ဟုတ်တယ် ကိုလေး .. သူက ငါ့တို့မျက်စောင်းထိုးဆိုင်က အရောင်းတာဝန်ခံ တစ်ယောက်ပါပဲ"

ကျွန်တော် ဖြစ်ခဲ့ပျက်ခဲ့ပုံတွေကို ကိုလေးကို ပြည့်ပြည့်စုံစုံ ပြောပြမိပါတယ်။

"အင်း .. မင်းတို့ ဖူးစာက ခွေးချေးဇော်နံ့မယ့်ကိန်းပဲ"

"ဘာလဲကွ"

"ဩော် .. ဖိနပ်နဲ့ဖာတ်မို့လို့ ပြောတာပါ၊ ဦးထုပ်နဲ့ဆို တော်သေးတာပေါ့၊ ဒါလည်း မဖြစ်နိုင်ဘူး..၊ ဦးထုပ်ဆိုတာ နဖူးပြောင်တဲ့လူတွေသာ အများဆုံး ဆောင်းနေကြတာ..၊ ဒါနဲ့ မင်း ကောင်မလေးရော နဖူးပြောင်လား"

"ဟာ!... ဘာလို့ပြောင်ရမှာလဲ"

"တစ်ခုခုတော့ ပြောင်မှာပေါ့၊ ပါးတို့ဘာတို့ ပြောပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် ရယ်စရာသက်သက် စနောက်နေတော့..

"ဒီနေ့ မင်းက ဘာဖြစ်နေတာလဲ၊ ရယ်စရာတွေပဲ ပြောနေတယ်"

"ဒီနေ့ ငါ့အကြီး ဆုံးတဲ့နေ့လေ"

"ဘာဆိုင်လဲကွ"

"ငါ့ဘကြီးက လူရွှင်တော်ကွ..၊ သူ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ရယ်စရာတွေ ပြောပေးနေတာ"

"မှတ်သားလောက်ပါတယ်"

နောက်တော့ ပိုက်ဆံထုတ်ပေးပြီး ဒီကောင် ညနဲ့ ကျွန်တော် လရောင်တို့ကို နှုတ်ဆက်ပြီး ထွက်သွားပါတယ်..၊

♡ ဣ ❀ ဣ ♡





စိတ်က စောနေတာလား..၊ ဆန္ဒပဲ ဦးဆောင်ခေါ်ခဲ့တာလား သေး..၊ ကျွန်တော် အရုဏ်လင်းကတည်းက ရေမိုးချိုး ဝီရိယအပြည့်နှင့် အလုပ်သွားရန် ပြင်ဆင်နေတော့ ကျွန်တော့်ညီမဝမ်းကွဲ ယုဝေက..

"ကိုမောင် .. အလုပ်သွားမှာ စောလှချည်လား၊ ဒီအချိန် ဘယ်လောစာမှ ဖွင့်မှာ မဟုတ်သေးဘူးနော်"

ဟုတ်တော့လည်း ဟုတ်ပါတယ်..၊ ဒီအချိန် ဘယ်လုပ်ငန်းခွင်မှ သေးမှာ မဟုတ်တာတော့ သေချာပါတယ်၊ သို့ပေမယ့် နှလုံးသားရဲ့ ဆန္ဒစောမှုက မှသားစကားကို ဆိုတတ်ခဲ့ပြီ။

"မဟုတ်ပါဘူး ယုဝေရာ..၊ ငါ သူငယ်ချင်းတစ်ယောက်နဲ့ ချိန်း ထားလို့ပါဟ"

"ဟုတ်လို့လား .. တို့အစ်ကိုတော့ အတီးအတ ထင်နေတာ..၊ အစရှိ ဒုက္ခိတဖြစ်မှန်း သိတော့တယ်"

"ဟာ!..: မဟုတ်ပါဘူးဟာ"



www.burmeseclassic.com

www.burmeseclassic.com



ရှက်ကိုးရှက်ကန်းနှင့် ခေါင်းကုတ်မိတော့…

"တွေ့လား .. တို့အစ်ကို ရှက်ရှက်နှင့် သန်းဥတွေခွဲနေပြီ"

"ဟာ!… ဒီကောင်မလေး .."

ကျွန်တော် ရှက်ရှက်နှင့် ထမင်းဘူးကို ကောက်ကိုင်ပြီး လစ်ထွက်မယ်လုပ်တော့…

"ကိုမောင် .. ကိုမောင် ယူသွားတာ ထမင်းချိုင့် မဟုတ်ဘူး၊ ရေနွေးအိုးကြီး .."

ကျွန်တော် ကယောင်ကတမ်းနှင့် လက်ထဲက ထမင်းဘူးကို ကြည့်တော့ တကယ့်ရေနွေးအိုးကြီး ဖြစ်နေတာကြောင့် ပြန်လဲရပါတယ်။ ယုဝေကတော့ မိန်းမတန်မဲ့ တဟားဟားရယ်လို့ မဆုံး..၊

ကျွန်တော် အိမ်ပေါ်က ဆင်းတော့ ဘေးခြံမှာ ပန်းပင်ရေဖျန်းနေတဲ့ ကိုလေးကိုတွေ့ပါတယ်။ ကိုလေးက မျက်မှောင်ကြုတ်ကြည့်ရင်း…

"ဟင်!… မင်း အလုပ်ပြောင်းသွားပြီလား"

ကိုလေးစကားကြောင့် ကျွန်တော် ကြောင်တောင်တောင်နှင့်…

"ဘာလို့ ပြောင်းရမှာလဲ"

ဒီကောင်က ခပ်တည်တည်နှင့်…

"သိဘူးလေ..၊ ဒီအချိန်ကြီး အလုပ်သွားမှာဆိုတော့ သိရိမင်္ဂလာဈေးမှာ ကုန်စိမ်းသွားကောက်မလို့လားလို့ မေးကြည့်တာပါ"

"ဟာ .. ခွေးကောင်"





ကျွန်တော့်ကို စမှန်းသိတော့ ကျွန်တော့်ခဲသံဆိုသံလေးနှင့် ဂုဏ်ပြုပြီး ထွက်လာခဲ့ပါတယ်။ ဟုတ်ပါရဲ့..၊ အရုဏ်ဦးကမ္ဘာရဲ့ မနက်ခင်းမှာ နှင်းတွေက အနေးတာကွက် ကချေသည်လို တရွေ့ရွေ့နိုးလာကြပါတယ်။

သူ့ချစ်ခြင်းတွေဟာ နှင်းတွေလို အေးမြနေမှာ ကျွန်တော် သိသည်။ အချစ်ဆိုတာ ဆူးငြိထားတဲ့ ဒဏ်ရာလို အဆိပ်တရိပ်ရိပ်တက်လာမှာကို ကျွန်တော် မလိုချင်ခဲ့ပါ။

ကျွန်တော် မှတ်တိုင်မှာ ဘယ်သွားလို့ ဘာလုပ်ရမှန်းမသိ။ ဟုတ်တော့ ဟုတ်ပါတယ်..၊ ဒီအချိန်ကြီး ဘယ်ပလာဇာမှ ဖွင့်မှာ မဟုတ်ပါ။

ဆိုင်ပိုင်ရှင် ကိုအောင်လတ်သာ ကျွန်တော် အခုလို အလုပ်မဆင်းမှန်းသိရင် အလုပ်သမားကောင်းဆုတောင် ပေးဦးမှာလား မသိပါ။

နောက်တော့ ကျွန်တော် ကျွန်တော့်ရှေ့ ထိုးဆိုက်လာတဲ့ ဘတ်စ်ကားပေါ် တက်လိုက်မိရင်း ပလာဇာနားက လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်း အချိန်ဖြုန်းမည်လို့ တွေးမိကာ စိတ်ဖြေလိုက်ပါတယ်..။

ဒီလိုနဲ့ ကားပေါ်မှာ အပြင်ကို ဟိုငေးဒီငေးနှင့်လိုက်ပါရင်း အမှတ်မထင် သူမကို ကျွန်တော် မြင်လိုက်ပါတယ်။

"ဟင်!…" ပါးစပ်အဟောင်းသားနှင့် ကျွန်တော် လည်ပြန် ငေးကြည့်မိပါတယ်။ ဟုတ်ပါတယ်..၊ သူမမှ သူမအစစ်ပါ။ ကိုလေးစကားရှင် ကျွန်တော့်ရဲ့ ကမ္ဘာဦးက အရူးမလေးပေါ့..။

သူမက သူ့အတွေးနှင့်သူ အိတ်လေးတစ်ဖက်ကိုကိုင်ကာ လမ်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာခဲ့တာပေါ့..။ ဒါဆို ကျွန်တော့်ရဲ့ ဆန္ဒပြင်းပြမှုတွေကြောင့် သူမကို အခုလို ဆုံတွေ့ခွင့်ရတာ ဖြစ်နိုင်ပါတယ်..။

"ဟိုးထား .. ဟိုးထား"

မှတ်တိုင်မရောက်သေးခင် အော်သံကြောင့် မနက်စောစောမို့ လူမစုံသေးတဲ့ ကျိုးတို့ကျဲတဲခရီးသည်အားလုံးက ကျွန်တော်ကို ကြည့်ကြပါတယ်။ စပယ်ယာလည်း မနက်စောစောမို့ ဘုရားရှိခိုးပြီး လာသည်လား မသိ..။ စိတ်ထား အေးချမ်းချမ်းလေးနှင့် အခုလို ပြောပါတယ်။

"မှာ!... ဒီလူ စောစောစီးစီး ကျက်သရေရှိဘာရှိ ဖွတ်ဆက်အော်နေရလား..၊ မှတ်တိုင်မဟုတ်တာ ရပ်လို့မရဘူး"

အဲ့ဒီလို သာယာနာပျော်ဖွယ်ကောင်းတဲ့ အသံဆိုးနှင့် ဆူပူပြီး ရှေ့ခပ်လှမ်းလှမ်း မှတ်တိုင်ရောက်မှ ရပ်ပေးပါတယ်။ ကျွန်တော် ဘယ်သူ့မှလည်း မဆင်းပဲ တစ်ယောက်တည်း အလုအယက် ဆင်းတော့ ကိုစပယ်ယာက...

"ဖြည်းဖြည်းလဲ ဆင်းပါဗျာ .. အဲ့သွားချွေလဲ ကျွတ်ထွက်ကုန်ဦးမယ်"

ကျွန်တော် ခပ်မြန်မြန် နောက်ပြန်လျှောက်ပြီး သူမနှင့် တွေ့ဖို့သွားပေမယ့် ခုနကနေရာရောက်တဲ့အထိ သူမရဲ့ အရိပ်အယောင်ကို လုံးဝ မတွေ့မိပါ။ ဘယ်ရောက်လို့ ဘယ်ပျောက်သွားမှန်းမသိတဲ့ သူမကြောင့် ကျွန်တော် ဝေခွဲရခက်နေပါတယ်။





နောက်တော့ လက်လျှော့ အရှုံးပေးကာ ခုနက ကားမှတ်တိုင်ဆီ လျှောက်လာရင်း အမှတ်မထင် တိတ်ဆိတ်အေးချမ်းတဲ့ လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်ကို အကြည့်မှာ ...

"ဟင်!..."

နှလုံးသားတစ်ခုလုံး ပြည့်စုံကျေနပ်စေတဲ့ ဝမ်းသာမှုတစ်ခုပါ..။ ကျွန်တော် ရှာဖွေနေတဲ့ ကမ္ဘာဦးအရူးမလေးက လက်ဖက်ရည်ဆိုင်လေးရဲ့ အစွန်းတစ်နေရာမှာ စာအုပ်တစ်အုပ်ကို စိတ်ဝင်တစား ဖတ်ရှုနေတာ ကျွန်တော် တွေ့လိုက်ပါသည်။

ကျွန်တော့်ခြေလှမ်းတွေက သူမဆီ ဦးဆောင်ခေါ်သွားပါတယ်။ ပြီးတော့ သူမရှေ့မှာ ရပ်မိတော့ သူမက မော့ကြည့်ပါတယ်..။

"ဪ .."

အဲ့ဒီအသံလေးက အသိအမှတ်ပြုတဲ့ လေယူလေသိမ်းဖြစ်တာ သေချာပါတယ်။

"ဟိုလေ .. ကျွန်တော် ထိုင်မယ်နော်"

သူမက ခေါင်းညိတ်ပြပြီး ဖတ်လက်စစာအုပ်ကို ကဒ်ထူစက္ကူလေးနှင့်ညှပ်ကာ စားပွဲထောင့်မှာ တင်ထားပါသည်။ ကျွန်တော့်အိတ်ထဲက ပိုက်ဆံကို ထုတ်ပြီး...

"မနေ့ကဝယ်တဲ့ ဖိနပ်ဖိုး ဘယ်လောက်လဲ မသိဘူး"

သူမက တန်ဖိုးကိုပြောပြတော့ ကျွန်တော် ကျသင့်ငွေကို ထုတ်



www.burmeseclassic.com

ပေးပါတယ်..။

"ကျွန်မလဲ ပိုက်ဆံမရှိလို့သာ အလျော်တောင်းရတာပါ"

ပွင့်ပွင့်လင်းလင်းပြောတတ်တဲ့ သူမစကားကြောင့် ကျွန်တော် သဘောကျစွာ ရယ်မိပါတယ်။

"ဘာလို့ ရယ်တာလဲဟင်"

"ကျွန်တော်လဲ သူငယ်ချင်းဆီက ပိုက်ဆံချေးပြီး ဆပ်ရလို့ပါ"

ကျွန်တော့်စကားကြောင့် သူမက ရယ်သည်။

"လက်ဖက်ရည်သောက်လေ..၊ ကျွန်မ တိုက်မှာပါ"

ကျွန်တော် ပြောဆိုရခက်နေပုံကြောင့်...

"ဘာဖြစ်လို့လဲ"

"ကျွန်တော်က လက်ဖက်ရည် မသောက်ဖူးဘူး"

"ရှင်!..."

မိန်းကလေးတစ်ယောက်ပေမယ့် ယောကျ်ားလေးတစ်ယောက်လို အံ့သြပြပုံက သိပ်ကိုထူးခန်းသလို ကျွန်တော့်ကိုလည်း ဆွဲဆောင်နိုင်လွန်းအားကြီးပါတယ်။

"ရှင် .. နောက်နေတာတော့ မဟုတ်ဘူးနော်"

"တကယ်ပြောတာပါဗျာ .. ကျွန်တော်က မြစ်ကြီးနားမှာ နေတာ၊ ရန်ကုန်ရောက်တာ သိပ်မကြာသေးဘူး၊ ကျွန်တော့်နာမည် မောင်မောင်"

သူမက အသိအမှတ်ပြု အပြုံးလေးကို ဖန်ဆင်းပြီး ခေါင်းညိတ်





ပြပါတယ်။

"ကျွန်မနာမည်က ခင်ထက်ထက်ကျော်..၊ သူငယ်ချင်းတွေက တော့ ကျွန်မဇီသားစုတွေခေါ်တဲ့အတိုင်း ကျော်ကျော်လို့ ခေါ်တတ်ကြပါတယ်"

"ကျော်ကျော် တစ်မျိုးတော့ တစ်မျိုးပဲနော်၊ ဟိုလေ .."

"ဘာလဲ .. နာမည်က ယောကျ်ားဆန်နေလို့လား။ ဒီလို မောင်မောင်ရဲ့ .."

သူမက ရင်းရင်းနှီးနှီးပြောတော့ ကျွန်တော် ကျေနပ်မိပါတယ်။

"ကျွန်မက အစ်ကိုတွေကြားမှာ နေလာတော့ ဝတ်တာစားတာတွေက ယောကျ်ားဆန်ဆန် ဖြစ်နေရတာပေါ့၊ ငယ်ငယ်ကတည်းက အစ်ကိုတွေက အခုလို လက်ဖက်ရည်ဆိုင် ခေါ်ခေါ်သွားတတ်တော့ အကျင့်က ပါနေပြီလေ..၊ ကျွန်မက အခုလို ဆောင်းမနက်တွေမှာ စောစောစီးစီး လက်ဖက်ရည်သောက်ရင်း စာအုပ်ဖတ်ရင်ဖတ် ဒါမှ မဟုတ် ပတ်ဝန်းကျင်ကို ငေးကြည့်ရတာ အရမ်းကြိုက်တာ"

ကျွန်တော် ကိုလေးတို့နှင့် လက်ဖက်ရည်ဆိုင် ထိုင်တတ်ပေမယ့် ဒီအောင်တွေ လက်ဖက်ရည်တိုက်တိုင်း ကျွန်တော် ငြင်းလေ့ ရှိသည်။ အရယ်တော့ မဟုတ်ဘူး သောက်လေ့သောက်ထမရှိလို့ မသောက်ချင်တာကြောင့်ပါ။

"ကျွန်တော် ကျော်ကျော်တိုက်တဲ့ လက်ဖက်ရည်ကို သောက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဖူးချင်တယ်"

သူ့မက ကျွန်တော့်ကို သေသေချာချာကြည့်ပြီး နောက်တော့ ပြုံးပါတယ်..။

"သောက်ကြည့်လေ"

"ဘယ်လို သောက်ရမှာလဲ"

သူ့အပြောကြောင့် ကျွန်မ သဘောကျစွာရယ်ရင်း..

"ပါးစပ်နဲ့သောက်လေ"

"မဟုတ်ဘူးလေ..၊ တချို့အခေါ်အဝေါ် ကျွန်တော် ကြားဖူးတယ်၊ ကျွန်တော့်သူငယ်ချင်းဆို ပေါ့ဆိမ့်ဆိုလား"

"အော် .. သိပြီ ..၊ ဒီလိုလုပ် .. ကျွန်မ လက်ဖက်ရည်ကို မြည်းကြည့်"

သူ ကျွန်မ လက်ဖက်ရည်ခွက်ကိုကြည့်ပြီး ခေါင်းညိတ်ပြပါသည်။ ပြီးတော့ တစ်ငုံယူသောက်ကြည့်ပြီး မျက်နှာရှုံ့မဲ့သွားပါသည်။

"ဟာချာ .. ချိုလိုက်တာ"

သူ့ရဲ့ဖြစ်ပျက်သွားတဲ့ မျက်နှာကြောင့် ကျွန်မ သဘောကျစွာရယ်ရင်း...

"ဒါဆို ချိုဆိမ့်ပဲသောက်"

ကျွန်မက လူတတ်ကြီးလုပ်ပြီး လက်ဖက်ရည်တစ်ခွက် လှမ်းမှာပေးပါတယ်။ ကျွန်မမှာပေးတဲ့ လက်ဖက်ရည်ကို သူ သောက်ကြည့်တော့..





"အံမယ် .. သောက်ကောင်းသားဗျာ"

သူ တော်တော်သဘောကျသွားပုံ ရပါတယ်..။

"ဒါနဲ့ ရှင်က ဘွဲ့ရပြီးသားလား"

သူက အရိုးခံမျက်နှာနှင့် ခေါင်းခါပြပါတယ်။ သူ့ရုပ်ရည်က တော်တော် သန့်ပြန့်တဲ့ရုပ်ရည် တိုင်းရင်းသားမို့ အသားကဖြူသည်။ အထူးဆန်းဆုံးက ခြေဖျားလက်ဖျားတွေက မိန်းမတစ်ယောက်ရဲ့ ခြေဖျားလက်ဖျားတွေလို နုနယ်လွန်းသည်။

"ကျွန်တော်က မြစ်ကြီးနားမှာ ဆယ်တန်းအထိပဲ နေဖူးတာ"

"မောင်မောင်က ဘာလူမျိုးလဲ ကချင်လား .."

သူက ကျွန်မကို ခေါင်းညိတ်ပြရင်း...

"ကချင်နဲ့ရှမ်း စပ်ထားတာပေါ့ အဖေကရှမ်း၊ အမေက ကချင်"

"အသက်ကရော .."

"ကျွန်တော့်အသက်က နှစ်ဆယ့်လေးပြည့်တော့မယ်"

"ဟင်-ဒါဆို ကျွန်မထက် သုံးနှစ်တောင်ကြီးတာပေါ့ ဟာ!... ဒါဆို မောင်မောင်လို့ခေါ်တာ ဘယ်ကောင်းမလဲ"

"ကျော်ကျော်က ဘယ်လိုခေါ်ချင်လို့လဲ"

ကျွန်မ အကြာကြီး စဉ်းစားမိပြီးမှ...

"ကိုလေးလို့ ခေါ်မယ်လေ"

"ကိုလေးဆိုတာ ကိုယ့်သူငယ်ချင်းနာမည်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လဲ .. ကျွန်မက ရှင့်အတွက်ပဲ ခေါ်တဲ့ဟာ"

ကျွန်မပြောဆိုပုံကြောင့် သူက သဘောကျစွာရယ်ရင်း...

"ကြိုက်သလို ခေါ်ပါဗျာ"

အဲဒီနေ့က နှစ်ယောက်အတူ ပလာဇာကို သွားတော့ မသူတို့က တအံ့တသြနှင့် ကြည့်နေကြပါတယ်။ သူတို့ဆိုင်က သူ့သူငယ်ချင်းတွေ ဘယ်လိုစနောက်ကြသည် မသိ..။ သူက ရှက်ကိုးရှက်ကန်းနှင့် ကျွန်မ ရှိရာဆီ လှမ်းကြည့်လိုက်တာကို ဖျတ်ခနဲ တွေ့မိလိုက်ပါတယ်။

မသူက ကျွန်မကို ပြောပါတယ်။

"မိန်းမနော် .. နှင့်မျက်လုံးထဲ တွေ့တွေ့နေရတယ်"

"ဘာကိုလဲ .."

မသူက ပြုံးစေ့စေ့နှင့် အခုလို ပြောပါတယ်။

"အဲဒီကောင်လေးရဲ့ ပုံရိပ်"

အိအိဟန်ကလည်း ကျွန်မနှလုံးသားကို အခုလို အားပေးပါတယ်။

"ဒါပေါ့ အစွဲအလမ်းများလို့ ဓာတ်ပုံလို ပုံရိပ်ထင်ကျန်ခဲ့တာ ဖြစ်မှာပေါ့"

ကျွန်မ မငြင်းချင်ပါဘူး..။ နောက်လာမယ့် အိပ်မက်ဦးမှာ သူ့ကို စွဲလမ်းခြင်းကြောင့် ကျွန်မ အရူးအမူးဖြစ်မှာ သေချာပါတယ်..။

♡ ღ ❦ ღ ♡





"ဟာ!... ဒါက ငါ့နာမည်ဟာကို"

ကျွန်တော်က ကျွန်တော့်ကို ကိုလေးလို့ခေါ်တဲ့အကြောင်း ဆရာတော်ကြောင်း ခေါ် ကိုလေးကို ပြောပြတော့ ကိုလေးက အခုလို ပြောခြင်းပါ..။ သောင်းစုက မုန့်တစ်ခု ကောက်ယူစားရင် ပလုတ်ပလောင်းနှင့်...

"ဒါဆိုလည်း ကိုလေးရာ မင်းလဲ တစ်ဝက်ဆိုင်မှာပေါ့"

"ဟာ .. ဒါဆို ငါ ဘယ်အပိုင်းယူရင် ကောင်းမလဲ"

"ဟာကွာ .."

မောင်မောင်က မျက်နှာနီရဲပြီး ကိုလေးလက်မောင်းကို လှမ်းထိုးပါတယ်။ ပြီးတော့ အနားက ဖြတ်လျှောက်သွားတဲ့ စားပွဲထိုးလေးကို...

"ညီလေး .. ချိုဆိမ့်တစ်ခွက်လောက်"

"ဘုရားရေ .."

သောင်းစု ဘုရားတရင်း ကျွန်တော့်ကို ပြူးတူးပြဲကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဘာမှမထူးဆန်းသလို ဟန်လုပ်ရင်း...

"ဘာဖြစ်လို့လဲ .. လက်ဖက်ရည်မှာတာ ချူကလီးယားဝယ်တာ ကျနေတာပဲ"

ကျွန်တော့်စကားကြောင့် ကိုလေးက နှုတ်ခမ်းတစ်ဖက် တွန့်ကွေးရင်း ခနဲ့တဲ့တဲ့ ပြောပါတယ်..။

"ချူကလီးယား ဝယ်တာဆိုရင် ဘယ်အံ့ဩမလဲ..၊ မင်းမှာမှ ပိုက်ဆံမရှိတာ အခုဟာက ချူကလီးယားဝယ်တာထက် ထူးဆန်းတယ်၊ ငါတို့လက်ဖက်ရည်သောက်ပါဆိုရင် လက်ဖက်ရည် မှန်းတီးရေးဆန့်ကျင်ရေးအသင်းက လာတဲ့သူများ ထင်ရအောင် ရှုံ့ချလိုက်တာ..၊ ခင်းတို့ ခါးတူးတူးအရည်ကြီးကို မင်းတို့မို့ သောက်တာတို့ ဘာတို့နဲ့ အခုကျတော့လည်း ကော္ကနဲ့ ကော္ကနဲ့ နှစ်ခုခုပဲ"

ကျွန်တော် ရှက်ကိုးရှက်ကန်းရယ်တော့ ကိုလေးက ကျွန်တော့် မျက်နှာကို သေချာစိုက်ကြည့်ရင်း...

"ငါကောင် အခုတလော အပျိုမတမ်းလေးကျနေတာပဲ၊ ရှက်ကိုး ရှက်ကန်းရယ်လိုက်တာ ငါတောင် ချစ်ချင်လာပြီ"

"ဟာကွာ .."

"သိပ်လဲ မစပါနဲ့ ကိုလေးရာ .. ဒီတစ်ခါ ထပ်ရယ်ရင်း ငါပါ ဖတ်နမ်းမိတော့မယ်"

သောင်းစုစကားကြောင့် ကိုလေးဟာဟားဟားရယ်တော့ ကျွန်





တော် ရှက်ရှက်နှင့် ဒီကောင့်လက်မောင်းကို လှမ်းထိုးမိပါတယ်။ နောက်တော့ ကိုလေးက ရုပ်တည်တည်နှင့် ပြောပါသည်။

"ပြောသာပြောရတာ မောင်မောင့်ရုပ်ရည်က ဖြင်ဆင်ပေးလိုက်ရင် မင်းသားတစ်ယောက်လို ရုပ်ထွက်လာမှာ သေချာတယ်"

"တော်ပါတော့ကွာ"

သောင်းစုကလည်း ကိုလေးစကားကို ခေါင်းညိတ်ထောက်ခံရင်း..

"ဟုတ်တယ်..၊ မင်းရှိတဲ့ အဝတ်အစားလေးနဲ့ ဝတ်လာတာတောင် မင်းရုပ် သီးသန့်ထင်ရှားနေတဲ့ယုတ်၊ သောင်းစုဆိုရင် ကြည့်ဆွဲရုပ်ရည်ကိုက ဆရာယုတ် ထွက်နေတာ"

ပထမတော့ သောင်းစုက ကော်လံတွေထောင်ပြီး သဘောတကျ တွေ့နှပ်နေပါတယ်..။

"ဒီကောင့်လို ဆရာယုတ်က ဆရာဖြစ်နေတာ"

"ဟေ့ .. ဟေ့ကောင် မင်း ဘာပြောလဲ ငါ သိတယ်နော်"

ကျွန်တော်က ရှုသိုးသိုးဖြစ်နေတဲ့ သောင်းစုကြောင့် ရယ်သည်။ ကိုလေးက ထပ်ပြောပါတယ်..။

"ဒီကောင် နှာမည်ကိုက ကြည့်ပါလား .. သိန်းဆုမပေါက်တဲ့ နာမည်က သောင်းစုတဲ့"

အဲဒီအခါမှာတော့ သောင်းစုက အမျိုးဂုဏ် ဇာတိဂုဏ်ပြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဒီနှာမည်ကို နယ်နယ်ရရ ရခဲ့တာ မဟုတ်ဘူး ငါ့ကို မွေးတော့ ..."

"ကျိုပုံးလေးလား"

"မင်းနှမ ငါက ကျိုပုံးဖြစ်ရမလား"

"ဒါဆို ဆီပုံးပဲ ဖြစ်မယ်"

"ဟော့ကောင် ဘယ်လိုဖြစ်နေတာလဲ..၊ ဆရာတဲ့ တဟီးဟီး တဟားဟားနဲ့"

"ဟာ!... ဒီအချိန်လေး နောက်ပြောင်ရတာကွ၊ အတန်းထဲမှာဆို မရယ်မပြုံးနဲ့ မျက်နှာကြောတွေ တင်းထားရတာ မျက်နှာ အတော် ညောင်းတာကွ၊ ကဲ .. ကဲ လုပ်စမ်းပါဦး မင်းနှာမည် အကြောင်း"

"အေး ငါ့ကိုမွေးတော့ ခြောက်သောင်းစုပေါက်လို့ သောင်းစု လို့ ပေးတာကွ"

"အမှန်က မင်းကို အခြောက်လို့ ပေးလည်းရတာပဲ"

"ဟာ .. ဒီကောင်တော့ ဒီနေ့ဘယ်လိုဖြစ်နေမှန်း မသိဘူး..၊ ဖြစ်မယ့်ဖြစ် မောင်မောင်က ဖြစ်ရမှာ"

"အခြောက်လား.."

ကျွန်တော့်ဘက် လှည့်လာတာကြောင့်...

"ဟော့ .. ဟော့ သောင်းစုပဲ ခြောက်ပါစေကွာ..၊ ငါ့ဘက်လှည့် မလာပါနဲ့."





ကိုလေးက တစ်ခုခု တွေးမိဟန်နှင့် အခုလို ပြောပါတယ်..။

"သောင်းစုဟာ အခြောက်ဖြစ်သွားရင် ကြည့်ကောင်းမှာပဲ..။ လုံချည်လေးကို အသာမ စွန်တောင်ဆွဲပြီး တင်ပါးလေးကော့ ခါးလေး ကောက် ညောင်နာနာအသံနှင့် ဟောဒီက တပည့်တို့ဆရာ အချော် တကောက် ..."

သောင်းစုက ဘာမပြောညာမပြောနှင့် လက်ထဲက မုန့်နှင့် ထိုလေး ပါးစပ်ထဲကို ထိုးထည့်ပါသည်။

"အေး .. အဲဒီလို မင်းပါးစပ်ကို ပိတ်မှ"

ဒါတောင် ကိုလေးက စပ်တည်တည်နှင့်...

"ဟိုမှာ မင်းသူငယ်ချင်း လာနေတယ်"

"ဘယ်မှာလဲ .."

သောင်းစုက အဟုတ်ထင်ပြီး လှည့်ကြည့်တော့ ဆိုင်ထဲ ဝင်လာတဲ့ အခြောက်တစ်ယောက်..။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က လာကတည်းက ကိုလေး ထိုင်နေတာကို မြင်တော့ ကျွန်မ လှမ်းပြုံးပြမိပါသည်။ ကြည်လင်ရှင်းသန့်တဲ့ သူ့မျက်နှာကိုမြင်တော့ ကျွန်မ ပျော်ရွှင်ကြည်နူးမိတာ အမှန်ပါ..။

"ရောက်နေတာ ကြာပြီလား"

"တစ်ဝါလောက်ပဲ ကြာဦးမယ်"

ကိုလေးက စနောက်တော့ ကျွန်မက ထိုင်ရင်း...

"နှစ်ဝါဆိုရင် အနီးကတ်နဲ့ ထွက်ရမှာနော်"

ကျွန်မက လက်ဖက်ရည်မှာမယ်လုပ်တော့ စားပွဲထိုးလေးက လက်ဖက်ရည် လာချပေးပါတယ်..။

"ဟင် .. ကိုလေး မှာထားတာလား"

ကိုလေးက ငြိမ်းငြိမ်းချမ်းချမ်းလေး ပြုံးပြရင်း..





"မိကျော် လာကတည်းက ကိုလေး မှာထားတာ"

ကိုလေးက ကျွန်မကို မိကျော်လို့ခေါ် တတ်တာ သတိပြုမိပါသည်။

"ဟို တစ်ယောက် မမြင်ပါလား"

"ဘယ်သူလဲ..၊ မသူလား .. သူ နောက်ကျမယ်လို့ ပြောတယ် သေး"

အမှန်က မသူကို ကျွန်မ တမင်မခေါ် ခဲ့တာပါ။ ဒါတောင် မသူက တော့နုပ်ဟန်နှင့် အခုလို ပြောပါသေးတယ်။ 'အခုတော့ ငါက ငြိမ်း ချမ်းပြီပေါ့လေ' သူမက တမင်ကလိချင်တာနှင့် 'ဟုတ်တယ်လို့' ပြော တော့ ဆွဲဆိတ်ခံရပါသေးတယ်။

"ဒီနေ့ မိကျော် တိုက်မှာနော်"

"မငြင်းပါဘူး၊ ကိုလေးလဲ ပိုက်ဆံနည်းနေတာ"

ကိုလေးက ပွင့်လင်းရိုးသားပါသည်။ ကိုလေးက တွေးတွေးဆဆ နှင့် ပြောပါတယ်။

"အဖေပြောသလို ငွေတွင်းက ဘယ်လောက်နက်လဲ မသိဘူး၊ အဲဒါတောင် ရှုံ့ဝင်တော့မယ် အခုထိ လက်ဖျားနဲ့ မထိသေးဘူးဆိုတဲ့ အားတော့ သိပ်မှန်တာပဲနော်"

ကိုလေးစကားကြောင့် ကျွန်မက သဘောကျစွာ ပြုံးမိပါသည်။

"ကျွန်မကို လူတစ်ယောက်က ပြောဖူးတယ်၊ လူဆိုတာ အကောင် ပိုများလေ ကိုယ့်ရဲ့ အရည်အချင်းက ပိုပြီး တိုးတက်လာလေလေတဲ့၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပဲ ခံယူထားပေါ့ ကိုလေးရယ်”

မိကျော်စကားကြောင့် ကိုလေးက သူ့ကို ပြန်ကြည့်ရင်း ...

“မိကျော် အားပေးစကားက ထိရောက်ပါတယ်၊ ကိုလေး မြစ်ကြီးနားမှာနေတုန်းက တွေ့ရာအလုပ် ရရာအလုပ်ကို လုပ်ရတယ်၊ အဖေက ကိုလေး ငယ်ငယ်ကတည်းက ဆုံးသွားခဲ့တယ် ကိုလေး အရွယ်ရောက်တော့ အမေက နာတာရှည်ရောဂါသမား..၊ အဖေဆုံးတော့ ဦးလေးက ကိုလေးကို လှမ်းခေါ်တယ်”

“ဒီလိုနဲ့ပဲ ရန်ကုန် ရောက်လာတယ်ဆိုပါတော့”

ကိုလေးက ကျွန်မကို ခေါင်းညိတ်ပြပါတယ်။

“မိကျော်ကရော ...”

“မိကျော်ဘဝက သိပ်စိတ်ဝင်စားစရာ မကောင်းပါဘူး..၊ မိကျော်က အိမ်မှာ အငယ်ဆုံး၊ အစ်ကိုအကြီးဆုံး ကိုစိုးမိုးနဲ့ အစ်ကိုလတ် ကိုအောင်မြတ်တို့က သူ့အိမ်ထောင်နဲ့သူ ကိုယ် ကိုဖေယျကတော့ လူပျိုပေါ့..၊ မိကျော်က ပညာရေးမှာ ကံမကောင်းဘူး..၊ ရှစ်တန်းနဲ့ ကျောင်းထွက်ခဲ့ရတယ်၊ နောက်တော့ ရပ်ကွက်ထဲက အိမ်တွင်းလုပ်ငန်းလေးတွေမှာ ဝင်ပြီး အလုပ်လုပ်တယ်၊ နောက်တော့ မုန့်တိုက်တစ်ခုမှာ အရောင်းတာဝန်ခံအနေနဲ့ အလုပ်ဝင်ခဲ့သေးတယ်..၊ အခုတော့ ဒီမှာပေါ့”

ကျွန်မ ကိုလေးမျက်နှာကို တစိမ့်စိမ့် ငေးကြည့်ရင်း ပြောမိပါတယ်။





ကိုလေးရဲ့ အမြစ်ကင်းတဲ့မျက်နှာ သန့်ပြန့်ကြည်လင်တဲ့ ရုပ်ရည်ကိုကြည့်ရင်း ကျွန်မ သူ့အပေါ် တစ်စစ စွဲလမ်းမိပြီဆိုတာ ,တဖြည်းဖြည်း သိနေခဲ့ပါတယ်..။

အဲဒီနေ့ကစပြီး ကိုလေးက ကျွန်မတို့လမ်းအထိ အပို့အကြို လုပ်ပေးတတ်ပါတယ်။

ပြီးတော့ တစ်ခါတစ်ရံ စိတ်လိုလက်ရရှိရင် ကျွန်မကို ညီမလေးလို့ ခေါ်တတ်ပြန်သေးတယ်..။

တကယ်တော့ အချစ်ဦးဆိုတဲ့ သူးတစ်ချောင်းက ကျွန်မ နှလုံးသားမှာ စွဲမြဲ စိုက်ဝင်နေခဲ့ပါပြီ..၊



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကျော် ဘယ်လဲ"

တပည့်ဟောင်းတစ်ယောက်က ကိုလေးကို လှမ်းနှုတ်ဆက်တော့ ကျွန်တော်က ပြန်လည် တုံ့ပြန်လိုက်ပါတယ်..။

"စာသင်ပြီးလို့ အိမ်ပြန်ရမှာပေါ့..၊ ဘယ်လိုလဲ မင်း ဘယ်မေဂျာရလဲ"

တပည့်ဟောင်းဖြစ်သူ အောင်လင်းက ကျွန်တော့်ကို သူ လက်ရှိတက်နေတဲ့ မေဂျာကို ပြောပြပါတယ်။ ကျွန်တော့်လက်ထဲက ထီးကောက်ကို အောင်လင်းကို ဆောလှမ်းပေးပြီး လုံချည်ပြင်ဝတ်ပါတယ်။

ပြီးတော့ အောင်လင်းနှင့် တပည့်ဟောင်းတွေအကြောင်းမေးပြီး နှုတ်ဆက်ကာ ကားမှတ်တိုင်ကို လျှောက်လာခဲ့ပါတယ်။





ကားမှတ်တိုင်ရောက်တော့ ကားစောင့်ရင်း ထုံးစံအတိုင်း ဆေးလိပ်သောက်ချင်တာနှင့် ထီးရိုးကြားညှပ်ပြီး ဆေးလိပ်တစ်လိပ်ထုတ်ကာ မီးညှိနေပါသည်။ ဒီကြားထဲ ကိုရွှေလေပြည်က တိုက်နေတာကြောင့် မီးက တော်တော်နှင့်ညှိမရ..။ ဒါကြောင့် လက်နှင့်ကွယ်ပြီး တစ်ဖက်ကိုလှည့် လေကိုကွယ်ကာ မီးညှိဖို့ အလုပ်...

"ဒီမှာရှင် .."

ခေါ်သံကြောင့် မီးဆက်မညှိဖြစ်ပဲ လှည့်အကြည့်...

"ဟာ .. စွတ်ဆက်မလှည့်နဲ့လေ"

ဖြစ်ပုံက တိုက်ဆိုင်မှုပါ..၊ ထီးကို ရိုးကြားညှပ်ပြီး ဆေးလိပ်မီးညှိဖို့အလှည့်မှာ ထီးကောက်ချိတ်နှင့် ကျွန်တော့်နောက်က ကောင်မလေးရဲ့ အိတ်ကြိုးနှင့်ငြိပြီး တိုးလို့တန်းလန်းဖြစ်ခဲ့ရတဲ့ တိုက်ဆိုင်မှုပါ..။

"ဆောရီးဗျာ .. မတော်တဆ .. ဟင်!..."

ကျွန်တော် ကောင်မလေးကိုကြည့်ပြီး မြင်ဖူးသလိုလို ရှိတာကြောင့် မျက်ခုံးတွန့်ပြီး အသေအချာစိုက်ကြည့်တော့ ကောင်မလေးအသည်း မျက်လုံးအဝိုင်းသားနှင့်...

"ဟင်!... ရှင် .. ရှင် .. မီးခြစ် .."

"ဘာ... ဗျာ!..."

"အဲ .. ကန်တော့ ဟိုတစ်ခါ ကျွန်မကို ယောက်ျားလေးနှင့် မှား



www.burmeseclassic.com

www.burmeseclassic.com



ခေါ်တဲ့တစ်ယောက် မဟုတ်လား"

ကျွန်တော်က ရယ်မောရင်း တိုက်ဆိုင်စွာ တွေ့ခွင့်ရပြန်တဲ့ ကောင်မလေးကို ခေါင်းညိတ်ပြပါသည်။

"ရှင်နဲ့တွေ့လိုက်ရရင်တော့ တစ်ခုမဟုတ်တစ်ခုတော့ ဖြစ်တာပဲနော်"

"ကျွန်တော့်ကိုလည်း မစချင်ဘူး၊ ဖြန့်ထားချင်တာ"

"ဘာကြီး .."

"သြော် .. ဘာအနှောင့်အယှက် အဖုအထစ် မဖြစ်အောင် ဖြန့်ထားချင်တယ် ပြောတာပါ"

သူမက အပြုံးနှင့် မျက်စောင်းထိုးပါတယ်။ မိန်းမဆန်ဆန် မျက်စောင်းတစ်ချက်ရဲ့လုပမှုက ကျွန်တော်တောင် သူ့တပည့်အဖြစ် သူ့စကားတွေကို နာခံချင်စရာ ကောင်းလောက်ပါတယ်။

"ရှင်က ဘာလဲ"

"ကျွန်တော် အလဲသည် မဟုတ်ပါဘူး"

ဒုတိယအကြိမ် မျက်စောင်းထိုးပြပါသေးတယ်။ ပြီးတော့ အ... လို ...

"ရှင်က ဘာအလုပ် လုပ်တာလဲလို့ မေးတာ"

စိတ်မရှည်ဟန် ပြောပုံလေးကြောင့် ကျွန်တော် ရှင်းရှင်းလ... လင်း ပြုံးပြရင်း...





"ကျူရှင်ဆရာ မိုင်နိမ်းအစ် ကျူရှင်ဆရာ..၊ တချို့က ဆရာချောင်းလို့ ခေါ်ကြတယ ..."

"ဆရာကြောင်"

"ဆရာကျော်ပါဗျာ .. ခင်ဗျားကရော ဘာလဲ"

ကျွန်မလည်း ပြန်စချင်နောက်ချင်တာကြောင့် အခုလို ပြောမိပါတယ်။

"ကျွန်မက မန်ချက်စတာ"

"ဘယ်လို.."

"အလကားစတာပါ"

"နောက်ဆို ပိုက်ဆံပေးပြီး စ,ဗျာ"

ကျွန်မက ရယ်ရင်း ...

"ရှင်က ကျူရှင်ဆရာထဲမှာ မျက်နှာအတော်ပြောင်တာပဲ"

"ဒါတောင် ကြွေမိတ်ကပ် မလိမ်းထားသေးဘူး"

သူမက ကျွန်တော့်စကားကို အတော်သဘောကျနေပုံ ရပါသည်။

"ကျွန်တော့် စာသင်ချိန်ဆို တဟားဟားနဲ့ ကျူရှင်ဆရာနဲ့ လူရွှင်တော် မှားသလား အောက်မေ့ရတယ်"

"ဘာဖြစ်လို့လဲ"

"ဒီလိုရှိတယ်ဗျ..၊ ကလေးတွေက စာချည်းပဲသင်ရင် ပြီးငွေ့လာ... တက်ကြတယ်၊ ဒါကြောင့် ရယ်စရာလေးတွေ ပြောပေးမှ ...ိပ်မငိုက်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဘူးပေါ့"

သူ ပြောတော့လည်း အဟုတ်သားပဲ တွေးမိပါသည်။ ဒီလူနှင့် တွေ့ရရင် ပျော်စရာကောင်းတာ အမှန်ပါ..။

"ရှင့်နာမည် ဘယ်လိုခေါ်လဲ"

"ခင်ဗျာ .. စိတ်ဝင်စားလို့လား"

"ရှင်နော် .."

သူက တဟားဟားရယ်ရင်း...

"အလကားစတာပါဗျာ..၊ ပိုက်ဆံပေးပြီး စရင်လည်း မကောင်းပြန်ဘူး။ ကျွန်တော့်နာမည် မိုးအောင်ကျော်..၊ ခင်ဗျားနာမည်ကရော.."

"အိန္ဒြာကျော်ခင်"

"ဗျာ!..."

"အိန္ဒြာကျော်ခင် မဟုတ်တဲ့ ခင်ထက်ထက်ကျော်၊ တချို့က ကျော်ကျော်လို့ ခေါ်ကြတယ်"

"ဒါဆို မင်းမော်ကွန်းပေါ့"

"ဘယ်လို .."

သူမက နားမရှင်းဟန် မေးတော့...

"မင်းမော်ကွန်းကို ကျော်ကျော်လို့ ခေါ်တတ်ကြတာပဲလေ"

"အင်း .. နောက်ဆို ရှင့်ကိုတွေ့ရင် ခပ်ဝေးဝေးက ရှောင်ရမှာပေါ့"

"ကျွန်တော်က ကုန်တင်ကားမှ မဟုတ်တာ"





"ဘယ်လို.."

"ဩော် .. ကုန်တင်ကားနောက်မှာ ဝေးဝေးကရှောင်တို့ ဘာဖြစ်တယ်တို့ ညာဖြစ်တယ်တို့ ရေးထားတာ မတွေ့ဘူးလား"

သူမက ကျောင်းဆရာဖြစ်ပြီး ရယ်စရာပြောတတ်တဲ့ မိုးအောင်ကျော်ဆိုတဲ့လူကို ခင်မင်သွားမိပါတယ်။

"ကဲ .. ကျွန်မလည်း အလုပ်သွားရဦးမယ်"

"ခင်ဗျားက ဘာအလုပ်လုပ်တာလဲ"

"ရယ်ပြတဲ့ အလုပ်လေ"

"ဘယ်လို .."

ဒီတစ်ခါတော့ မိုးအောင်ကျော်ဆိုတဲ့လူ အံ့အားသင့်သွားပုံ ရပါတယ်။

"အရောင်းစျေးသည် စျေးလာဝယ်ရင် ရယ်ပြရတယ်လေ"

ကျွန်မစကားကြောင့် ထိုလူက ရယ်သည်။

နောက်တော့ ကျွန်မက သူ့ကိုနှုတ်ဆက်ပြီး ခမ်းလမ်းလမ်းမှာ လာရပ်တဲ့ ဘတ်စ်ကားပေါ် တက်သွားပါတယ်။

ဏ ✿ ဏ



www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင် .. မင်းကို ခေါ်နေတာ ထင်တယ်"

ဆိုင်ရှင် ကိုအောင်လတ်က လှမ်းပြောတော့ ခါးပတ်တွေကို မွှေနှောက်စစ်ဆေးနေရာမှ လှမ်းကြည့်တော့ မိကျော်.. ကျွန်တော် အပေါက်ဝဆီ လျှောက်လာပြီး မိကျော်ကို မေးဆတ်ပြတော့ ...

"ကိုလေး .. ထမင်းဘူး မပါဘူးဆို .."

"အင်း .. အိပ်ရာထ နောက်ကျသွားလို့ကွ..၊ ဘာဖြစ်လို့လဲ"

ညီမလေးက နှာခေါင်းရှုံ့ပြရင်း....

"ဒါဆို ထမင်းစားချိန်ကျရင် ပလာတာရှေ့က ရှောက်သီးသုပ်တို့ တို့ဟူးသုပ်တို့ရောင်းတဲ့ဆိုင်မှာ သွားစားရအောင် စောင့်နေနော်"

"ကောင်းသားပဲ"





မိကျော် လက်ပြပြီး ထွက်သွားတော့ ကျွန်တော် ဆိုင်ထဲပြန်ဝင် လာခဲ့ပါတယ်။

ထိုင်ခုံမှာထိုင်ရင်း ကျွန်တော့်ကို လက်ပိုက်ကြည့်နေတဲ့ စည်သူ က ပြုံးစိစိ ..၊ ကိုအောင်လတ်က စာရင်းဖိုင်ကို လှမ်းရင်း...

"မောင်မောင်တို့က တယ်သွက်တယ်ဟေ့..၊ အလုပ်ဝင်တာ မကြာသေးဘူး စွံပါ့ကွာ"

"ဟာ!... ကျွန်တော်တို့က ရိုးရိုးပါ"

"သိပ်မကြာခင် ဖွန်းတပ်ခံရမှာ သေချာတယ် ကိုလတ်ရေ"

စည်သူက အဆင်းမှာ ဘီးတပ်ပေးနေပါသေးတယ်။

"ဟာ .. ဗျာ"

ကျွန်တော် ရှက်ကိုးရှက်ကန်းဖြစ်သွားပုံကြောင့် ကိုလတ်နှင့် စည်သူက ပွဲကျနေပါသည်။

ကိုလတ်က ကျွန်တော့်ကို ပြုံးစေ့စေ့နှင့်ကြည့်ရင်း...

"ပြောသာပြောရတာ .. မောင်မောင်က အခော်ချောတဲ့ကောင်ကွ"

"နေပါဗျာ"

"ဟ .. ငါ အသလွတ်မြှောက်ပေးနေတာ မဟုတ်ဘူးဟ၊ မယုံရင် စည်သူ့ကို မေးကြည့်"

စည်သူကလည်း ထောက်ခံစကား ဆိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မှောင်မှောင်..၊ ဟိုဘက်ဆိုင်က ကောင်မလေးတွေ တောင် သူတို့ကို မိတ်ဆက်ပေးဖို့ ငါ့ကို အိညှပ်အိညှပ်နဲ့ လာပြောနေ သေးတယ်"

"ဟာဗျာ .. ကျွန်တော် ဒါတွေစိတ်မဝင်စားပါဘူး"

ကိုလတ်က ရယ်ကျဲကျဲနှင့်...

"အေးပေါ့လေ .. မင်းမှာက ယောကျ်ားဆန်ဆန် ကောင်မလေး တစ်ယောက် ရှိနေတာကို"

"ဟာ .. ဗျာ .."

ကျွန်တော် ရှက်ရမ်းရမ်းပြောမိတော့ သူတို့က တဟားဟား...

"ကဲ .. အရမ်းကြီးလည်း ရှက်ပြမနေနဲ့၊ ဟိုမှာ မင်းရဲ့ဗိုင်းရပ်(စ်) လေး လာနေပါပြီ"

ကိုလတ်မေးဆတ်ပြရာ ကြည့်တော့ ဟုတ်ပါတယ်။ မိကျော်က ဆိုင်ထဲဝင်လာပါတယ်။ ကျွန်တော်က ကိုလတ်ကို ခွင့်တောင်းပါတယ်။

"ကိုလတ် .. ကျွန်တော် အောက်ဆင်းပြီး နေ့လယ်စာ သွားစား လိုက်ဦးမယ်"

"မျက်နှာစုံညီပေါ့"

ကျွန်တော် မိကျော် မမြင်အောင် ကိုလတ်ကို မျက်လုံးပြူးပြ တော့ ကိုလတ်က ဘာမင် မမြင်ချင်ယောင်ဆောင်နေပါတယ်။

"ဘာမှာစရာရှိသေးလဲ ကိုလတ်"





"သြော်... ဘာမှ မှာစရာမရှိပါဘူး။ အောက်ဆင်းရုံပဲလား၊ ဒန်းခြ တွေ ဘာတွေမရောက်ရင် ပြီးတာပဲလေ"

"ဟာဗျာ"

မိကျော်က ဘာမှမသိလို့ တော်ပါသေးသည်။

ကျွန်တော် မိကျော်ကို အတင်းခေါ်လာရပါတယ်။ ဒီလူတွေ သူ့ကိုမှ မစနောက်ရရင် မနေနိုင်တဲ့လူတွေ..၊

ကက ❦ ကက



www.burmeseclassic.com

www.burmeseclassic.com



“ ဟဲ့ .. ဘာယ်လဲ”

“ဟိုလေ ..”

မသူက မစွည်းတွေသိမ်းနေရာမှ လှမ်းမေးတော့ ကျော်ကျော် ဘာပြောလို့ပြောရမှန်း မသိ..၊

မသူက ခပ်တည်တည်နှင့် ပြောပါသည်။

“အတူပြန်မှာပေါ့၊ ဘာဖြစ်နေတာလဲ ..”

“မဟုတ်ဘူး .. ဟိုလေ ..”

“ဘာမဟုတ်တာလဲ”

မသူက ရပ်တည်တည်နှင့် ပြောနေတာ့ အိအိဟန်က ပြုံးစေ့စေ့နှင့်...

“မသူရယ် စိတ်ဒုက္ခပေးမနေပါနဲ့..၊ ကဲ .. မကျော်ကျော် ရှင် .. ရှင့်ကိုလေးနဲ့အတူ ပြန်ချင်နေတာ မဟုတ်လား”





သူမ ရှက်ကိုးရှက်ကန်းနှင့် ခေါင်းငုံ့ရယ်တော့ မသူတို့က ပေးဘား ဟား...

“ငါ့ သိသားပဲ၊ ဒီမိန်းမ ငါတို့နဲ့အတူ ပြန်ရမှာ သရဲသဘက်နဲ့ အတူ သွားရမှာထက် ကြောက်နေတာ”

“မသူရယ် ကိုယ့်ရုပ်ရည်ကို ကိုယ် မချိုးနှိမ်းပါနဲ့”

“နေပါဦး ကျော်ကျော် ..”

“မသွားသေးပါဘူး မသူရာ”

“ဟဲ့ ကောင်မလေး ငါ့ကို ပြန်မနောက်နဲ့ ငါ့ အတည်မေးမလို့”

ဝတ်ရည်က ကရုဏ်းပတ်ကိုက်နေရာမှ သူမတို့ဆီ တစ်ချက် လှမ်း ကြည့်သည်။

မမဆွေက ဖိုင်ခဲ့တွေကို ထပ်နေရာမှ လှမ်းပြောသည်။

“ကျော်ကျော် .. မမဆွေကို ဘယ်တော့စားရမှာလဲ”

ထွန်းလေညှိုး ဘာမှမသိတဲ့ပုံစံနှင့်...

“အော် မမဆွေက မနက်က ခုထိ မစားရသေးဘူးလား”

မမဆွေက မျက်စောင်းထိုးရင်း...

“အရူးလိုလို အပေါလိုလိုလုပ်မနေနဲ့ ကောင်မလေး”

မသူက သူမလက်မောင်းကို လှမ်းရိုက်ပြီး...

“နင်နဲ့ ကိုလေးက ဘာလဲ”

သူမ သက်ပြင်းချရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ဒါတို့က ရိုးရိုးပါ မသူရယ်"

"ဘာ .. လာရှိုးမနေပါနဲ့ .. နင်တို့နှစ်ယောက် ဒီလောက် သည်း သည်းလှုပ်နေတာ အားလုံး မြင်တွေ့နေရတာကို"

"အဟုတ် ဘုရားစူး .. ငါနဲ့ကိုလေးက ရိုးရိုးခင်ကြတာပါ မသူ ရယ် .. တကယ်ပြောတာ"

အိအိဟန်က မျက်နှာခပ်တည်တည်နှင့် အခုလိုပြောပါတယ်။

"နင်တို့ ငါတို့က ဒီဆိုင်ရောက်မှ ခင်ကြသိကြပေမယ့် အားလုံးက မောင်နှမစိတ်ဓာတ်နဲ့ အလုပ်လုပ်နေကြတာ၊ ကျော်ကျော် ငါ့စကားကို တစ်မျိုးတော့ မထင်စေချင်ဘူး"

သူမ အိအိဟန်ကို ငေးကြည့်မိသည်။

"ငါ ကိုလေးရဲ့စာရိတ္တကို လေးစားပါတယ်၊ ဒါပေမယ့် မိန်း ကလေးတစ်ယောက်ရဲ့ လိုက်နာရမယ့် ဥပဒေစည်းဝိုင်းထဲကနေ ကျော် ပြီး အခွင့်အရေးတွေ မပေးစေချင်ဘူး။ လွယ်လွယ်ပြောရရင် ငါ့သူငယ် ချင်းကို လွယ်လွယ် ထင်သွားစေချင်လို့ပဲ ကျော်ကျော်"

အိအိဟန်ရဲ့ စေတနာစကားကို သူမ နားလည်ပါသည်။ သူမ အိအိဟန် လက်ဝါးကို အသာဆုပ်ကိုင် ဖြုံးပြရင်း...

"နင်တို့အားလုံးရဲ့စေတနာကို ကြားရလို့ ငါ ဝမ်းသာပါတယ်ဟာ၊ စိတ်ချပါဟာ"

သူမစကားကြောင့် မသူက နှာခေါင်းရှုံ့ရင်း...





"ပြောလိုက်ရင်တော့ စိတ်ချပါ..၊ ကိုလေး မျက်နှာကိုကြည့်ပြီး သူ နေမကောင်းဘူးလား မသိဘူး ဘာညာနဲ့ စိုးရိမ်နေရတာလဲ သူပဲ၊ တကယ် ကိုလေးသေရင် သူပါ လိုက်သေမလား မသိဘူး"

"ဟာ!..."

သူမ ရှက်ကိုးရှက်ကန်းနှင့် ထမင်းချိုင့်နှင့် တိုလီမိုလီ ထည့် ထားတဲ့ခြင်းကို ယူပြီး လစ်တော့ နောက်မှာ တဟားဟား..၊

လူတွေက ပြောကုန်ကြပြီ ကိုလေး...၊



www.burmeseclassic.com

www.burmeseclassic.com



"အခုတလော ဝါ့ညီမကိုကြည့်ရတာ လှချင်ပချင်နေပုံ ရတယ်"

ကိုယ်က အလုပ်သွားခါနီး မှန်ကိုကြည့်ပြီး ခေါင်းဖြီးနေတဲ့ သူမ ကို လှမ်းကြည့်ကာ စူးစူးစမ်းစမ်း ပြောလာပါတယ်။ မေမေက ချဉ်ပေါင်ရွက် သင်နေရာမှ…

"ဟုတ်ပ့ါ ကိုဇေရေ .. မင်းညီမ အခုတလော အတော့်ကိုလှ ချင်နေတာ၊ အစတုန်းကဆို အလုပ်သွားခါနီး သနပ်ခါးလိမ်းဖို့ ပြော တာ အမောပဲ..၊ အခုတလော အလုပ်သွားခါနီး ပြင်ရဆင်ရတာ မပြီး တော့ဘူး"

"ဟာ!… ကိုယ်ဘာသာ လှချင်လို့ အလှပြင်တဲ့ဟာကို"

သူမခပ်ရှက်ရှက်နှင့် အကြောက်အကန်ငြင်းမိတော့ ကိုဇေ က ပြုံးစေ့စေ့နှင့်…





"အစကဆို အလုပ်သွားတာတောင် ဂျင်းပင်နဲ့ တီရှပ်တစ်ထည် ကောက်ဝတ်တတ်တဲ့သူက ထဘီတွေဘာတွေဝတ်လို့၊ အင်း .. တစ်ခု ခုတော့ တစ်ခုပဲ..၊ ဟဲ့ .. အငယ်မ နင် ရည်းစားရနေပြီလား"

"ဘာရည်းစားမှ မရှိပါဘူး ကိုယ်ရာ .. ဆိုင်က အန်တီက ထဘီ ဝတ်ပါဆိုလို့"

"ဟဲ့ .. နင်ပြောတော့ ဘောင်းဘီနဲ့ အလုပ်မဝင်ရဘူးလို့ အလုပ် ရှင်က အမိန့်မထုတ်ထားပါဘူးဆို၊ အမေ့သမီးတော့ ဟုတ်ကိုဟုတ်နေ ပြီ"

ကိုယ်က ပြုံးစေ့စေ့နှင့် စနေတော့ အမေက သူမကိုကြည့်ပြီး ခေါင်းတညိတ်ညိတ်နှင့်....

"အရွယ်ရောက်တော့လဲ ပညာလေးတွေ စုံပြီပေါ့၊ ဒါနဲ့ အခ ုအတော့ သမီးက အိမ်ထောင်မပြုပါဘူး၊ အမေ့ကိုပဲ လုပ်ကျွေးမယ်ဆို"

အမေကပါ ကိုယ်နှင့်ပူးပေါင်းပြီး သူမကို စနောက်နေတော့ သူမက ခေါင်းကုတ်ရင်း...

"သမီးမှာ ဘာရည်းစားမှ မရှိပါဘူးဆို"

"ချစ်သူပဲ ရှိတာပေါ့"

ကိုယ်က သူမကို ငုံ့ကြည့်ရင်း ပြောတော့…

"ကိုယ် ဘာဖြစ်နေတာလဲ"

"ဩော်… လမ်းမှာ ယောက်ဖလောင်းကိုတွေ့ရင် နေကောင်း



www.burmeseclassic.com

www.burmeseclassic.com



လား ဘာလား နှုတ်ဆက်လို့ ရတာပေါ့၊ နော် .. အမေ"

အမေက ကိုယ်ကို "မင်း ပြောရမယ့်စကားလား" လို့ ရယ်မော ရင်း ပြောနေပါသေးတယ်..။ နောက်တော့ သူမကို ရည်ရွယ်ပြီး...

"ငါ့သားသမီးတွေကို ဘယ်လိုလူနဲ့ယူရမယ်လို့ အမေ မတားချင် ဘူး၊ တစ်ခုတော့ရှိတယ် .. လူပျို့အပျိုဖြစ်ဖို့ရယ်၊ အကျင့်စာရိတ္တ ကောင်းဖို့နဲ့ အလုပ်အကိုင်တစ်ခုခုရှိရင် တော်ပြီ"

အမေ့စကားကြောင့် ကိုယ်က သူမထံ မျက်ရိပ်ပြပြီး...

"မိကျော်ရည်းစားက အလုပ်အကိုင်ကောင်းတယ် ပြောတယ် သူ့သူဌေးက သူ့ကို အရင်းအနှီးထုတ်ပေးထားတယ်တဲ့၊ သူက ထု စိုက်ပေါ့၊ ရလာတဲ့အကျိုးအမြတ်ကို တစ်ယောက်တစ်ဝက်တဲ့"

ကျွန်မ မခံချင်အောင် စနောက်နေတဲ့ ကိုယ်ကို ဘုကြည့်ကြည့် မိပါသည်။ အမေက အဟုတ်ထင်ပြီး ကိုယ့်စကားကို နားစွင့်နေပါ တယ်။ ကိုယ်က ခပ်တည်တည် ပြောနေပေမယ့် ရယ်ချင်ဟန်ရှိသည်

"ဘာအလုပ်မို့လို့လဲ"

ကိုယ်က ထမင်းချိုင့်ကို လှမ်းယူပါတယ်။ ပြီးတော့ ရယ် ချင်နေတာကို ဖုံးဖိရင်း...

"မလိမ်ရဘူး .. မခိုးရဘူးလို့ အထပ်ထပ်မှာတယ်၊ သူ ရေး လိုက်တာက တောင်းစားဖို့ ခွက်တစ်လုံး"

"ကို .. ငယ် ..."





ကျွန်မက ဘိုးနှင့်လိုက်ရိုက်တော့ ကိုယ်က ကမန်းကတမ်း ...ပ်စီးပြီး အိမ်ပေါ်က ဆင်းပြေးသွားပါတယ်။ ကျွန်မ နှုတ်ခမ်းကို ...ကိုက်ပြီး အမေ့ဘက်ကို ပြန်လှည့်တော့ အမေက ခပ်ပြုံးပြုံးနှင့်...

"ငါ့သမီးလေးက အခုလိုကျတော့ တယ်ချောပါလား"

"ဟာ!... အမေက တစ်မျိုး"

ကျွန်မ ရှက်ကိုးရှက်ကန်းနှင့် ထမင်းချိုင့်ယူဖို့ နောက်ဖေးဆောင် ...ည် ထွက်သွားတော့ အမေ့ရယ်သံကို ကြားရသည်။

အဲဒါ ရှင့်ကြောင့် ကိုလေးရယ်..၊ ရင်ထဲမှာ ရင်ခုန်သံတွေက ...ပြာတောင်ပံလို့ တဖျပ်ဖျပ်ခတ်သံတွေ ကြားနေရပါပြီ။

ချစ်ခြင်းမေတ္တာကို စတင်စိန်ခေါ်နေပြီ..၊ ကြိုးဝိုင်းထဲကို ဝင်လာ ...ချင်ဘာကြောင့် သတ္တိမရှိတာလဲ ဟင်..၊

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တော် .. ထိုင်ပါဦး"

ကျွန်တော့်ရဲ့ ရွဲ့တဲ့တဲ့စကားကြောင့် မောင်မောင်က ရယ်သည်။

ကျွန်တော့်ဘေးက ခုံတန်းမှာ ဝင်ထိုင်ရင်း အိမ်ဘက် လှမ်းကြည့်ကာ...

"ဘယ်သူမှ မရှိဘူးလား"

"ရှိတယ် .. တီဗွီကြည့်နေကြတယ်"

ကျွန်တော် စီးကရက်ဘူးကမ်းပေးလိုက်တော့ ဒီကောင် လှမ်းယူပြီး တစ်လိပ်ထုတ်ကာ မီးညှိသည်။

"ညနေက အလုပ်ကအပြန် လမ်းမှာ သောင်းစုနဲ့ တွေ့ခဲ့တယ်"

ကျွန်တော် ခေါင်းညိတ်ပြပြီး...





"ဟုတ်တယ် .. ဒီကောင်နဲ့ငါက ဆက်ရှင်ချင်း မတူဘူး၊ နေပါဦး.. မင်းအခုတလော မိုးလင်းမိုးချုပ် အလုပ်သွားတာရော အလုပ်ပြန်တာရော ဝီရိယကောင်းလှချည်လား၊ အဆင်ပြေနေပြီလား"

ထုံးစံအတိုင်း ဒီကောင်က ရှက်ပြုံးပြုံးနေပြန်ပါသည်။

"အင်း .. ပြေတယ်ရယ်လို့တော့ မဟုတ်ပါဘူး"

"မင်း စကားက ဘာစကားကြီးလဲ .. ပြေရင်ပြေတယ်ပေါ့၊ မပြေရင် မပြေဘူး"

ဒီကောင်က ခေါင်းမော့ကာ အငွေ့တွေကို မှုတ်ထုတ်ရင်း...

"ဟိုလေ .. ငါ သူ့ကို ဖွင့်ပြောဖို့ ခက်နေလို့ကွ"

မောင်မောင် ပြောပုံကြောင့် ကျွန်တော် သဘောကျကာ ဟက်ဟက်ပက်ပက်ရယ်တော့...

"မင်းက ဘာရယ်တာလဲ"

"ရယ်မှာပေါ့ .. ချစ်တယ်လို့ စကားလုံးနှစ်လုံးထဲ ပြောရမယ့်အချိန်က နှစ်စက္ကန့် သုံးစက္ကန့်ပေါ့ကွာ..၊ အဲဒါကို နာရီပေါင်းများစွာ အချိန်ကုန်ခံ တွေးကြောက်နေတဲ့ မင်းကို ငါက မရယ်လို့ ငိုပြရမှာလား..၊ အံ့ပါ့ကွာ ငါနဲ့ နေရာချင်း လဲလိုက်ချင်တယ်"

"အဲဒါဆို ထလေ"

"ဘာဖြစ်လို့ ထရမှာလဲ"

မောင်မောင်က နောက်တောက်တောက်နှင့်...



www.burmeseclassic.com

www.burmeseclassic.com



"မင်းပဲ နေရာချင်း လဲမယ်ဆို"

"ဟေ့ကောင် နောက်မနေနဲ့..၊ မင်းအစား ငါ ပြောပေးရမှာလား ဘယ်သူလဲသာ လိုက်ပြ .."

ကျွန်တော့်စကားကြောင့် မောင်မောင်က မျက်လုံးပြူးဟန်နှင့်...

"မလုပ်ပါနဲ့ သူငယ်ချင်းရာ .. မင်းပြောလို့ မင်းကို ကြိုက်သွားရင် ဘယ်လိုလုပ်မလဲ"

ဒီကောင့်ပြောပုံကြောင့် ကျွန်တော်ရယ်ရင်း ဒီကောင့်လက်မောင်းကို လှမ်းထိုးမိပါသည်။

"ကဲ .. ပြောပါဦး အခြေအနေလေး၊ ဟိုတစ်ခါ မင်းပြောတဲ့ ကောင်မလေးပဲလား"

မောင်မောင်က ကျွန်တော့်ခေါင်းကို ညိတ်ပြပါတယ်။ ညနေခင်းရဲ့ အလင်းက ကုန်စပြုနေပါပြီ။

အိမ်ပေါ်ကနေ ခြံထဲမီးကို ဖွင့်လိုက်တော့ ခြံထဲမှာ အလင်းက ပျတ္တပ်တုပ်..။

"အင်း .. ညီမလေးနဲ့ ငါက ဖွင့်မပြောကြတာ၊ တစ်ယောက်ရင်ထဲကို တစ်ယောက် မြင်နေရပါပြီ"

"သွေးသံရဲရဲနဲ့ကွာ .."

ကျွန်တော့်စကားကြောင့် မောင်မောင်က ဘုကြည့်ကြည့်သည်။

"ဟေ့ကောင် ရင်ဘတ်နဲ့ ပြောနေတာ၊ မနောက်နဲ့"





"သောက်ပိုမပြောနဲ့ .. ရင်ဘတ်နဲ့ ပြောလို့မရဘူး..၊ ပါးစပ်နဲ့ပြောမှ ရမှာ"

"တော်ပြီကွာ .. မပြောတော့ဘူး"

"မပြောချင်နေပေါ့၊ နားတောင် အေးသေးတယ်"

ကျွန်တော် ခပ်တည်တည်နှင့် ဒီကောင့်ကိုမကြည့်ဘဲ ဒူးနန့်နေတော့ ဒီကောင် မခံနိုင်...

"ဟိုလေ .. သူငယ်ချင်းကလဲ နောက်တာကို စိတ်ဆိုးလား"

"ဆိုးတယ်"

ကျွန်တော်က ဘုကလန့်ပြောတော့ ဒီကောင် မျက်မှောင်ကြုတ်ရင်း...

"နားမထောင်လဲ နေကွာ .. သောင်းစုကို လက်ဖက်ရည်တိုက်ပြီး နားထောင်ခိုင်းမယ်၊ တော်ပြီ .. ရှိုးပဲ"

ဒီကောင်က စိတ်ဆိုးဆိုးနှင့် ထထွက်တော့ ဒီကောင့်လက်ကို ဆွဲပြီး ကျွန်တော် တဟားဟား အော်ရယ်သည်။

"မင်း ပြောချင်မှန်း သိလို့ မူတာပါကွာ"

အဲဒီအခါကျမှ ဒီကောင် ပြုံးရင်း ပြန်ထိုင်ပါတယ်။

"လုပ်ပါဦး"

"ငါ ဘယ်လိုဖွင့်ပြောရမလဲ .. မင်းဆီက အကြံဉာဏ် တောင်းခံတာ ကိုလေး"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းခြံဖြစ်ဖြစ် ရုပ်ရှင်ရုံဖြစ်ဖြစ် နှစ်ယောက်အတူသွားဖို့ စည်းရုံးပေါ့ကွာ"

"ပြီးရင် .."

"ဖွင့်ပြောလိုက်လေ"

ဒီကောင် ငြိမ်သက်သွားပါတယ်..။

"သိပ်တွေဝေမနေနဲ့ သူငယ်ချင်း၊ ငါ ပြောတဲ့အတိုင်းသာ လုပ်.. တွေဝေနေသူတွေအတွက် လောကမှာ နေရာမရှိဘူး"

ဒီကောင် ကျွန်တော့်စကားကြောင့် ဆုံးဖြတ်ချက်တစ်ခု ချလိုက်ဟန်နှင့် တဖြည်းဖြည်း ပြုံးလာတယ်..၊





အချစ်ဦးရယ် ...

မမေ့လွယ်တဲ့ ဇာတ်လမ်းကြောင့်

ခပ်နွမ်းနွမ်းအသည်းတွေလည်း ပုံလွယ်ကြွေလွယ် ..

အမုန်းရဲ့အဝယ်တော်က မှာတယ် ..

ပျက်စီးတဲ့အသည်းတွေ ဈေးကောင်းပေး ဝယ်မယ်တဲ့ ..



www.burmeseclassic.com

www.burmeseclassic.com



"တဲ .. ဒီနေ့တော့ ဒီလောက်ပါပဲ.. ဟိုနေ့ကျရင် ဟိုလောက်ပေါ့ကွာ"

ကျွန်တော့်ရဲ့ အရယ်အနောက်ကြောင့် ကျောင်းသားကျောင်းသူတွေ ရယ်ကြသည်။ ကျွန်တော်က အသင်အပြမှာ ရယ်မောစရာနှင့်ကလေးတွေကို ထိန်းသည်။

ပြီးတော့ ကျွန်တော် စည်းကမ်းကြီးမှန်းလည်း သိကြပါသည်။ ကျောင်းသားကျောင်းသူတွေ အခန်းထဲက ထွက်သွားတော့ ကျောင်းသားတစ်ယောက်က...

"ဆရာကျောင်း ဆရာ့ကို ဧည့်သည်တစ်ယောက်က တွေ့ချင်လို့တဲ့"

"ဩော် .. အေး .. ဆရာ အခုပဲ ထွက်လာခဲ့မယ်လို့ ပြောလိုက်ပါကွာ"





ကျောင်းသားလေးက လက်ပိုက်ခေါင်းညိတ်ကာ ပြန်ထွက်သွားပါတယ်။ ကျွန်တော်လည်း စာအုပ်တွေကို အိတ်ထဲထည့် ဘောပင်ကို ရင်ဘတ်အိတ်ထဲထည့်ပြီး ထွက်လာခဲ့ပါတယ်။ အပြင်ရောက်တော့ ဧည့်သည်ကို ကြည့်မိတော့ ဇေယျ..။

"ဩော် ဘယ်သူများလဲလို့ လာ .. လက်ဖက်ရည်ဆိုင် သွားရအောင်"

ဇေယျကို ပခုံးဖက်ပြီး မလှမ်းမကမ်းက လက်ဖက်ရည်ဆိုင်ကို ထွက်ဖို့ပြင်ရင်း သတိရတာနှင့် ကျောင်းစာရေးလေးကို လှမ်းမှာခဲ့ပါတယ်။

"မောင်ဆင့် .. သောင်းစု လာရင် လက်ဖက်ရည်ဆိုင်လိုက်ခဲ့လို့ ဧည့်သည်ရောက်နေတယ် ပြောလိုက်ကွာ"

မောင်ဆင့်က "ဟုတ်ကဲ့"လို့ပြောပြီး ခေါင်းညိတ်ပြပါတယ်။

"သောင်းစုက အတန်းရှိလို့လား"

"မရှိဘူး .. ဒီကောင်က တခြားဆက်ရှင်တစ်ခုကို သွားပြနေတာ ပြီးရင် ဝါ့ဆီ လာလိမ့်မယ်"

ဇေယျနှင့်အတူ လက်ဖက်ရည်ဆိုင်ထဲသို့ အတူဝင်ရင်း ဇေယျက ပြောပါတယ်။

"မင်းတို့က ဒီမှာ ပင်တိုင်မဟုတ်ဘူးလား ကိုလေး"

ကျွန်တော်က လက်ဖက်ရည် ကျဆိမ့်နှစ်ခွက်နှင့် ဆေးလိပ်တစ်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



ကို လှမ်းမှာပြီး...

“အခု ဒီ ‘မင်းအိပ်မက်’ ဆိုတဲ့ စာသင်ဝိုင်းက ငါ ဦးစီးတယ် ဆိုပေမယ့် ပိုက်ဆံတတ်နိုင်သူတွေက ငါးယောက်တစ်ဖွဲ့ အိမ်မှာ ခေါ်သင်တဲ့ဝိုင်းတွေ ရှိတယ်၊ တစ်ခါတလေကျတော့လဲ တစ်ယောက် နှစ်ယောက်ပေါ့ကွာ၊ ဒါတွေက မလိမ်မညာစတမ်း ဝန်ခံရရင် ပိုက်ဆံရှာတဲ့သဘောပေါ့ကွာ...၊ ‘မင်းအိပ်မက်’ စာသင်ဝိုင်းမှာ လာတတ်တဲ့ ကလေးတွေကတော့ ပိုက်ဆံမပေးနိုင်သူတွေလဲ ပါတယ်၊ အဲဒါကတော့ ပညာဒါနသဘောမျိုးနဲ့ ပေးရင်ပေးသလောက် ယူလိုက်တယ်၊ တခြားဆရာတွေလဲ နားလည်ကြပါတယ်”

ဖေယျက ခေါင်းတညိတ်ညိတ်။ ဖေယျနှင့် ကျွန်တော်က ငါးတန်းထဲက ဆယ်တန်းအထိ တွဲလာတဲ့သူငယ်ချင်း...။ ကျွန်တော်၊ ဖေယျ၊ သောင်းစုက ပြောမနာဆိုမနာ သူငယ်ချင်းတွေ..။

ဒီကောင်က ဆယ်တန်းနှင့်ဂိတ်ဆုံးပြီး လက်သမားဝင်လုပ်နေသူ၊ ကျောင်းမှာကတည်းက ကိုးတန်းကနေ ဆယ်တန်းအထိ ဒီကောင့်ကျူရှင်ဖိုးကို ကျွန်တော်ပဲ အမြဲစိုက်ပေးခဲ့ရပါတယ်။

ဒီကောင်က အဝေးကို ငေးနေပါတယ်။ ဒီကောင့်ပုံစံကို ကျွန်တော် အကဲခတ်မိရင်း...

“မင်း ဘာဖြစ်နေတာလဲ”

“ဘာမှ မဟုတ်ပါဘူးကွာ”





ကျွန်တော် ပြုံးမိပါသည်။

“မလိမ်စမ်းပါနဲ့ ဖေယျရာ .. မင်း တစ်ခုခုဖြစ်နေတာ ငါ သိတယ်၊ ဖွင့်ဖွင့်လင်းလင်းပြော .. မင်းနဲ့ ငါတို့ကြားမှာ ထိမ်ချန်စရာ ဘာမှမလိုဘူး”

ဖေယျက ခေါင်းတညိတ်ညိတ်...

“ငါ ခုကျရောက်ပြီဆိုရင် မင်းကို ပြေးသတိရတာ အမှန်ပဲ၊ မင်းလဲ ငါ့ဝင်္ဂကို ဒိုင်ခံ ဖြေရှင်းပေးသလိုဖြစ်နေတော့ အားနာတယ် သူငယ်ချင်း”

ဒီကောင်က ကျွန်တော့်အိမ်ကိုတော့ ဘယ်တော့မှ မလာတတ်။ သူ ကျွန်တော့်ကိုတွေ့ချင်ရင် အခု စာသင်ဝိုင်းကိုပဲ လာတတ်ပါတယ်။

“အခု ငါတို့နေတဲ့အိမ်ကို သိလား”

“ဟင့်အင်း ..”

ကျွန်တော် ဒီကောင့်အိမ်ကို မရောက်ဘူး၊ အလည်မသွားခဲ့ဘူးတာတော့ အမှန်ပင်။ ဒီကောင်နေတဲ့ ရပ်ကွက်ကို ပြောပြတော့...

“ဟာ!... မင်းတို့ရပ်ကွက်ထိပ်မှာ ကျူရှင်တစ်ခုရှိတယ်”

ဖေယျက မျက်မှောင်ကြုတ်ရင်း...

“ဩော် ... ဖွင့်ထားတာ မကြာသေးဘူး၊ ဆရာထွန်းရဲ့ ကျူရှင်လား”

“အေး .. ငါ စနေ၊ တနင်္ဂနွေ ညနေခြောက်နာရီဆို သင်္ချာ တစ်ဘာသာ စာလာသင်တယ်ကွ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား .."

"အင်း .. နှစ်ပတ်၊ သုံးပတ်လောက်ပဲ ရှိသေးတယ်"

"ဒါဆို ရှမ္မးလောက်သေးပါဘူး"

ဒီကောင့်ဟာသကြောင့် ရယ်မိပါသည်။

"ကဲ .. ပြောပါဦး"

"အင်း .. ဒီလိုကွ၊ ငါတို့ငှားနေတဲ့အိမ်က စပေါ်မယူဘူးဆိုပါတော့၊ အိမ်ငှားမယ်ဆိုရင် လစ ခြောက်လစာ ပေးရတယ်၊ အခု အိမ်ရှင်က ခြောက်လပြည့်တော့ ငွေလိုနေလို့ စပေါ်တင်ရမယ် ပြောတယ်၊ ငါ စုထားတာက အိမ်ရှင်ပြောတဲ့ စပေါ်ဖိုးကို မမီဘူး ဖြစ်နေတယ်"

"အိမ်လခက ဘယ်လောက်လဲ"

ဒီကောင်က ပြောပြပါတယ်။

"စပေါ်ကရော .."

"သုံးသိန်းတဲ့..၊ ငါ့လက်ထဲမှာက နှစ်သိန်းမပြည့်တပြည့်လောက်ပဲ ရှိတယ် ကိုလေး"

ကျွန်တော် ဒီကောင့်ကို ပြုံးရင်း ပခုံးကိုပုတ်ကာ..

"ငါ့ကိုတွေ့တာ အိမ်ငှားပေးတဲ့နတ်နဲ့တွေ့သလို သဘောထား၊ စနေနေ့ကျရင် မင်း ကျူရှင်ဘေးက လက်ဖက်ရည်ဆိုင်မှာ စောင့်နေ ဟုတ်လား .."

အခုကျမှ ဒီကောင် ပြုံးနိုင် ရယ်နိုင်ပါတော့တယ်။





"ကျေးဇူးပဲကွာ .."

"အပိုတွေ ပြောနေစမ်းပါနဲ့ကွာ..၊ ဟော ... သောင်းစုတောင် လာပြီ"

သောင်းစု ခုံတစ်လုံးဆွဲယူထိုင်ရင်း..

"ဘယ်တုန်းကရောက်တာလဲ မေယျူ ဖွီး .. မောလိုက်တာ"

"ငါ .. ဒီကောင့်ဆီ .."

မေယျူက ပိုက်ဆံဆွဲတဲ့ကိစ္စပြောဖို့ ပြင်တော့..

"မဟုတ်ဘူးဟေ့ .. ဒီကောင် ဒီနားက ဆိုင်တစ်ခုကိုလာရင်း ငါတို့နဲ့ မတွေ့တာကြာလို့ဆိုပြီး သတိရလို့ ဝင်လာဝ    ကဲ့"

မေယျူက ကျွန်တော်ကို ဖျတ်ခနဲကြည့်ပြီး သောင်းစုကို ခေါင်းညိတ်ပြပါတယ်။ ကျွန်တော် ဒီကောင် အနေခက်မှာစိုးလို့ တားမိလိုက်တာပါ..၊



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော် အိမ်ပြန်ရောက်တော့ သူမရဲ့သေတ္တာကို ဖွင့်ပြီး အဝတ်အစားလဲရင်း သူမစုထားတဲ့ပိုက်ဆံကို လှန်လှောကြည့်မိတော့ ပိုက်ဆံ မရှိ..။

"ဟင်!..."

အိမ်မှာရှိတာက သုံးယောက်တည်း။ အမေလည်း ပိုက်ဆံလိုမယ်ဆိုရင် သူမကို ပြောမှာပါ။ ကိုယ်လည်း နို့ဗူးကတော့အကျင့် မရှိ။ သူမ အဝတ်အစားလဲပြီး မီးဖိုချောင်ဘက်ဝင်ကာ ဟင်းချက်ဖို့ ကန့်စွန်း ရွက်သင်နေတဲ့ အမေ့ဘေးမှာ ဝင်ထိုင်ရင်း မေးမိပါသည်။

"အမေ .. သမီးသေတ္တာထဲက ပိုက်ဆံ ယူသေးလား"

"မယူပါဘူး သမီးရယ် .. သမီး အထားမှားလို့လား။ ဘယ်လောက် တောင်လဲ သမီး"

"သိပ်မများပါဘူး။ နှစ်သောင်းကျော်ကျော်တော့ ရှိမယ်ထင်တယ်"

"သမီး အစ်ကိုလာရင် မေးကြည့်လေ"





"ဟုတ်ကဲ့ အမေ"

ကျွန်မ အမေ့နှင့်အတူတူ ချက်ပြုတ်ပေးပြီး ရေမိုးချိုးပါတယ်။

"ဆာပြီဟေ့ .. မိကျော် ဒီနေ့ တယ်စောပါလား"

ကိုယ်အတွက် ကျွန်မ ရေတစ်ခွက်ခပ်ပေးရင်း အလုပ်က ပြန် ရောက်ရောက်ချင်း ပြောသင့်မပြောသင့် စဉ်းစားနေတော့ ကိုယ်က မျက်မှောင်ကြုတ်ကြည့်ရင်း..

"နင် ဘာမေးချင်လို့လဲ .. နင့်ပိုက်ဆံကိစ္စလား"

ကျွန်မ ခေါင်းညိတ်ပြရင်း...

"ဟိုလေ .. ကိုယ် အသုံးလိုရင် ယူထားလိုက်လို့ ပြောမလို့ပါ"

ကိုယ်က သူမခေါင်းကို ဆွဲဖွရင်း ရေခွက်ကို ပြန်ပေးကာ..

"အေး .. နင်နဲ့အမေတောင် ငါပြောမလို့၊ လူစုံမှပဲပြောတော့ မယ်လို့ စဉ်းစားမိလို့"

အမေက ကိုယ်ဘေးမှာ ဝင်ထိုင်ပါတယ်။ ပြီးတော့...

"ဘာတွေဖြစ်လို့လဲ သား"

"မနေ့ညနေက ကျွန်တော်အလုပ်ပြန်တော့ ဒီအိမ်ရှင် ကိုသောင်း မိန်းက လှမ်းခေါ်တယ်"

အမေနှင့်မိကျော်က ကိုယ်ပြောမယ့်စကားကို နားစွင့်မိပါတယ်။ ကိုယ်က အဆီပြန်နေတဲ့မျက်နှာကို အင်္ကျီလက်ခောင်းသာနှင့် ပွတ် သပ်လုပ်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"သူတို့အခက်အခဲရှိလို့ လာမယ်လကစပြီး စပေါ်တင်ရမယ်တဲ့၊ အဲဒါ ကျွန်တော်တို့ မတင်နိုင်ဘူးဆိုရင် တစ်လစွာပြီး အိမ်ထပ်ရှာဖို့ ပြောတာပါ"

"ခုက္ခပါပဲ သားရယ် .."

အမေ့မျက်နှာ အိုစာသွားသလို ကျွန်မ စိတ်အတော်ပျက်သွားခဲ့ပါတယ်။ ပြီးခဲ့တဲ့ နှစ်လက အမေ နေမကောင်းတော့ ကိုယ် ပိုက်ဆံ အတော်ကုန်လိုက်သေးတယ်။

"ဘယ်လိုလုပ်ကြမလဲ ကိုယ် .."

စိတ်ပျက်သံနှင့် ပြောမိတော့ ကိုယ်က အားပေးအပြုံးနှင့် အခုလို ပြောပါတယ်။

"ဒါ နင့်သေတ္တာထဲ ဝင်ရှာကြည့်တော့ ပိုက်ဆံက နှစ်သောင်းကျော်ကျော် တွေ့တယ်"

"ကိုယ့်မှာရော .."

"ဒါလက်ထဲမှာလား အခုလို ကြုံဖြစ်မှာစိုးလို့ စုထားတာ တစ်သိန်းကျော်ကျော် ရှိတယ်..၊ နင့်ပိုက်ဆံနဲ့ ပေါင်းလိုက်တော့ တစ်သိန်းခွဲတောင် မပြည့်ချင်ဘူး..၊ ဒါဆိုဒီတာဝန်စံကို ကြိုငွေထုတ်တော့ ငါးသောင်းလောက် ရတယ်ဟ"

"ကိုယ်ရယ် .. တစ်သိန်းလောက် ပိုက်ဆံကို ဘယ်လိုထပ်ရှာမလဲ၊ ပိုက်ဆံက မနည်းဘူး .. ခုက္ခပါပဲ"





ကျွန်မ သက်ပြင်းချရင်း စိတ်ပျက်ပျက်နှင့်ပြောမိတော့..

"စိတ်မပူပါနဲ့ ညီမလေးရယ် ..' နင် မနက်ဖြန်ညနေ ငါးနာရီကျော်လောက် အိမ်ပြန်ရောက်နိုင်လား"

ကျွန်မခေါင်းညိတ်ပြရော့ ကိုယ်က ဆက်ပြောပါတယ်။

"ငါပြောမယ်၊ လမ်းထိပ်က ဆရာဝွန်ကျူရှင်ကို နင် သိတယ်နော်"

"အင်း .. သိတယ်"

"ငါက မနက်ဖြန် ဆိုဒ်ထဲမှာအိပ်ရမှာ၊ အလုပ်က အပ်မိန့်ပြီဆိုတော့ နေ့ရိုင်းညဆိုင်းလုပ်ရဖို့ဖြစ်လာပြီ နင် အိမ်ပြန်ရောက်ရင်ပဲဖြစ်ဖြစ် အလုပ်ကအပြန်ပဲဖြစ်ဖြစ် ခြောက်နာရီမထိုးခင် အဲဒီကျူရှင် သွား၊ ဆရာကျောင်းမှာလို့ မေးလိုက်၊ နင့်ကို သူ အခုလိုနေတဲ့ ပိုက်ဆံကိုပေးလိမ့်မယ်"

"ဘယ်လို .."

ကျွန်မ အံ့သြဟန်နှင့်မေးမိတော့ ကိုယ်က မျက်မှောင်ကြုတ်ရင်း..

"ဘာလဲ .. နင်က ရှက်လို့လား"

"ဟာ!... မဟုတ်ပါဘူး .. ဒီလောက်ပိုက်ဆံကို သူကပေးတော့ အတိုးနဲ့လား"

ကျွန်မအမေးကြောင့် ကိုယ်က ရယ်ကာ...

"မဟုတ်ပါဘူးဟာ..၊ ပိုက်ဆံပြန်ပေးရင်တောင် ဒီကောင်က ယူမှာ မဟုတ်ဘူး၊ အမေ သိလားမသိဘူး အမေ့ဆေးခန်း ကျွန်တော် ပို့ထိပ်ဖို့တော့ ဆေးခန်းနားမှာ တွေ့တဲ့ တစ်ယောက်လေ



www.burmeseclassic.com

www.burmeseclassic.com



အမေက မျက်မှောင်ကြုတ် စဉ်းစားနေရင်းက...

"ဪ ... အမေ့အတွက်တောင် ဆေးခန်းနားက မုန့်ဆိုင်က ဓာတ်စာဆိုပြီး ဝယ်ပေးတဲ့ ကလေးလား"

ကိုယ်က ခေါင်းညိတ်ပြပါတယ်။

"ဟုတ်တယ် အမေ။ ဒီကောင်နဲ့ကျွန်တော်နဲ့ ငါးတန်းထဲက အတူ တက်လာတာ၊ ဒီကောင့်မိသားစုက အစကတည်းက ပိုက်ဆံရှိတယ်"

"ဪ ... ကိုယ်ပြောပြနေတဲ့ ကိုးတန်းကနေ ဆယ်တန်းအထိ ကျူရှင်ထားပေးခဲ့တဲ့ တစ်ယောက်လား"

ကျွန်မ ကိုယ် ပြောပြဖူးတာကို သတိရလို့ မေးကြည့်တော့ ကိုယ်က ခေါင်းညိတ်ရင်း...

"ဟုတ်တယ်ဟ..၊ အဲဒီတုန်းက ဒီကောင့်အိမ်က ငါ့အတွက် စားအိမ်သောက်အိမ်ပဲ၊ သူ့အဖေနဲ့ အမေကလဲ ငါတို့ဆို သူ့သားလိုပဲ တန်းတူဆက်ဆံတာ..။ စိတ်သဘောလဲ ကောင်းမှကောင်း..၊ စေတနာ ကူညီလွန်းလို့ အားနာပြီး ငါ မသွားတာ"

"မောင်မင်းကြီးသား အသက်ရှည်ပါစေကွယ်၊ လိုအင်ဆန္ဒတွေလဲ ပြည့်စုံပါစေကွယ်"

အမေက ကိုယ့်သူငယ်ချင်းကို ဆုတောင်းတွေ တသီကြီး ပေးနေပါတယ်။ ကျွန်မလည်း မမြင်ဘူးတဲ့ ထိုလူကို ကျေးဇူးတင်နေမိပါသည်။

♡ ❦ ❦ ♡





နောက်တစ်ရက် ကိုလေးက လမ်းထိပ်ကို လိုက်ပို့မယ်လို့ ပြောပါတယ်။

"လိုက်မပို့နဲ့တော့ ကိုလေး..၊ ညီမလေး ဝင်စရာရှိလို့"

ကိုလေးက ခေါင်းညိတ်ပြရင်း ကားမှတ်တိုင်အထိ လိုက်ပို့ပါတယ်။ ကားမှတ်တိုင် ရောက်တော့...

"ညီမလေးကို ကိုလေး ပြောစရာရှိလို့"

"ပြောလေ ..."

ကျွန်မ ကိုလေးကိုကြည့်တော့ ကိုလေးက ကျွန်မကို ရင်ဆိုင် ကြည့်ရဲ့တဲ့ ရှက်ကိုးရှက်ကန်းဖြစ်တော့ ကျွန်မ တစ်ခုခုကို ရိပ်စားမိ ထိပ်ပါတယ်..။

"ပြောလေ ... ကိုလေး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရင်ထဲလည်း တဒိတ်ဒိတ်နှင့်ပါ..။

"လာမယ့် တနင်္ဂနွေပိတ်ရက်ကျရင် ညီမလေး အားလား"

"ဘာဖြစ်လို့လဲဟင်.."

"ဟိုလေ ..."

ကိုလေးက ခေါင်းကုတ်ရင်း ပြောဖို့တန့်နေပါတယ်။ ကျွန်မ စီးရမယ့်ကားကလည်း မှတ်တိုင်ဆီကို ဦးတည်နေပါတယ်။

"ကားလာပြီ"

ကျွန်မရဲ့သတိပေးသံကြောင့် ကိုလေး ဆတ်ခနဲ ဖြစ်သွားပြီး ကားဆီကို လှမ်းကြည့်ပါတယ်..။

"ဟိုလေ အဲဒီနေ့ကျရင် ရုပ်ရှင်သွားကြည့်မလို့ ကိုလေး ဟိုဆိုင်လေးကပဲ ရှစ်နာရီလောက် စောင့်နေမယ်"

ကိုလေးကပြောပြီး လစ်ခနဲထွက်သွားတော့ ကျွန်မ ကိုလေးကို ကြည့်ကာ ရယ်ချင်လာမိပါသည်။ ကျွန်မလည်း စီးရမယ့် ဘတ်စ်ကား လာရပ်တော့ ကားပေါ် တက်ပါသည်။ ကားစီးရင်း ကိုယ်ပြောတဲ့ ကိစ္စကို သတိရမိတာကြောင့် ကားပေါ်ကဆင်းတော့ ဆရာထွန်းတို့ ကျူရှင်ဘက်ကို ဦးတည်လိုက်ပါတယ်။

လက်ကနာရီကိုကြည့်တော့ ညနေငါးနာရီခွဲစွန်းစ ကျွန်မကျူရှင် ရှေ့ရောက်တော့ ကျူရှင်ရှေ့မှာ အသိတွေ့လိုတွေ့ငြား ရှာကြည့်တော့ အိမ်ဘေးက မွှေးမွှေးနှင့် စန္ဒာကို တွေ့မိသည်။ စန္ဒာက ပြုံးရင်း...





"မမကျော့ .. ပြန်လာပြီလား"

"အေး .. ဘာလဲ .. နှင်တို့ ဒီမှာ တက်နေတာလား"

မွှေးမွှေးနဲ့ စန္ဒာက ခေါင်းညိတ်ပြပါတယ်။

"နှင်တို့ကျူရှင်မှာ ဆရာကျော်ဆိုတဲ့ ဆရာတစ်ယောက် ရှိလား"

ကျွန်မ အမေးကြောင့် မွှေးမွှေးက ...

"ရှိတယ် မမကျော့၊ သမီးတို့ ခြောက်နာရီဆို ဆရာကျော်နဲ့ သင်ရမှာ၊ ဘာဖြစ်လို့လဲ မမကျော့ .."

"အခု သမီးတို့ဆရာ ရှိလား"

"ရောက်နေပြီ မမ .."

"မမကို ခေါ်ပေးလို့ ရမလား"

ကျွန်မစကားကြောင့် မွှေးမွှေးနဲ့စန္ဒာက တဟီဟီနဲ့ ရယ်ကြတော့..

"ဟဲ့ .. ဘာရယ်တာလဲ"

ကျွန်မက သူမတို့နှစ်ယောက်ခေါင်းကို ခေါက်ရင်း မျက်စောင်းထိုးပြီး ပြောတော့ ...

"ဟိုလေ .. မမကျော့နဲ့ ဆရာကျော် ဟီ..ဟီ.."

စန္ဒာ့စကားကြောင့် ...

"ဟဲ့ .. တော်ကြတော့၊ ဘာမှမဟုတ်ကြဘူး။ ကိုယ့်သူငယ်ချင်း ထဲ့ ထိစရှိလို့ လာတာ.."

"ဟုတ်လို့လား။ ဆရာကျော်ကလဲ ချောမှချော၊ ဆရာကျော်



www.burmeseclassic.com

www.burmeseclassic.com



ကို ကြိုက်နေသူတွေက အများကြီး၊ မမကျော့်နဲ့ဆို ရှေ့သွားနောက်လိုက် ညီတယ်၊ သမီးတို့တော့ သဘောတူတယ်"

"ဟာ!... ဒီကောင်မလေးတွေ ပြောလေဆိုးလေပဲ၊ ကဲ .. ကဲ .. သွားခေါ် ပေးပါဆို .."

စန္ဒာက ခေါင်းညိတ်ပြီး ကျောင်းခန်းထဲ ဝင်သွားပါတယ်။ ကျွန်မက မွှေးမွှေးနဲ့ စကားပြောနေကြရင်း ...

"မမကျော့် .."

စန္ဒာ့ခေါ်သံကြောင့် လှည့်ကြည့်တော့ လူရွယ်တစ်ယောက်၊ ထိုလူက ကျွန်တော့်ကို မျက်မှောင်ကြုတ်ကာ စိုက်ကြည့်နေပါသည်။ ကျွန်မလည်း သူ့ကိုကြည့်ရင်း...

"ဟင်!... မီးခြစ်"

"ခင်ဗျာ .."

နှစ်ယောက်သား ပြုံးမိကြရင်း...

"ရှင်က ဆရာကျောင်းကို..."

သူက ခေါင်းညိတ်ပြပါတယ်။

"ကျွန်မ ကိုဖေယျရဲ့ညီမပါ၊ ကိုယ် လွှတ်လိုက်လို့"

သူက အားနာဟန်နှင့်...

"ဟာ!... ဒီကောင် ကိုယ်တိုင်တော့ မလာဘူး"

သူမက အားနာနေတဲ့သူ့ကို ပြုံးမိရင်း...





"ရပါတယ်၊ ကိုယ်က ဆိုဒ်ရှိလို့ မီးကျော့်ကို လွှတ်လိုက်တာ"

သူက မွှေးမွှေးနှင့် စန္ဒာကို ကြည့်ရင်း လက်ကနာရီကို ကြည့်ဆည်း...

"လက်ဖက်ရည်ဆိုင်သွားရအောင် .. ခင်ဗျား ထိုင်လို့ဖြစ်လား"

သူ့စကားကြောင့် စန္ဒာက ရယ်ရင်း...

"ဆရာကလဲ မမကျော့်က လက်ဖက်ရည်သမား"

သူက မျက်ခုံးမြှင့်တက်သွားရင်း သူမကို ပြုံးစေစေနှင့်ကြည့်ဆည်း၊ ပြီးတော့...

"ကဲ... သွားရအောင်"

ကျွန်မနှင့်အတူ လက်ဖက်ရည်ဆိုင်ဝင်ရင်း စားပွဲထိုးလေးက...

"ဆရာကျောင်းအတွက် တစ်ခွက်..၊ မမကျော့် ကျဆိမ့်ပဲလား"

သူမက ခေါင်းညိတ်ပြတော့ ကောင်လေးက လှမ်းအော် မှာလိုက်တယ်။

"ရော့ .. ဖေယျကို ပေးလိုက်ပါ"

သူက ဘာရည်ရွယ်ချက်မှ မညွှန်းဘဲပြောပြီး ပေးပါတယ်။ ကျွန်မက လှမ်းယူရင်း...

"ဆရာ့ကို ကျွန်မ ကျေးဇူးတင်ပါတယ်"

"ကျွန်တော်နှင့် ဖေယျကြားမှာ ဘာမှမရှိဘူး မကျော့်ကျော့်"

"ကျော့်ကျော့်လို့ပဲ ခေါ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျွန်တော့်ကို ဆရာလို့ မခေါ်နဲ့လေ"

ကျွန်မ သဘောကျစွာ ပြုံးမိရင်း...

"ဟုတ်ကဲ့ .. ကိုမိုး"

"ခင်ဗျား မှတ်မိလွယ်သားပဲ"

ကျွန်မ ချက်ခုံးဆတ်ပြရင်း...


"ဘာကိုလဲ ကိုမိုး"

"ကျွန်တော့်နာမည်ကို သတိရပေးတဲ့အတွက်ပါ"

နောက်တော့ သူ စာသင်ရမှာသိတာကြောင့် ကျွန်မ နှုတ်ဆက်ပြီး လက်ဖက်ရည် အမြန်သောက်ပြီး နှုတ်ဆက်ကာ ပြန်လာခဲ့ပါတယ်။










www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေလား ညီမလေး"

ကိုယ်က ရောက်ရောက်ချင်း မေးတော့..

"ပြေပါတယ် ကိုယ် .. ပိုက်ဆံ အမေ့ကိုပေးထားတယ်"

ကိုယ်က အညှောင်းပြေအောင် ခေါင်းနှစ်ချက် ရိုးသည်။

"ကိုယ် ဘာစားပြီးပြီလဲ..၊ မိကျော် ထမင်းကြော်ထားတယ်

"စားမယ် .. ရေချိုးပြီးမှ စားမယ်..၊ နင် အလုပ်မသွားဘူးလ

"နင့်ညီမက အလုပ်ပိတ်ရက်လေ"

အမေက ထမင်းကြော်ပန်းကန်ကို ယူလာပေးရင်း စားပွဲ

ချပေးတော့ ကိုယ်က အမေ့ကို 'ရေချိုးပြီးမှ စားမယ်လို့' ပြော

သူမဘက်လှည့်ကြည့်တော့ သူမပြင်ဆင်ထားတာကို ဂရုပြုမိရ

"ညည်းက အလုပ်ပိတ်ရက်ကို ဘယ်သွားမလို့လဲ၊ ဘာလဲ ရည်း

နဲ့ ချိန်းထားလို့လား"





"ဟဲ့ .. အစ်ကိုက ပြောစရာလား..၊ ဘယ်လိုကလေးတွေမှန်း

မသိဘူး"

အမေက ဆူတော့ ကိုယ်က ရယ်သည်။ သူမက အမှန်အတိုင်း

ပြောလိုက်တဲ့ ကိုယ့်စကားကြောင့် ဘာပြောရမှန်း မသိ..။

"တွေ့လား အမေ..၊ ကျွန်တော်ပြောတာ မှန်နေပြီထင်တယ်"

"ဟာ!... ကိုယ်ကလည်း မိကျော် ဘာရည်းစားမှမရှိဘူး..၊

သူငယ်ချင်းတွေနဲ့ ချိန်းထားတာပဲရှိတာ"

ကျွန်မအပြောကြောင့် ကိုယ်က ပြုံးစေ့စေ့နှင့် အခုလိုပြောပါတယ်။

"တော်သေးတာပေါ့ဟာ..၊ ငါက နင့်ကို ဟိုကောင် ကိုလေးနဲ့ပဲ

သဘောတူတာ"

"ဟို .. လေ .."

ကျွန်မက ဝေဝေဝါးနှင့်ပြောတော့..

"ဆရာကျောင်းကို ပြောတာဟာ..၊ ဒီကောင့်ကို ငါတို့က ကိုလေး

လို့ ခေါ်နေကျ"

တိုက်တိုက်ဆိုင်ဆိုင်လို့ ကျွန်မ တွေးမိလိုက်ပါသေးတယ်။

"ဟဲ့ .. ဟိုက နင့်ညီမကို စိတ်ဝင်စားလို့လား"

"အလကားစနေတာပါ အမေရယ် .. ဒီကောင် စိတ်ဝင်စားလို့ရှိ

တော့ မရမက အောင်သွယ်ပေးရမှာ"

"တော်တော် အရှက်မရှိတဲ့ အစ်ကိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



မေမေကပြောပြီး ချက်ပြုတ်ဖို့ နောက်ဖေးခန်းထဲ ဝင်သွားတော့။

"ကိုယ် .. ညီမလေး သွားတော့မယ်"

"ပိုက်ဆံရှိသေးလား"

ကျွန်မခေါင်းညိတ်ပြပြီး ထွက်လာခဲ့ပါတယ်။ ကျွန်မ ကိုလေးနဲ့ ချိန်းဆိုထားတဲ့ဆိုင်ရောက်တော့ ကိုလေးက ကြိုရောက်နေပါသည်။

"ရောက်နေတာ ကြာပြီလား"

ကိုလေးက ထုံးစံအတိုင်း သူမအတွက် လက်ဖက်ရည် ကြိုမှာထားပြီပါပြီ။

"အင်း .. လို့ ဆိုရမှာပေါ့"

ကျွန်မ တော်တော်နောက်ကျမှန်း သိတာကြောင့်...

"ညီမလေးအစ်ကိုက ညဆိုဒ်ရှိလို့ ကိုလေးရဲ့ .. သူ့အပြန် စောင့်နေရသေးတယ်လေ"

ကိုလေး သူမကို တစိမ့်စိမ့်ကြည့်တော့ သူမ မျက်လွှာချမိပါသည်။ ပြီးတော့ ရင်ထဲမှာ တဒိတ်ဒိတ်နှင့်..၊ ထို့အတူ မောင်မောင်လည်း သူမလိုပါပဲ။ ကြိုတင်ကြံစည်ထားတဲ့ စိတ်ကူးတွေကြောင့် မလုံမလဲဖြစ်မိတာ အမှန်ပါ..။

ဟိုကောင် ကိုလေးကတော့ ရုပ်ရှင်ရုံထဲရောက်ရင် ရည်းစားစကားပြောလို့ မှာထားတာပဲ..။

ဒါပေမယ့် ပြောဖို့နေနေသာသာ ဘယ်ကစပြောရမှန်းမသိ..။ ဒီထို





နှင့် ရုပ်ရှင်လက်မှတ်ဝယ်ပြီး ရုပ်ရှင်ရုံက မဖွင့်သေးတာကြောင့် အပေါ်ထပ်တက်တဲ့လှေကားမှာ နှစ်ယောက်အတူ ထိုင်မိသည်။ သူတို့ထိုင်နေတဲ့နေရာမှာ ဘယ်သူမှမရှိတာကြောင့် မောင်မောင် အပိုင်ပဲလို့ တွေးမိရင်း ပြောဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါပေမယ့်...

မိကျော်..၊ သူမဘေးမှာ ထိုင်လိုက်၊ မတ်တပ်ရပ်လိုက်၊ သူမနောက်မှာ သွားထိုင်လိုက် လုပ်နေတဲ့ ကိုလေးကို ကြည့်ပြီး ကျိတ်ရယ်မိသည်။

ပြောမယ့်အရေး ပြောရမယ့်စကားကို တော်တော်ကြီး ကြိုးစားခန်းစားဖြစ်နေတဲ့ ကိုလေးကိုလည်း သနားချင်ပေမယ့် နည်းနည်းတော့ ကသိကအောက်ဖြစ်အောင် လုပ်ပြလိုက်ပါဦးမယ်..။

ကိုလေးက သူမဘေးမှာ ထိုင်လိုက်ပါတယ်၊ ပြီးတော့ သက်ပြင်းချလိုက်ပြီး ဆုံးဖြတ်ချက်ချလိုက်ဟန် တူပါတယ်။

"ညီမလေး .. ကိုလေး .."

"အား .. ကျွတ် .. ကျွတ်"

ကိုလေးက ရှုံ့မဲ့သွားတဲ့ ကျွန်မမျက်နှာကြောင့် ဖျာဖျာသလဲနှင့်...

"ဘာ .. ဘာဖြစ်လို့လဲ ညီမလေး"

"ဟို .. ဗိုက်ထဲက အောင့်ချင်နေတယ်"

"ဟာင်!... ဒါဆို ရုပ်ရှင်မကြည့်နဲ့လေ"

"အဲလောက်ကြီး မဟုတ်ပါဘူး ကိုလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုလေး ဘာမှမပြောတော့..။ ရုံထဲရောက်တော့လည်း နှ
သောတ် အတူထိုင်လို့ရတဲ့ထိုင်ခုံမို့ သူမနှင့်ကိုလေးက ပခုံးချင်း ထိ
ပေမယ့် ကိုလေးက ကျောက်ရုပ်တစ်ရုပ်လို တောင့်တောင့်ကြီး။

ကိုလေးကို မသိမသာကြည့်တော့ ကိုလေးက ပြသနေသည့်
ရုပ်ရှင်ဇာတ်ကားပေါ်မှာ အာရုံရှိဟန် မတူ..၊ ခဏခဏ ရယ်မိတော့
ကိုလေး ဆတ်ခနဲ ဖြစ်သွားပါတယ်။

"ကိုလေး .."

ကျွန်မရဲ့ ခပ်တိုးတိုးခေါ်သံကြောင့် ကိုလေးက ကျွန်မကို ကြည့်
သည်။ ကျွန်မ ကိုလေးပခုံးပေါ်ကို ပါးအပ်လိုက်ပါတယ်။

"ကိုလေးမှာ အကြံအစည်တစ်ခုခု ရှိနေတယ် မဟုတ်လား"

"ဟင်!... ညီမလေး သိနေတယ်"

ကျွန်မ ခေါင်းညိတ်တော့ လှုပ်ရှားမှုကြောင့် ကိုလေးက ကျွန်မ
လက်ဖဝါးကို ခပ်ဖွဖွဆုပ်ကိုင်ရင်း...

"ညီမလေးကို ချစ်တဲ့အကြောင်း သိအောင်ပြောချင်လို့ ဒါပေ
မယ့် ညီမလေးစိတ်ဆိုးမှာလဲ ဆိုးတယ်"

သူမက တခစ်ခစ်ရယ်တော့...

"အဖြေပေးဦးလေ"

"ကိုလေးက တော်တော် အ,တာပဲနော်"

"ဘာဖြစ်လို့လဲ .."





"ကိုလေး ပခုံးပေါ်မှာ ညီမလေးပါးအပ်ပြီးပြီ၊ ညီမလေး လက်
ဖဝါးတွေက ကိုလေးလက်ထဲမှာလေ.."

"ဒါတော့ ဒါပေါ့ကွ..၊ ဒါပေမယ့် စကားသံလေးတော့ ကြားချင်
သေးတာပေါ့"

သူမ မျက်ဝန်းအသာမှိတ်ရင်း...

"အင်း .."

"ဘာ အင်းလဲ .."

"တောင်သမန်အင်း"

"ကောင်မလေးနော်"

"ကောင်ကလေးနော် .. ဟာ!..."

ကျွန်မအရှုံးပေးရဖို့ ကိုလေးရဲ့လက်နက် အနမ်းတစ်ပွင့်ပါ။ အိပ်
စက်တွေထဲမှာ ပန်းတွေက ရနံ့မွှေးတယ်။ မအိပ်စက်တတ်ပေမယ့်
အိပ်မက်တစ်ခုလို မက်ခဲ့တယ်။

ကျွန်မရဲ့ချစ်ခြင်းမေတ္တာတွေက ပန်းတွေလိုဖြစ်သလို ကိုလေးရဲ့
ချစ်ခြင်းမေတ္တာတွေက တိမ်တိုက်တစ်ခုလို မျောလွင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



**ချစ်**သူတွေဖြစ်ခဲ့ကြတော့လည်း အကဲပိုသူတွေလို့ သူ့အပေါင်းအသင်းနှင့် ကျွန်မသူငယ်ချင်းတွေက ဆိုခဲ့ကြပါတယ်။ ကိုလေးက လင်းလင်းရဲ့ 'စဉ်းစားပါ'ဆိုတဲ့ သီချင်းကို တော်တော်နှစ်သက်ခဲ့သည်။ အတူတွေ့ရင်း ဒီသီချင်းလေးကို ဆိုပြခဲ့သည်။ မသူကတောင် ပြောသေးတယ်။

"နင်တို့အတွဲကြည့်ရတာ စိတ်လဲ ချမ်းသာတယ်..၊ ပြီးတော့ စိုးလဲစိုးရိမ်တယ် ကျော်ကျော်"

"ဘာဖြစ်လို့လဲ"

"ဩော် ... တစ်ခုခုကြောင့် ဝေးသွားကြရင် နင်တို့ သာမန်လူထက် ပိုအထိနာမှာ စိုးလို့"

"ဖွဟဲ့ .. လွဲပါစေ မသူရယ် .."





"အံမယ် .. ဖြစ်နေလိုက်တာ"

"ကဲ .. ကဲ ဘာကျွေးမှာလဲ ကျော်ကျော်"

မမဆွေက လှမ်းမေးတော့ ငွေရှင်းကောင်တာမှာ အလုပ်ရှုပ်နေတဲ့ အန်တီခင်က...

"ဟဲ့ .. ဘာတွေ ကျွေးခိုင်းနေတာလဲဟဲ့ .."

မမဆွေက ပြုံးစေ့စေ့နှင့်...

"မမက ဘယ်သိမလဲ .. ကျော်ကျော် က.."

"မမဆွေနော်"

ရှက်ကိုးရှက်ကန်းနှင့် အော်တော့ အန်တီခင်က ပြုံးရင်း...

"ဩော် ညည်းက ဒီလိုကိုး။ ညည်းကို အလုပ်ကြိုးစားလို့ စက်ရုံမှာ ဖွင့်မယ့်သင်တန်းကို တက်ခိုင်းမလို့၊ အခုတော့ ..."

ကျွန်မ အန်တီခင့်စကားကြောင့်...

"ဘာဆိုင်လဲ .. ရည်းစားက ရည်းစားပဲ အန်တီခင်ရယ် .. သမီး တက်မှာပေါ့"

မသူက လှမ်းစနေပါသေးသည်။

"အဲဒါပေါ့ အန်တီခင်ရေ အလုပ်ကအလုပ် အရှုပ်တအရှုပ် ဆိုတာလေ"

အားလုံး သဘောကျစွာ ရယ်မိကြပါသည်။ အန်တီခင်က တက်ရမယ့်နေ့ တက်ရမယ့်အချိန်ကို ပြောပြပါတယ်။ အခု အလုပ်လုပ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်က မနက်ရှစ်နာရီကနေ ညနေရှစ်နာရီပြီးရင် လာခေါ်တဲ့ကားနှင့် စက်ရုံမှာ ဆယ်နာရီအထိတဲ့..၊ တက်ရမှာက နောက်လထဲမှာတဲ့..။

"ညည်း တက်နိုင်ပါ့မလား..၊ ပင်ပန်းမှာနော် .. ပြီးတော့ ညည်းက ရှည်းစား,ထားကာစ .."

ကျွန်မက ကိုယ့်အနာဂတ်အတွက် လမ်းစတစ်ခုလို့ တွေးမိပြီး သားပါ။ ရယ်ရယ်မောမောနှင့် အန်တီခင့်ကို စ,မိပါသည်။

"အလုပ်က အလုပ် .. အရှုပ်က အရှုပ်ပဲ အန်တီခင်"

အန်တီခင်က သဘောကျစွာ တပြုံးပြုံး..။ အဲဒီနောက်ပိုင်းတွေ မှာ ကျွန်မနှင့် ကိုလေးတို့စုံတွဲက လူများ အမြင်တပ်စရာပါ..။

တကယ်တမ်း ဝန်ခံရရင် ကျွန်မ သူနှင့်အတူရှိနေချိန်လေးကို အရမ်းကို မြတ်နိုးခဲ့ပါတယ်။ ပြီးတော့ ကြာလာလေလေ ပိုပြီး တစ်မဲ့မိန့် မြတ်နိုးလာလေလေပါ။

ပြောရမယ်ဆိုရင် ရိုးသားတည်ငြိမ်တဲ့ ကိုလေးလို ချစ်သူတစ် ယောက်ကို ချစ်သူအဖြစ် လက်တွဲရခြင်းအတွက် ကျွန်မ ဂုဏ်ယူမိပါ တယ်။ အရမ်း ကံကောင်းတယ်လို့လည်း ကိုယ့်ကိုယ်ကို ဝံ့ကြွားနေမိ ပါတယ်။ တခြားလူတွေသိရင် အရမ်းပိုလွန်းတယ်လို့ ပြောကြမှာပဲ။

နေ့စဉ်တွေ့နေကြ အလုပ်သွားအလုပ်ပြန် ကိုလေးနှင့် ကျွန်မ အမြဲတမ်း သွားသွားလာလာ ရှိနေခဲ့တာတောင် ကိုလေးက ကျွန်မကို အခုလို ပြောပါတယ်။





"ရော့ .. ညီမလေး"

ဒိုင်ယာရီစာအုပ်လေးတစ်အုပ် ကျွန်မ လှမ်းယူရင်း မေးမိပါသည်။

"ဘာလုပ်ဖို့လဲ ကိုလေး"

ကိုလေးက ကျွန်မရဲ့နှာခေါင်းချွန်ချွန်လေးကို ဆွဲညှစ်ရင်း အခုလို ပြောတာပေါ့..၊

"ညီမလေး အိမ်ပြန်ရောက်လို့ မအိပ်ခင် ကိုလေးကို သတိရတဲ့ အကြောင်းရေးဖို့ ..၊ ပြီးတော့ ကိုလေးဆီလဲ ဖုန်းဆက် .."

ကျွန်မက သဘောကျစွာ ရယ်ရင်း...

"ကိုလေးရယ် .. အခုလည်း နေ့တိုင်း တွေ့နေရတာတောင် ပိုတို ပိုတယ်"

"ပိုတာ မဟုတ်ဘူး။ ကိုလေး တကယ်ပြောနေတာ..၊ ကိုလေး အိမ်ပြန်ရောက်လို့ ညအိပ်ရာဝင်ရင် ညီမလေးအကြောင်း စဉ်းစားပြီး အိပ်တတ်တာ အကျင့်ဖြစ်နေပြီ"

အမှန်က ကျွန်မကိုယ်တိုင် အလှအပမကြိုက်တတ်တဲ့ မိန်း ကလေးက ကိုလေး ထားသွားမှာ ကြောက်တတ်နေရပါပြီ။နောက်ပြီး တော့ ကိုလေးနှင့်ပတ်သက်ပြီး ပတ်ဝန်းကျင်ကို ရင်ဆိုင်ရဲတဲ့သတ္တိတွေ ရှိလာခဲ့ပါပြီ။

ကျွန်မ ကိုလေးကို အမြဲနှင့် ကိုယ့်ကို မိတ်ဆက်ပေးမိပါ တယ်။



www.burmeseclassic.com

www.burmeseclassic.com



"အချိန်မရွေး လာလည်နော် သား.၊ ကိုယ့်အိမ် ကိုယ့်ရာသို သဘောထားပြီး ဝင်ပါထွက်ပါ၊ ဘာမှအားမနာနဲ့"

ကိုယ်ကတော့ အခုလို စနောက်နေပါတယ်..။

"ဩော် ငါ့ညီမ အခုတလော လှချင်ပချင်နေတာ မင်းကြောင့်ကိုး..၊ မသိပါဘူးကွာ .. ငါ့ညီမ ယောကျ်ားမယူဘဲ မိန်းမယူမယ် ထင်နေတာ"

ဒီလိုနှင့် ကျွန်မနှင့် ကိုလေး အမြဲတွဲအမြဲလာ ကျွန်မ ပတ်ဝန်းကျင်ကပါ ရင်းနှီး သိရှိလာပါတယ်။ ပလာဇာပိတ်ရက်ဆိုရင် ကိုလေးဟာ ကျွန်မအိမ်မှာပဲ စားသောက်ပြီးမှ ပြန်လေ့ရှိပါတယ်။

အဲဒီအချိန်ကာလေတွေက ပြန်တွေးကြည့်ရင် အိပ်မက်တစ်ခုလိုပါပဲ..၊





"ကိုလေး .."

လက်ဖက်ရည်ဆိုင်ထဲ ဝင်ဝင်ချင်း သူမကို နောက်ကျောပေးထားတဲ့ ကိုလေးကို လှမ်းခေါ်တော့ ကိုလေးနှင့်အတူ ဘေးကလူပါ လှည့်ကြည့်ပါတယ်။

"ဟင်!... ကိုမိုး .."

"ဟာ!... ကျော်ကျော်"

တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် နှုတ်ဆက်တော့ ကိုလေးက နေရာထိုင်ခင်းပေးရင်း...

"မင်းက ညီမလေးနဲ့ သိလို့လား"

"မင်းညီမလေးရဲ့ အစ်ကိုနဲ့ ပိုသိတာ"

"ဩော် ... မင်းက ကိုယ်သူငယ်ချင်းကို"



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်က သူမလက်ဖဝါးလေးကို ဆုပ်ကိုင်တော့ ကိုမိုး ရှေ့မှာမို့ ကျော်ကျော် ရှက်မိတာတော့ အမှန်ပါ။

"ညီမလေး လှမ်းခေါ်တော့ ကိုလေးကို ခေါ်တာလို့ မထင်ဘူး။ ဘာဖြစ်လို့လဲ သိလား"

သူမခေါင်းခါတော့ ကိုလေးကပြုံးရင်း ကိုမိုးကိုမေးဆက်ပြကာ...

"ဒီကောင့်ကို သူငယ်ချင်းတွေရော သူ့အိမ်ကပါ ကိုလေးလို့ ခေါ်ကြတာကိုး..."

သူမ မျက်လုံးအဝိုင်းသားနှင့်...

"အပတ် .."

ကိုမိုးက အပြုံးနှင့် ခေါင်းညိတ်ပြပါတယ်။ မိကျော်ရှေ့ကို လက်ဖက်ရည်တစ်ခွက် လာချပေးပါတယ်။

"ဘယ်ကလှည့်လာတာလဲ..၊ အခုပဲ ညီမလေးအိမ်ကို လာမလို့"

ကျွန်မက ရယ်ရင်း...

"ကိုလေး ဘာလို့မလာတာလဲ စိတ်ပူလို့၊ အစတုန်းက အခုလို ပိတ်ရက်ဆို အစောကြီးထဲက ရောက်နေပြီလေ၊ နောက်ပြီး ကိုလေး နေတဲ့အိမ်လဲ သိချင်တာနဲ့ ဟိုမေးဒီမေးရင်းနဲ့ ကိုလေး အိမ်က လက်ဖက်ရည်ဆိုင်မှာဆိုတာနဲ့ ဒီကိုပဲ တန်းလိုက်လာတာ"

ကိုမိုးက ပြုံးစေ့စေ့နှင့်...

"တော်တော် အကဲပိုတဲ့စုံတွဲနဲ့ လာတွေ့နေတယ်ဟေ့"





ကျွန်မက ရှက်ပြုံးနှင့် ခေါင်းငုံ့နေမိတော့ ကိုလေးက ကျွန်မ ခေါင်းကိုပုတ်ရင်း...

"လာမလို့ပဲ .. ဒီကောင်နဲ့ မတွေ့တာလဲကြာလို့ စကားကောင်း နေတာ"

ကျွန်မ ကိုမိုးကို မေးမိပါသည်။

"ကိုမိုးနဲ့ ကိုလေးက သူငယ်ချင်းတွေမှန်း ကျွန်မ မသိခဲ့ဘူး"

"အေးပေါ့ဟာ .. စကားမှ မစပ်မိကြပဲ၊ ဒီကောင် ပြောပြောနေတဲ့ သူ့ကောင်မလေးဆိုတာလဲ ဘယ်ဆက်စပ်တွေးမိပါ့မလဲဟ..၊ ကဲ .. နောက်ဆို ဒီကောင်မရှိလဲ လာလည်လို့ရတယ် ကျော်ကျော်၊ ဒီကောင် ရဲ့ မကောင်းတဲ့အကျင့်တွေ ..."

ကျွန်တော့်စကားဆုံးချိန် မရလိုက်..၊ မောင်မောင်က မျက်လုံး ပြူး မျက်ဆံပြူးနှင့် ပါးစပ်အတင်းပိတ်ပြီး...

"တော်ပါတော့ ကိုယ်တော်ရယ် .. ဒီက အပတ်ထင်သွားမှဖြင့် ခက္ခ .."

မောင်မောင့်ဖြစ်ပုံကြောင့် ကျွန်တော်နှင့် ကျော်ကျော်က ရယ် သည်။ တော်ကြာတော့ မောင်မောင်က ကျော်ကျော့်ကို လိုက်ပို့မယ်ဆို ပြီး ထွက်သွားတော့ သူက ဆိုင်မှာပဲ နေခဲ့သည်။

မောင်မောင်က ကျော်ကျော်နှင့်အတူ လျှောက်လာရင်း သူမ လက်ဖဝါးလေးကို ဆုပ်ကိုင်တော့...



www.burmeseclassic.com

www.burmeseclassic.com



"ကိုလေး .."

"ဟင် .."

"နောက်နေ့တွေဆို ညီမလေးနဲ့ ကိုလေး သိပ်တွေ့ရမှာ မဟုတ်ဘူး"

"ဟင်!... ဘာဖြစ်လို့လဲ"

ကိုလေးက ခြေလှမ်းကိုရပ်ကာ မျက်နှာပျက်ပျက်နှင့် ကျွန်မကို ရင်ဆိုင်ရင်းပြောတော့ ကျွန်မ အဖြစ်သည်းလွန်းတဲ့ ကိုလေးကို ကြည့်ကာ ရယ်ရင်း...

"တွေ့လား .. ဘာမှတောင် မဟုတ်သေးဘူး..၊ မျက်နှာက ပျက်ပြီ၊ ဆုံးအောင် နားထောင်ပါဦး ကိုလေးရယ်"

ကိုလေးနှင့်အတူ အခုလိုလျှောက်ရတာ နေ့ပူပူ မိုးရွာရွာ ကျွန်မအတွက် ပျော်မွေ့စရာ..၊

"ညီမလေးတို့အလုပ်ရှင်က ဆိုင်သိမ်းချိန်ပြီးရင် စက်ရုံမှာ သင်တန်းတက်ရမယ်တဲ့"

"ဘာသင်တန်းမို့လို့လဲ"

ဘောက်ဆတ်ဆတ်နဲ့ ကလေးတစ်ယောက်လို အပြုအမူကြောင့်...

"ဟောကြည့် စိတ်ကောက်ပြီ၊ လူကြီးကြီးဖြစ်ပြီး ကိုလေးက မရှက်ဘူးလား"

"ဘာလို့ရှက်ရမှာလဲ..၊ ကဲ .. ပြောပါဦး ကြီးတော်"

ကျွန်မကရယ်သည်။





ပြီးတော့ လည်ချောင်း တစ်ချက်ရှင်းလိုက်ရင်း...

"အဲဒီသင်တန်းပြီးရင် စက်ရုံမှာ လုပ်ရမယ်နဲ့တူတယ်၊ ကြီးကြပ်ရေးမှူးပုံစံပေါ့၊ ဘာလို့ ဒီအလုပ်ကို လက်ခံလိုက်တာလဲ သိလား"

ကိုလေးက ကျွန်မကို ပြောစမ်းဆိုတဲ့ အဓိပ္ပာယ်နှင့် မေးဆတ်ပြသည်။ ကျွန်မ ကိုလေးလက်မောင်းကို မှီလျှောက်ရင်း...

"ကိုလေးနှင့် အတူနေရဖို့ ကျွန်မ ကြိုးစားနေတာ ကိုလေး"

ကျွန်မစကားကြောင့် ကိုလေးက သက်ပြင်းချပါတယ်။

"အေးကွာ .. ပိုက်ဆံလေးစုလိုက်၊ ဦးလေးတို့ကလည်း မချောင်လည်တော့ ကိုလေးလည်း မကြည့်ရက်ဘူးလေ"

"စိတ်အားမငယ်ပါနဲ့ ကိုလေးရယ် .. အခွင့်အရေးဆိုတာ ကြိုးစားနေသူအတွက် တံခါးတွေ ပွင့်လာမှာပါ"

"ကျေးဇူးတင်ပါတယ် ညီမလေးရယ်"

"ဘာလဲ ကလေးကို နောက်တာလား"

ကျွန်မက ခပ်တည်တည်နှင့်ပြောတော့...

"ကလေးက နောက်ပေမယ့် လူကြီးက စိတ်ကောက်တတ်တယ်နော်"

နှစ်ယောက်သား ကြည်ကြည်နူးနူး ရယ်မိကြပါတယ်။

ဏ ❦ ဏ



www.burmeseclassic.com

www.burmeseclassic.com



“ဟာ.. ထူးထူးဆန်းဆန်း စောလှချည်လား မောင်မောင်”

အလုပ်ကအပြန် ကျွန်တော်နှင့် သောင်းစု ထိုင်နေရာ လက်ဖက်ရည်ဆိုင်ထဲကို ဝင်ထိုင်ရင်း ...

“အေးကွာ ..”

သောင်းစုက လက်ဖက်ရည်မှာပေးပြီ ဒီကောင့်ဘက်လှည့်ကာ–

“မင်းရဲ့ဖယ်ရီလေးကို လိုက်မပို့တော့ဘူးလား”

မောင်မောင် စိတ်ပျက်ဟန်နှင့် ခေါင်းခါရင်း...

“သူတို့အလုပ်ရှင်ရဲ့ စက်ရုံမှာ သင်တန်း ဆက်တက်နေရတယ်လေ”

ကျွန်တော်က ဒီကောင့်ပုံစံကြောင့် ခေါင်းတညိတ်ညိတ်နှင့်–

“ဘာဖြစ်လဲ မောင်မောင်ရာ .. ဒါက အနာဂတ်အတွက် အမှုကြိုးစားတာ ကောင်းတာပေါ့ကွာ”





မောင်မောင်က သက်ပြင်းချရင်း...

“ငါ မနေတတ်ဘူးကွ .. ဆိုင်မှာဆိုလည်း သူ့အလုပ်နဲ့သူ ငါ့အလုပ်နဲ့ငါ တွေ့ချိန်ဆိုလို့ ထမင်းစားချိန်တစ်ချိန်ပဲ ရှိတာ..၊ အခုလို မတွေ့တော့မှပဲ ငါ သူ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ သိလာတော့တယ်”

ကျွန်တော်နဲ့ သောင်းစုက ဒီကောင့်ပခုံးကို လှမ်းပုတ်ကြရင်း ကျွန်တော် ပြောမိပါတယ်။

“ဒီလောက်အဖြစ်သည်းနေရင် မင်းတို့ ယူလိုက်ကြပါလား”

“ယူချင်တာပေါ့ကွာ .. ဒါပေမယ့် ငါ ကြိုးစားကြည့်ချင်သေးတယ်”

“ဘာကိုလဲ”

“မလေးမှာ အလုပ်သွားလုပ်ဖို့ ..”

ကျွန်တော် မျက်မှောင်ကြုတ်ရင်း ဒီကောင့်ကို ကြည့်မိတော့ သောင်းစုက လှမ်းမေးပါတယ်။

“မင်းမှာ အဆက်အသွယ် ရှိလို့လား”

ဒီကောင်က ခေါင်းညိတ်ပြရင်း ...

“အင်း .. အခုလုပ်နေတဲ့ ငါ့အလုပ်ရှင်ရဲ့ သူငယ်ချင်း သူက မလေးမှာ ကုမ္ပဏီထောင်ထားတယ်”

“စိတ်ရော စိတ်ချရရဲ့လား မောင်မောင်ရာ .. ကြည့်လုပ်နော်”



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချရပါတယ်"

"ငွေရေးကြေးရေးက ဘယ်လိုလဲ"

"တစ်ဝက်တဲ့၊ ကျန်တဲ့ပိုက်ဆံကို အလုပ်လုပ်ရင်းနဲ့ ဆပ်ပေါ့"

သောင်းစုက ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော် သေသေချာချာ စဉ်းစားရင်း ...

"သူ့ကိုပေးဖို့ အဲဒီတစ်ဝက်ရော မင်းမှာ ရှိလား"

မောင်မောင်က သက်ပြင်းချရင်း...

"လိုတော့ လိုတာပေါ့ကွာ"

ကျွန်တော် ဒီကောင့်ကို သေချာစိုက်ကြည့်ရင်း...

"မင်း တကယ်သွားချင်နေတာလား မောင်မောင်"

မောင်မောင်က အဝေးကိုငေးရင်း ခေါင်းညိတ်ရင်း အစုလို ပြောပါတယ်။

"သွားကိုသွားရမယ် ကိုလေး .. အဲဒါမှ ငါမျှော်မှန်းတဲ့ ညီမလေးနဲ့ ငါ့ရဲ့အနာဂတ်က သာယာမှာ"

"အဲ ... ဒါဆို မင်း လိုတဲ့ငွေကို ငါ ပေးမယ်"

ကျွန်တော့်စကားကြောင့် ဒီကောင် ဆတ်ခနဲဖြစ်သွားရင်း အံ့ဩသွားပုံရပါတယ်။

"ဟင် .. မင်း တကယ်ပြောနေတာလား ကိုလေး"

"ဟ..ကောင်ရ ဒီကောင်ပြောပြီးရင် ကတိတည်တာ မင်း သိ





ပါတယ်"

သောင်းစု ဝင်ပြောတော့ ပျော်ရွှင်သွားတဲ့ မောင်မောင်ကို ကြည့်ရင်း ကျွန်တော်ပါ ပီတိဖြစ်ခဲ့ပါတယ်။

"ကျေးဇူးတင်လိုက်တာ သူငယ်ချင်းရာ"

"မလိုပါဘူးကွာ .. ငါ့အတွက် ဘာမှအခက်အခဲ မဖြစ်ပါဘူး၊ ပြီးစားရမှာက မင်းပဲ..၊ မင်းကံကြမ္မာ မင်းပဲ ရေးရမှာနော်"

"စိတ်ချပါကွာ..၊ မင်းရဲ့စေတနာကို ငါ့ဝေဒနာဖြစ်အောင် မလုပ်ပါဘူး"

မောင်မောင်က ကျွန်တော့်ကို ကတိပေးပါတယ်။

"ကဲ .. ငါသွားမယ်"

"ဟ .. မြန်နိုးစားကြီး"

"ငါ ဖုန်းဆက်ပြီး ညီမလေးကို ပြောလိုက်ဦးမယ်"

"ဟုတ်ပါ့ကွာ"

ဒီကောင်ထွက်သွားတော့ သောင်းစုက ကျွန်တော့်ကို ပြောပါတယ်..။

"ဒီကောင် တော်တော် ပျော်သွားပုံရတယ်"

"အင်း"

သောင်းစုက ခေါင်းတညိတ်ညိတ်နှင့်...

"မင်းကိုလဲ ကျေးဇူးတင်တယ် ကိုလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ .."

"ခြော် ... ကျောင်းမှာကတည်းက မေယျ အကူအညီလိုလဲ ပေး..၊ ငါတို့အကူအညီလိုလဲ ပေးနဲ့.. မင်း ကူညီခဲ့တာတွေလေ၊ မင်းရဲ့စေတနာက မင်းကို မှန်ခံမှာပါ"

"ဘာလဲ မှန်ခံတာ"

"ရောင်ပြန်ဟပ်တာကို ပြောတာကွာ"

ကျွန်တော်က ဒီကောင့်လက်မောင်းကို ပုတ်ရင်း...

"ကျောင်းဆရာလို့ မပြောရဘူး"

"မင်းကျတော့ရော .."

"ငါက ကျူရှင်ဆရာ"

နှစ်ယောက်သား သဘောကျစွာ ရယ်မိကြပါသည်။





"ကိုလေး အလုပ်ကို ဖုန်းဆက်တော့ တကယ် အံ့သြသွားတာ အမှန်ပဲ၊ ပြောပါဦး .. ပြည့်ပြည့်စုံစုံလေး .."

ဒီမနက် တွေ့နေကျနေရာကို လာခဲ့လို့ မနေ့ကဖုန်းဆက်တော့ ကျွန်မ စောစောထွက်လာခဲ့ရတာပါ။

"ဟုတ်တယ် .. ကိုလေး မလေးသွားပြီး အလုပ်လုပ်ဖို့ အခွင့်အရေးရပြီ ညီမလေး"

ကိုလေးက ကိုမိုးအကူအညီပေးခဲ့တာတွေရော အဆက်အသွယ်ရခဲ့တဲ့အကြောင်းတွေကို ရှင်းပြပါတယ်။ ကျွန်မ ကိုလေးပခုံးလေးကိုမှီရင်း...

"ကိုမိုးအောင်က တော်တော် သဘောထားပြည့်ဝတဲ့ လူပဲနော် ကိုလေး"

ကိုလေးက ခေါင်းညိတ်ရင်း...

"ကိုလေးမှ မဟုတ်ပါဘူး၊ သူနဲ့ ရင်းနှီးပတ်သက်တဲ့သူမှန်သမျှ သူ တတ်နိုင်သလောက်ကို အကူအညီပေးတာ ညီမလေး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ အိမ်စဘော်ကိစ္စကို ကိုမိုး အကူအညီပေးပုံတွေကို ပြောပြတော့ ကိုလေး ခေါင်းတညိတ်ညိတ်နှင့်…

"ဟုတ်တယ် .. ဒီကောင်ကြီးက အကူအညီပေးပြီးရင် သူ့ ကူညီလိုက်ရတာကို တစ်ဖက်လူ စိတ်ပေါ့သွားအောင်လဲ ပြောတတ်တယ်၊ ကိုလေးအပေါ်မှာ ဒီကောင် ကူညီခဲ့တာ မနည်းတော့ဘူး ညီမလေး"

"ကိုလေးသွားရင်တော့ ညီမလေး လွမ်းကျန်ခဲ့တော့မှာတော့ သေချာတယ်"

သူမလက်ဖဝါးကို ဆုပ်ကိုင်ရင်း ကိုလေးက သက်ပြင်းချပါတယ်။ အရှေ့ထိဦးမို့ ဆိုင်မှာလူက ရှင်းပါတယ်။ ရင်းနှီးနေပြီဖြစ်တဲ့ ဆိုင်ပိုင်ရှင်က ကောင်တာမှာ အိပ်ငိုက်နေပါသည်။

"ကိုလေးနှင့် ညီမလေး အတူနေရဖို့ အခုလို မစွန့်စားလို့ မဖြစ်တော့ဘူးလေ၊ တကယ်ပြောတာပါ .. ကိုလေးစိတ်က အချိန်တိုင်း ညီမလေးကို သတိရနေမှာတော့ သေချာပါတယ်"

နောက်ရက်တွေမှာတော့ ကိုလေးနှင့်ကျွန်တော် တွေ့ခွင့်ရတာနည်းပါးခဲ့ပါတယ်။ ဆိုင်ချင်းနီးသည်ဆိုပေမယ့် ဖြတ်သွားဖြတ်လာ တွေ့ခွင့်ရရုံမှလွဲ၍ သိပ်မတွေ့ရတော့ပါ..။ ကိုလေးက မထွက်ခင်အထိတော့ ရုံးကိစ္စတွေ၊ သွားရမယ့်ကိစ္စတွေကို စီစဉ်ရင်း ရုံဖန်ရံခါ သူ့ဆိုင်မှာ လုပ်အားပေးသဘော ဝင်လုပ်ပေးခဲ့ပါတယ်။ ဝမ်းရေးနှင့် အနာဂတ်အတွက် အလွမ်းဒဏ်တွေကိုတော့ အလုပ်လုပ်ရင်း သွေးကြွေးဆပ်နေ





ရပါတယ်။ အလုပ်လုပ်ကိုင်နေရင်း အလုပ်အပေါ် အာရုံစိုက်ချိန်မှလွဲ၍ ကျန်တဲ့အချိန်တိုင်းမှာ သတိရနေရတာကတော့ ထုထည်တစ်ခုလို ချဖြရင် တောင်ပုံယာပုံဖြစ်မှာ သေချာပါတယ်။ ခဏလေး တွေ့ခွင့်ရတဲ့အချိန်တိုင်းမှာ သတိရ လွမ်းရတဲ့အကြောင်းကို အလုအယက် ပြောဖြစ်ကြတယ်။ ပင်ပန်းနေတဲ့ ခန္ဓာကိုယ်က ချစ်သူမျက်နှာကို ခဏဖြစ်ဖြစ် မြင်ခွင့်ရချိန်ဟာ အားဆေး တစ်ခွက်ပါပဲ..။

ရှားရှားပါးပါး ရခဲ့တဲ့အချိန်လေးမှာ ကျွန်မနှင့် ဆင်တူဝယ်ထားတဲ့အင်္ကျီလေးကို ဝတ်ဆင်ရင်း ထိုင်နေကျဆိုင်လေးမှာ ဆုံဖြစ်ကြပါတယ်။ ကိုလေးက ကျွန်မရဲ့ရှည်ခါစပြုတဲ့ဆံနွယ်တွေကို ကိုင်ကြည့်ရင်း…

"ဆံပင်ရှည်ထားတော့နော် ညီမလေး"

ကျွန်မအပြုံးနှင့် ခေါင်းညိတ်ပြခဲ့ရတာပေါ့။

"ကိုလေး တနင်္လာနေ့ သွားရတော့မယ် ညီမလေး"

ခြောက်ကပ်ကပ်စကားသံတစ်ခွန်းက ကျွန်မရင်ကို ဆင့်ကဲပေါက်ကွဲစေတဲ့ ဗုံးတစ်လုံးလိုပါပဲ။

မျှော်လင့်ထားတဲ့အချိန်ကို ရောက်ပြီပေါ့..၊

"ညီမလေး လိုက်မပို့ပါနဲ့ .."

"ရှင်!..."

ကိုလေးက ဝဲတက်စပြုနေတဲ့ မျက်ဝန်းနှင့် သူမကို မခြင်ချင်ဟန်တစ်ဖက်လှဲရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သွားရမယ့်ခရီးမှာ ကိုလေး နောက်ဆံမတင်းချင်ဘူးလေ
ပြီးတော့ ညီမလေးက အလုပ်တစ်ဖက်နဲ့"

"ဒါဆို ကိုလေးကို ဘယ်သူ လိုက်ပို့မှာလဲ"

ကိုလေးက ကိုမိုးတို့ လိုက်ပို့မယ်လို့ ပြောပါတယ်။ အဲဒီနေ့
အချိန်တော်တော်ကြာသည်အထိ နှစ်ယောက်သား စကားမဆိုပဲ တ
ယောက်ကိုတစ်ယောက်ကြည့်ပြီး နေခဲ့ကြပါတယ်။

အလွမ်းဆိုတဲ့စကားလုံးက နူးညံ့ပေမယ့် မာကျောကျစ်လျစ်
ပေါက်ကွဲအားရှိတာ ကျွန်မ သိခဲ့ရပါပြီ..။ ထွက်ခွာသွားမယ့်နေ့
ကျွန်မ စက်ရုံမှာပါ။ သူ ဒီအချိန်ဆို လေဆိပ်ကိုရောက်ပြီလို့ စိတ်မှန်း
အလုပ်လုပ်ရင်း တွေးမိနေခဲ့တာပေါ့။ ကျွန်မနှင့်အတူ သင်တန်းတ
ဖြစ်တဲ့ မိစံက ကျွန်မ ပြောပြထားတော့ သိနေပြီမို့ မေးသည်။

"လွမ်းနေပြီလား"

ကျွန်မ ရယ်မိပါသည်။ ကိုယ့်အရယ်အပြုံးမှာ အသက်မဝင်
လည်း သိပါသည်။

"လွမ်းနေပြီလား မေးရင် လွမ်းနေပါပြီလို့ပဲ ဖြေရတော့မှာပေ
ဒါပေမယ့် ဝတ္တရားရှိရှိ လွမ်းနေတာတော့ မဟုတ်ဘူး"

ကျွန်မအပြောကို မိစံက ပခုံးတွန့်သည်။





BURMESE CLASSIC

"တစ်ခါတလေ ညီမလေးဆီ သွားပြီး အခက်အခဲရှိရင် အကူ
အညီပေးပါကွာ သူငယ်ချင်း"

သွားခါနီး ကျော်ကျော့်အပေါ် စိတ်မချဖြစ်နေတဲ့ မောင်မောင့်ကို
ကြည့်ရင်း...

"စိတ်ချပြီး သွားစမ်းပါကွာ .."

"အေးလေ .."

မသွားခင် အမှတ်တရဆိုပြီး ဒီကောင်နှင့်ကျွန်တော်တို့ လူတစ်
ယောက်ကို အကူအညီတောင်းပြီး ဓာတ်ပုံရိုက်ကြပါတယ်။

"အဲဒီ ဓာတ်ပုံ ပို့လိုက်ကွာ"

"စိတ်ချ .. ကူးပြီးတာနဲ့ ငါ မင်းပေးထားတဲ့ လိပ်စာအတိုင်း
ပို့လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် အချိန်နီးလာတော့ အထဲကိုဝင်သွားပြီး ကျွန်တော်နဲ့ သောင်းစုက နှုတ်ဆက်ဖို့ ဝရန်တာရှိရာကို ထွက်လာခဲ့ပါတယ်။ ကား ရှိရာကို ဒီကောင် တက်ရင်း မော့ကြည့်ကာ လက်ပြပါသည်။

လေယာဉ်ထွက်သွားရာကို ငေးကြည့်ရင်း အပြန်လမ်းမှာ ကျွန် တော် အခုလို ပြောမိပါတယ်..။

"ဒီကောင် ဟိုမှာ အဆင်ပြေပါစေလို့ ဆုတောင်းရမှာပေါ့"

"ပြေမှာပါကွာ.. ဒါနဲ့ ကျော်ကျော်က ဘာလို့ လိုက်မပို့တာလဲ"

"မောင်မောင်က လိုက်မပို့နိုင်ဘူးလေ"

သောင်းစုက နားမလည်ပုံ ရပါသည်။

"ဘာဖြစ်လို့လဲ .."

ကျွန်တော် အရှိန်နှင့်မောင်းနေတဲ့ ကားပြတင်းပေါက်မှ အပြင် ငေးရင်း...

"ကျော်ကျော် ငိုပြီး ကျန်ခဲ့ရမှာကို သူ မမြင်ချင်လို့တဲ့"

"အင်း .. ဒါလဲ ဟုတ်တာပဲ၊ အဲဒါကြောင့် ငါ ရည်းစားမထား ချင်တာ"

"ဟုတ်တာပေါ့"

အမှန်က သောင်းစုက အိမ်ထောင်သည်ပါ..။ နောက်တော့ ကျွန်တော်လဲ ကိုယ့်အလုပ်နဲ့ကိုယ်မို့ ကျော်ကျော်နှင့် မတွေ့ဖြစ်ပါ..။

တစ်ခါတစ်လေ စိတ်ကူးရပေမယ့် မသွားဖြစ်ခဲ့ပါ..။ တစ်





လမ်းမှာ ဖေယျနှင့် ဆုံပါတယ်။

"ဟာ .. အတော်ပဲ၊ မင်း ကျူရှင်သင်စရာတွေ ရှိလား"

"ဘာဖြစ်လို့လဲ .. ရှိတော့ရှိတယ် ညနေမှ"

"ဒါဆို အိမ်လိုက်ခဲ့..၊ အိမ်မှာ ထမင်းလိုက်စား၊ ဒီနေ့ မိကျော်လဲ အလုပ်ပိတ်ရက်"

"အေး .. လိုက်မယ်၊ ဒါလည်း မင်းညီမနဲ့ မတွေ့ရတာကြာပြီ၊ ဒါနဲ့ မင်း ယောက်ဖလောင်းဆီက ဖုန်းဆက်သေးလား"

ကျွန်တော့်ပြောပုံကြောင့် ဒီကောင်က မျက်နှာရှုံ့မဲ့ရင်း...

"ဟ .. ငါ့ဆီတော့ ဆက်မလား၊ ဆက်မယ့်ဆက် ငါ့ညီမပဲ ဆက်မှာပေါ့ဟ၊ အဆင်ပြေတယ် ပြောတာပဲ"

ကျွန်တော် ဖေယျတို့ အိမ်ရောက်တော့ ကျော်ကျော်က အံ့ဩ ဝမ်းသာဟန်နဲ့..

"ဟယ် .. ကိုမိုးပါ ပါလာတယ်"

"အေးလေ လမ်းမှာတွေ့လို့ ခေါ်လာတာ..၊ ဒီကောင်က ပြောပါတယ်၊ ညည်းမျက်ရည်နဲ့ မျက်ခွက်ပဲလားတဲ့"

"ဟော့ကောင် မြှားဦး ငါ့ဘက် လှည့်မလာနဲ့"

ကျော်ကျော်က ကျွန်တော်တို့ နှစ်ယောက်ကို ကြည့်ပြီး ရယ်သည်၊ ဒီကောင့်အမေက ကျွန်တော် လာလည်လို့ တပြုံးပြုံး။

"ဒေါ်လေး နေကောင်းလား .. သားတွေသမီးတွေက ဆိုးတယ်

www.burmeseclassic.com



ဆို..၊ အင်းပေါ့လေ အသက်ကြီးမှ သားဆိုးအမေ တပေပေ ဖြစ်နေတယ်ဆို .."

"ဝါ့အမ သား"

ဒီကောင့်ဆဲပုံကြောင့် ရယ်သံတွေ စီတန်းသွားပါသည်။

"ကိုမိုး အိမ်မှာပဲ ထမင်းစားသွား"

"ဟာ!... မဟုတ်တာ"

"ဘာဖြစ်လို့လဲ"

"ညည်းက ထမင်းစားသွားဆိုတော့ ဟင်းမပါဘူးပေါ့"

"ဟာ!... ဒီက အကောင်းအောက်မေ့လို့"

"အကောင်း မဟုတ်ပါဘူး။ ဆရာကျောင်းပါဟ"

"တော်ပါတော့ ကိုမိုးရယ် .."

"ဟ .. ငါ ဘာမှမကျွေးရသေးပဲနဲ့"

ကျွန်တော်နဲ့ ကျော်ကျော့်ကို ကြည့်ပြီး ဓေယျနဲ့ သူ့အမေတို့ သဘောတွေကျနေပါသည်။

"မင်းလာမှပဲ ငါ့ညီမလည်း ထူထူထောင်ထောင် ဖြစ်တော့တယ်"

ဓေယျစကားကြောင့် ကျော်ကျော် သူ့အစ်ကို ခါးကို ဆွဲဆိတ်သည်။

"ဟ .. ခွေးမ .. နာတယ်ဟ"

"နာနာပေါ့ ကိုလေး .. အဲ .. ကိုယ် ပြောပုံက ဆွဲဆိတ်ချင်စရာ





ကို .."

"တွေ့လား .. အစ်ကို့နာမည်တောင် မေ့နေပြီ၊ ကြည့်လုပ်ဦး မိကျော်"

"ကိုယ် ဘယ်လိုဖြစ်နေတာလဲ"

မောင်နှမနှစ်ယောက်ကို ကြည့်ပြီး ကျွန်တော်က ရယ်တော့ ဓေယျ အမေက မေးပါတယ်။

"မောင်မိုးမှာ မွေးချင်း ဘယ်နှစ်ယောက်ရှိလဲ .."

ဒေါ်လေးအမေးကြောင့် ဓေယျက ဝင်ပြောပါတယ်။

"ဒီကောင်က တစ်ဦးတည်းသောသား အမေ"

ဒေါ်လေးက ခေါင်းတညိတ်ညိတ်နဲ့ ...

"သြော် .. တစ်ဦးတည်းသောသားဆိုတော့ အဖော်တော်ရှာမှာပေါ့"

"ကဲ .. နောက်မှတော်၊ ထမင်းစားဖို့ ပြင်ဖို့ လုပ်ကြဦး"

"ညီမလေး ထမင်းသွားခူးလိုက်ဦးမယ်၊ ခဏနော် ကိုမိုး"

"အေးပါဟ"

ထမင်းစားသောက်ပြီးတော့ စကားပြောဖြစ်ကြပါတယ်။ ဒေါ်လေးကတော့ အခန်းထဲဝင်ကာ နေ့လယ်ဘက် တစ်ရေးအိပ်လိုက်ဦးမယ်လို့ ပြောကာ ဝင်သွားပါတယ်။

ခဏကြာတော့ ဓေယျက ရုပ်ကွက်ထဲက လက်သမားဆရာတစ်ယောက်ဆီ မနက်ဖြန် အလုပ်ကိစ္စအတွက် စာရင်းငယ်းတွေ တွက်

www.burmeseclassic.com



ချက်စရာရှိလို့ ပြောပါတယ်။

"ဒါ ပြန်လာမှ ပြန်နော် ကိုလေး"

"အေးပါ"

ဧယျထွက်သွားတော့ ကျွန်တော်က လူမြင်ကောင်းအောင် အခုလိုပြောမိပါတယ်။

"အိမ်ရှေ့ကွပ်ပျစ်မှာ စကားပြောရအောင်ဟာ"

ကျွန်တော့်ရဲ့ ဆိုလိုရင်းကို ကျော်ကျော်က ရိပ်မိကာ ပြုံးသည်။ ကွပ်ပျစ်မှာ အတူထိုင်ရင်း...

"နှင့်ဆီကို ဟိုကောင် ဖုန်းဆက်သေးလား"

"အင်း .. တစ်ရက်ခြား ဆိုပါတော့"

ကျွန်တော့် သူမကိုကြည့်ရင်း စရင်နောက်ချင်တာနဲ့...

"နင် .. သတိမရဘူးလား"

သူမက ကျွန်တော့်ကို ကြည့်သည်။

"သတိရတာမှ တော်ပါသေးတယ်"

"ဘာဖြစ်လို့လဲ .."

"လွမ်းရတာ အခံရပိုခက်တယ် ကိုမိုး.၊ ဘာဖြစ်လို့လဲဆိုတော့ အတူရှိနေချိန် သတိရလို့ လွမ်းရတာက မျှော်လင့်ချက်ရှိတယ်"

ကျွန်တော့်စကားတွေ ဆွံ့အသွားခဲ့ပါတယ်။

ကျွန်တော် တိတ်ဆိတ်နေတော့ ကျော်ကျော်က ကျွန်တော့်ရှေ့





ပြုံးရင်းကြည့်ကာ စကားလွှဲချင်ဟန်နှင့် အခုလိုပြောသည်။

"ကိုမိုးရော လွမ်းဖူးလား .."

"တစ်ချိန်တုန်းကတော့ လွမ်းဖူးတယ်"

ကျွန်တော့်မြင်ကွင်းထဲကို အိပ်မက်ဟောင်းတစ်ခုက ဖျတ်ခနဲ ဝင်လာခဲ့ပါတယ်။

သူမက အံ့ဩဟန်နှင့်...

"ဘာဖြစ်လို့ ပြတ်သွားတာလဲ"

"ကိုယ်က ချစ်ပဲချစ်ခဲ့တာ .. သူကမှ မသိတာ"

"ဖွင့်ပြောလိုက်ပေါ့ ကိုမိုးရယ်"

ကျွန်တော် သူမကိုကြည့်ရင်း ခေါင်းခါပြမိပါတယ်။

"ကိုယ် ဖွင့်ပြောမယ့်အချိန်မှာ ကိုယ် နောက်ကျသွားပြီ ကလေးမရဲ့ .."

ကျွန်တော့်ရဲ့ နောက်ရွှတ်ရွှတ်လေသံကြောင့် သူမက မျက်မှောင်ကြုတ်ရင်း...

"ဟင်!... ကိုမိုးက အလေးအနက် မထားသလိုပဲ"

ကိုမိုးက ကောင်းကင်ကို ကြည့်သည်။

"အလေးအနက် သိပ်ထားတာပေါ့.၊ သူ့အကြောင်းကို ပြောလို့ သိရရင် ရယ်စရာရှာကြံပြီး လွမ်းပစ်လိုက်တယ်"

"ဘယ်လိုကြီးလဲ .."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သူမကို ငေးကြည့်ရင်း..

"လိုအပ်တာထက် ခံနိုင်ရည်မရှိရင် အက်ဆီးဒင့်ဖြစ်မှာစိုးလို့ တိုယ်နှလုံးသားကို မေ့ဆေးပေးထားတာ"

"ဒီလိုလား .."

"အင်း .."

"ကိုမိုးကတော့ ရှားပါတယ်"

နောက်တော့ ဟိုအကြောင်း ဒီအကြောင်းတွေ ပြောဖြစ်ကြတယ်။ အစရှာပေးခဲ့တဲ့အလွမ်းကြောင့် ဒီညတော့ ကောင်းကောင်း ခံစားရမှာ ကျွန်တော် သိသည်။







တစ်ရက်ခြားပဲ ပေးပါ...

တစ်သက်တာတော့ မလွမ်းရပါစေနဲ့ဘုရား..

သိက္ခာကျအောင်တော့ မလွမ်းပြုပါစေနဲ့ဘုရား...





www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို!.. ကိုမိုး"

"ဟုတ်တယ် ကျော်ကျော်..၊ ဒီကောင်ပြန်ရောက်နေတာ ဆယ်ရက်လောက်ရှိပြီ၊ ငါလည်း နင် သိမယ်ထင်နေတာ"

ကျွန်မ စိုးရိမ်စိတ်နဲ့ ကိုမိုးကို မေးမိပါသည်။

"ဘာဖြစ်လို့လဲ"

"ဆေးကျလို့တဲ့ဟ..၊ ငါလဲ ပိုက်ဆံစိုက်ထားလို့ ဒီကောင် မျက်နှာပူမှာ စိုးရိမ်တာရယ်၊ ကလေးတွေ စာမေးပွဲနီးလို့ မအားတာနဲ့ ဒီကောင်နဲ့ သိပ်မတွေ့ဖြစ်ဘူး။ မတွေ့တာကြာတော့မှ သူ့ဦးလေးကို မေးကြည့်တော့ သူ့သူငယ်ချင်းနဲ့ ကြည့်မြင်တိုင်ဘက်မှာ အတူနေတယ်လို့ပဲ သိခဲ့ရတယ်"

"ဒါဆို ကျွန်မကို သူဘာလို့ လာမတွေ့တာလဲ ကိုမိုး"

ကိုမိုးက သက်ပြင်းချရင်း...

"ဒီကောင် စိတ်ဓာတ်ကျနေလို့ ဖြစ်မယ်ထင်တယ်"





ကျွန်မ ခေါင်းတညိတ်ညိတ်နှင့်...

"နင် အလုပ်တွေရှုပ်နေတာ သူသိတယ်၊ ပြီးတော့ နင့်ကို အပူပေးချင်ဘူးလို့ ငါနဲ့တွေ့တုန်းကတော့ ပြောတယ်ဟ"

"ကျွန်မ သူနဲ့ အရမ်းတွေ့ချင်တယ် ကိုမိုးရယ် .."

ကိုမိုးက စိတ်မကောင်းဟန်နဲ့ အခုလို ပြောပါတယ်။

"ငါလည်း စုံစမ်းကြည့်ပါဦးမယ်ဟာ စိတ်မပူနဲ့"

ကိုမိုး ပြန်ထွက်သွားတော့ အရုပ်ကြိုးပြတ်မတတ် ဖြစ်သွားခဲ့ရပါတယ်။ ကိုမိုးကိုယ်တိုင် အခုလိုအစောကြီး ရုံးထိပ်မှာ အလုပ်သွားမယ့်အချိန်စောင့်ပြီး လာပြောကတည်းက အရေးကြီးတဲ့ကိစ္စမှန်းတော့ ရိပ်မိပါသည်။ ဒါပေမယ့် ဒီလိုအခြေအနေမျိုး ဖြစ်ခဲ့မယ်လို့တော့ မတွေးခဲ့မိပါ။

အခုတော့ ကျွန်မ သူ့အတွက် စိုးရိမ်တာရယ်၊ ဝမ်းနည်းတာရယ်ကြောင့် ငိုချင်မိပါသည်။ စို့တက်လာတဲ့ မျက်ရည်စကို အသာသုတ်ရင်း ကျွန်မ စက်ရုံကိုမသွားဖြစ်သေးပဲ ပလာဇာကို လာခဲ့မိပါတယ်။ နဂိုလုပ်ခဲ့တဲ့ဆိုင်ထဲဝင်တော့ အရင်ရောက်နှင့်နေတဲ့ မသူက အံ့ဩနေသည်။

"ဟဲ့ .. ဘာလာလုပ်တာလဲ"

ကျွန်မ အဖြစ်အပျက်တွေကို ပြောပြတော့ မသူက မျက်လုံးဝိုင်းသားနှင့် ...

"သိပ်လည်း မစိုးရိမ်ပါနဲ့ဟာ ငါတို့ရှိသားပဲ"

ကျွန်မ ကိုလေး အလုပ်လုပ်ဖူးတဲ့ဆိုင်ကိုကြည့်မိတော့ ဆိုင်က



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ မရောက်သေးပါ။

"မသူ"

"ဗြော .. ငါ ဘာကူညီရမလဲ"

ကျွန်မ စက်ရုံကိုသွားရဖို့ အချိန်နီးလာတာကြောင့် ဆွဲခြင်းကို လှမ်းယူရင်း...

"နင် အဲဒီဆိုင်က လူတွေကို မေးကြည့်ပေးပါဟာ"

"အေးပါဟယ် ညနေ နင်စောရင် အိမ်ကိုဝင်ခဲ့လေ..၊ ငါ စုံစမ်းထားလိုက်မယ်"

"ကျေးဇူးပဲ မသူရယ်..၊ ငါ သွားတော့မယ်၊ အချိန်နီးနေပြီ"

"အေး ... အေး ငါလိုက်ပို့ပေးမယ်"

မသူက ကျွန်မကို အောက်ထပ်လိုက်ပို့ပေးပါတယ်။ ကျွန်မ တစ်နေ့လုံး အလုပ်ထဲမှာ အာရုံမရ အလွဲလွဲအမှားမှားတွေ ဖြစ်နေတဲ့ ကျွန်မကြောင့် မိစံက ...

"နင် အနံ့တီခင့်ကို ခွင့်တောင်းပြီး စောစောပြန်တော့..၊ Over Time မယူနဲ့တော့"

ကျွန်မလည်း ခေါင်းညိတ်ကာ အန်တီခင်ကိုပြောပြီး စောစောပြန်ကာ မသူအိမ်ကိုဝင်တော့ မသူက အခုမှရောက်လာဟန် တူသည်။ အဝတ်အစားတောင် မလဲရသေးပါ။

"ဟဲ့ .. နင် အချိန်ပို မဆင်းဘူးပေါ့၊ လာ .."





မသူက သူ့အိမ်က လူတွေသိမှာစိုးတာကြောင့် ကျွန်မကို လက်ဆွဲကာ ကျွန်မနဲ့အတူ အိမ်ဘက်လျှောက်ရင်း...

"ငါ့သူငယ်ချင်းကို မေးကြည့်တော့ တစ်ရက်ကတော့ ဆက်သွယ်တဲ့ ဖြစ်နိုင်ခြေကတော့ အဲဒီဖုန်း ဖြစ်မယ်ထင်တယ်တဲ့"

မသူပေးတဲ့ ဖုန်းနံပါတ်စာရွက်လေးကို လှမ်းယူရင်း ...

"အခု တစ်ခါတည်း ဆက်ကြည့်မယ်"

ကျွန်မ ခပ်လှမ်းလှမ်းက ဖုန်းဆက်လို့ရသည်ဆိုတဲ့ ဆိုင်ခန်းလေးဆီသို့ လျှောက်လာခဲ့သည်။

"ဖုန်းဆက်မလို့ အစ်မ"

"ဆက် .. ဆက် ညီမလေး"

ရင်းနှီးခင်မင်နေတဲ့ အစ်မကြီးက မသူနဲ့စကားတွေ ပြောနေပါတယ်။ ကျွန်မ စာရွက်လေးထဲကဖုန်းနံပါတ်ကိုလှမ်းကြည့်ရင်း ရင်ထဲမှာတလှပ်လှပ် ဖြစ်မိပါတယ်။ ဖုန်းခေါ်သံကိုကြား ရသည်။ ခဏကြာတော့...

"ဟယ်လို .."

"ကိုလေး ညီမလေးပါ"

သူ့အသံကိုကြားရရချင်း ကျွန်မ အမောတကော ပြောမိပါတယ်။

"ညီ .. မ .. လေး"

ခပ်မှိန်မှိန်စကားသံက စိတ်ဓာတ်ကျနေသူတစ်ယောက်ရဲ့ အငွေ့အသက်တွေ တွေ့နေရပါသည်။

www.burmeseclassic.com



"ကိုလေး ညီမလေးကို ဘာလို့လာမတွေ့တာလဲ"

ကိုယ်ကိုယ်တိုင်က ရိုက်ငိုချင်တာအမှန်ပါ။ တစ်ဖက်က ကိုလေး သက်ပြင်းချလိုက်တာ သူမ သိသည်။

"တွေ့ချင်တာပေါ့ ညီမလေးရယ် .. ဒါပေမယ့် အခုအချိန်မှာ ကိုလေး ဘယ်သူနဲ့မှ မတွေ့ချင်သေးဘူး"

"မတွေ့လို့မရဘူး ကိုလေး..၊ ကိုလေးက ညီမလေးရဲ့ချစ်သူလေ ကိုယ့်ချစ်သူ စိတ်ဓာတ်ကျနေချိန်မှာ ကျွန်မက အားမပေးရတော့ဘူး လား၊ ပြောပါဦး .. ကိုလေး"

ကိုလေး အသံတိတ်ဆိတ်သွားပါတယ်။ ခဏအကြာမှာတော့

"မနက်ဖြန် တွေ့နေကြဆိုင်လေးကို ကိုလေး လာခဲ့ပါ့မယ်၊ အခု တော့ ဖုန်းချလိုက်တော့မယ်နော်"

ပြောပြီးပြီးချင်း ဖုန်းချလိုက်တာမို့ သူမ မှင်သက် အငိုက်မိသွား ပါတယ်။ စိမ့်ကျလာတဲ့မျက်ရည်ကို ဆိုင်ရှင်အစ်မကြီး မမြင်အောင် အသာသုတ်ရင်း...

"ဘယ်လောက်လဲ အစ်မ"

ဆိုင်ရှင်အစ်မကြီးက ကျသင့်ငွေကို ပြောပြပါတယ်။ ပြီးတော့

"ကျော်ကျော် နင့်ကောင်လေးဆီက ဖုန်းမလာတော့ပါလား"

ကိုလေး နိုင်ငံခြားက ဖုန်းခေါ်ရင် ဒီအစ်မကြီးက ကျွန်မတို့အိမ် လာခေါ်ပေးတတ်ပါတယ်။





"ဟို .. သူ့ အလုပ်တွေများနေလို့ အစ်မ၊ သွားဦးမယ်နော်"

"အေး .. အေး"

ဆိုင်ကထွက်လာတော့ မသူက ခပ်တိုးတိုးပြောသည်။

"တော်တော်စပ်စုတဲ့ မိန်းမပဲ..၊ ကဲ .. ဘာပြောလဲ နင်ဆက် ပြောရင် ငိုတော့မှာ ငါ သိတယ်"

ကျွန်မက ခေါင်းညိတ်ပြရင်း...

"အင်း .. မနက်ဖြန်တွေ့နေကျနေရာမှာ တွေ့ဖို့ ချိန်းထားတယ်၊ သူ တော်တော်စိတ်ဓာတ်ကျနေပုံ ရတယ် မသူ"

"ဟာ!.. စိတ်ဓာတ်ကျနေရုံနဲ့ ပြီးမယ့်ကိစ္စမှမဟုတ်ဘဲ၊ တစ်ခါရှုံးရင် နောက်တစ်ခါ ထပ်ရှုံးမယ်လို့ ဘယ်သူပြောလဲ..၊ အဲဒီ ကိုလေးဟာလေ တော်တော်စိတ်ဓာတ်ကျလွယ်တဲ့ ယောကျ်ားပဲ၊ ဟာ!... ဆောရီး"

မသူက ပြောပြီးမှ ကျွန်မကိုအားနာကာ တောင်းပန်ပါတယ်။

"ရပါတယ် မသူရယ်"

"ကဲ .. ငါလဲ ပြန်လိုက်ဦးမယ်၊ ဟဲ့!.. နင့်မျက်နှာ ပြင်ဦး၊ နင့်အိမ်က ...နဲ့ ရိပ်မိဦးမယ်"

"အေးပါ .. မသူရယ်"

ကျွန်မ မသူကို ကတိပေးပြီး အိမ်ဘက်ကို လျှောက်လာခဲ့ပါတယ်။ ...တော့ လွမ်းရတာထက် ဆိုးဝါးတဲ့နာကျင်မှုတွေ စတင်နေပြီ ကိုလေး...၊

ဏ ဏ



www.burmeseclassic.com

www.burmeseclassic.com



**ဆောင်း**ဝင်စမို့ နှင်းက နည်းပါးပေမယ့် အေးစမြဲနေပြီ
တော့ သူမ သိသည်။ ပြီးတော့ ရင်ထဲမှာလည်း နှင်းတွေရဲ့ ကိုက်ခဲမှု
မပီပိုးတဝါးနှင့် နာကျင်စရာ ...၊

ကိုလေးဟန်ပန်က နှင်းတွေလိုပဲ အေးစက်စက် စိတ်ဓာတ်ကျ
တစ်ယောက်ရဲ့ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတွေ ကိုလေးပေါ်မှာ
ကပ်ငြိနေပါတယ်။

ကျွန်မ ကိုလေးလက်ဖဝါးကို ဆုပ်ကိုင်မိတော့ ကိုလေးဟာ
အတွေးလွန်သူတစ်ယောက် ပုတ်နှိုးခံလိုက်ရသလို ဆတ်ခနဲ ဖြစ်
ပါတယ်။

"အခုလိုအချိန်မှာ ကိုလေးရင်ထဲ ဘာတွေဖြစ်နေတာလဲဆိုတာ
ညီမလေး သိပါတယ်"





ကိုလေး အားတင်းပြုံးပြလိုက်ပေမယ့် အဲဒီအပြုံးတွေက အရှုံး
နှင့် လုံးထွေးနေတာ သူမ သိပါသည်။

"ကိုလေး ကြုံခဲ့ရတာ ဘာမဟုတ်တဲ့ အရှုံးလေးပါ ကိုလေးရယ်၊
ဘာပြောလို့ ကိုယ်တိုင်မခံစားရလို့ ပေါ့ပျက်ပျက် ပြောတယ်လို့
မထင်စေချင်ဘူး၊ ညီမလေးပြောတာက တစ်ခါ ရှုံးဖူးသူဟာ နောက်
တစ်ခါ အနိုင်ရဖို့အတွက် ခြေတစ်လှမ်းတဲ့၊ အခွင့်အရေးဆိုတာ ဒီတစ်ခါ
တည်း မဟုတ်ပါဘူး ကိုလေး"

ကျွန်မစကားတွေကြောင့် ကိုလေး ကျွန်မလက်ဖဝါးလေးတွေကို
ညှစ်လိုက်ရင်း တဖြည်းဖြည်း ပြုံးလာပါတယ်။

"ကျေးဇူးတင်ပါတယ် ညီမလေး..၊ ဒါပေမယ့် ကိုယ် စိတ်ဓာတ်
ကျတာတော့ အမှန်ပဲ၊ အဓိကကတော့ မိုးအောင်ကို အရှုံး အားနာ
တာ ညီမလေး..၊ ကိုလေး သူနဲ့မျက်နှာချင်းဆိုင်ရမှာ ကြောက်လို့
သူငယ်ချင်းအိမ်မှာပဲ သွားနေတာ ကြည့်တော့"

ကျွန်မ ခေါင်းတညိတ်ညိတ်နှင့် ပြုံးမိပါသည်။

"ကိုမိုးစိတ်ဓာတ်ကို ကိုလေးက သူငယ်ချင်းမို့ အသိဆုံးပါ။ ကိုမိုးနဲ့
ညီမလေး တွေ့ပြီးပြီ"

"ဟင်!..."

ကိုလေး အံ့အားသင့်သွားပါသည်။

"ဟုတ်တယ်..၊ ကိုမိုးကိုယ်တိုင်က ကိုလေး အနေ့ဟာမှာစိုးလို့



www.burmeseclassic.com

www.burmeseclassic.com



ခါမင်ရှောင်ပေးနေတာ..၊ သူက ကိုလေးကို စိတ်ခတ်ကျမှာ စိုးရိမ်
တယ်၊ နောက်ပြီး ကိုလေး စဉ်းစားကြည့် .. ကိုလေးကိုပေးလိုက်
ငွေက သူ့အတွက် ဘာမှထိခိုက်လောက်စေတဲ့ အမောက်လည်
မဟုတ်ဘူး။ ပြီးတော့ ကိုလေး သူနဲ့ တွေ့သင့်တယ်"

"ဘာဖြစ်လို့လဲ ညီမလေး"

သူမမျက်နှာကို ငေးကြည့်နေတဲ့ ကိုလေးကို သူမ မြတ်မြတ်နိုး
ငေးကြည့်ရင်း အခုလို ပြောလိုက်ပါတယ်။

"ကိုမိုးက စဉ်းစားတွေးခေါ် တတ်တယ်၊ ပြီးတော့ ကိုလေး စိ
ခတ်မကျအောင် အားပေးတတ်တဲ့ခွန်အား ရှိတယ်"

"ကိုလေးလဲ ဆုံးရှုံးမှုကများတော့ အဲဒါတွေ မစဉ်းစားမိဘူး ညီ
လေး အားလား"

"ဘာဖြစ်လို့လဲ ကိုလေး"

"ဒီကောင့်ဆီ သွားရအောင်၊ ဒီနေ့ အလုပ်ဖျက်လိုက်ပါလား"

"သွားလေ..၊ ညီမလေး ဖုန်းဆက်ပြီး ခွင့်တင်လိုက်မယ်"

"အိုကေ .. လာ ... လာ"

ကျွန်မ ပိုက်ဆံရှင်း မယ်လုပ်တော့ ကိုလေးက သူရှင်းမယ်ဖြင်
ကျွန်မက အတင်းရှင်းပေးပြီး အိပ်ကပ်ထဲမှာရှိတဲ့ ငွေတစ်သောင်
ကိုလေးအိတ်ကပ်ထဲ ထိုးပေးမိသည်။

"ကိုလေး တစ်မျိုးတော့ မထင်နဲ့နော် ကိုလေး ..၊ ညီမလေး ကို





အသုံးပြုတ်မှာစိုးလို့ ပေးမိတာပါ"

ကိုလေးက သက်ပြင်းချပါသည်။ ကျွန်မဝေပ်လှမ်းလှမ်း ဖုန်းဆက်လို့ရတဲ့နေရာမှာ အန်တီခင့်ထံ ဖုန်းနှင့် ခွင့်တစ်ရက်ယူဖို့ ခွင့်တောင်းခံခဲ့ပါသည်။ အန်တီခင်က ရယ်ရယ်မောမောနှင့် ရည်းစားနှင့်ချိန်းထားလို့လားလို့ စနေပါသေးသည်။ ဖုန်းဆက်ပြီးတော့ ကိုလေးနှင့်အတူ ကိုမိုးတို့အိမ်ကို သွားခဲ့ကြပါ သည်။ ကိုမိုးအိမ်ရောက်တော့ ဘေးအိမ်က သူဦးလေးကို ခဏသွားနှုတ်ဆက်ပြီး လမ်းထိပ်က လက်ဖက်ရည်ဆိုင် အတူထွက်လာခဲ့ပါတယ်။

"ငါ့ကောင်လဲ အခုမှ နာလန်ထူနိုင်တော့တယ်..၊ နင်တော်တယ် ကျော်ကျော်"

ကျွန်မက ရယ်သည်။ ကိုလေးက အနေခက်ဟန် ဖြစ်နေပါတယ်။ ဒါကိုသိတဲ့ ကိုမိုးက ကိုလေး ပခုံးလေးကိုဖက်ကာ..

"မင်းဘာတွေဖြစ်နေတာလဲ မောင်မောင်၊ ငါ့ငွေဆုံးရှုံးသွားလို့ ဘာမှမဖြစ်ဘူး သူငယ်ချင်း။ အေး .. မင်းစိတ်ခတ် ဆုံးရှုံးသွားရင်တော့ ငါ့အတွက် ထိခိုက်သွားနိုင်တယ်၊ ငါ့အပေါင်းအသင်းထဲမှာ စိတ်ခတ်ကျလွယ်တဲ့ အပေါင်းအသင်း မပါစေချင်ဘူး"

"အေးပါကွာ .. ငါ မင်းကို အားနာလို့"

"အားနာလို့ ဟုတ်လား..၊ အားနာတယ်ဆိုတဲ့စကားဟာ မင်းနဲ့ ငါ့ကြားမှာ နေရာပေးဖို့ အခွင့်မရှိဘူး သူငယ်ချင်း"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်မောင်ရယ်နေပါတယ်။ ကျွန်မလည်း အခုလို ရယ်ရယ်မောမော ဖြစ်နေတော့ စိတ်ချမ်းသာမိတော့ အမှန်ပါ။

"တွေ့လား... ကိုလေးကို ကိုမိုးနဲ့တွေ့လိုက်ပါလို့ ပြောတာ မမှန်ဘူးလား"

နောက်တော့ ကိုလေး ပုံမှန်အတိုင်းဖြစ်လာပါတယ်။ လက်ဖက်ရည်ဆိုင်မှာ စကားတွေထိုင်ပြောကြပြီး နှုတ်ဆက်ကာ ပြန်ဖို့ထတော့ ကိုလေးက ကောင်တာမှာ ဆေးလိပ်မီး သွားညှိပါသည်။

"ကျေးဇူးတင်ပါတယ် ကိုမိုး"


ကိုမိုးက ဖျတ်ခနဲ မော့ကြည့်ပါသည်။ ပြီးတော့ တဖြည်းဖြည်း ပြုံးလာပါတယ်။

"ညီလေး ကိုယ့်ကို မီးခြစ်ပါရင် ခဏလောက်"

ကိုမိုးစကားကြောင့် ကျွန်မ ပထမတော့ အံ့သြသွားပါတယ်။ နောက်တော့ ဟက်ဟက်ပက်ပက် ရယ်မိပါသည်။ ကိုလေးကိစ္စဖြစ်ကတည်းက အခုလို ရယ်မောခြင်းဟာ ပထမဦးဆုံးပါ။










www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ဆောင်းက အအေးပိုကဲလာပါတယ်။ ကိုလေးနဲ့ ကျွန်မက ထုံးစံအတိုင်း အလုပ်ဝတ္တရားတွေကြားမှာ ဝေ့ဝေးလာခဲ့ပါတယ်။

ဆောင်းမနက်ခင်း နှင်းတွေကြားမှာ ကျွန်မ ထိုင်နေကြ ဆိုင်လေးရှေ့က အလုပ်ကိုသွားရင်း ကိုလေး ရောက်လာမလား မျှော်ကြည့်ဖူးတယ်။ ဒါပေမယ့် သူ ရောက်မလာ..၊ တစ်ခါတလေတော့လည်း သူ ရောက်လာတတ်ပါတယ်။ အဲဒီအခါကျရင် ဒီဆိုင်လေးမှာ အတူထိုင်ဖြစ်ကြတော့ပေါ့။

"လွမ်းတယ် ညီမလေးရာ .. နဂိုဆိုင်မှာပဲ ပြန်လုပ်ပါလား"

အဲဒီလိုစကားကြားရင် ကျွန်မ ပြုံးနေလိုက်ပါတယ်။ အခု ကျွန်မက ကျွမ်းကျင်သူတစ်ယောက်ဖြစ်နေပြီလေ။ အခုလို နေ့မအား ညမအား လုပ်ခဲ့တာဟာ ကိုလေးအတွက်ပါဆိုတာ ကိုလေး မသိခဲ့။ ကိုလေး ထပ်သွားဖို့ကြိုးစားနေတာ သူမ သိသလို ထပ်သွားဖို့ ကုန်ကျစရိတ်အတွက် သူမ ကြိုးစား အလုပ်လုပ်နေတာများ သိရင် ကိုလေး အံ့ဩသွားမှာ သေချာပါတယ်။





"ဟုတ်တယ်လေ .. ကိုလေး ညီမလေးကို အေးအေးဆေးဆေး ဘယ်နှစ်ခါများ တွေ့ရလို့လဲ..၊ ကြည့်မြင်တိုင်ကနေ ဒီကိုလာဖို့ဆိုတာ မလွယ်တဲ့အနေအထား။ အလုပ်ဆင်းရင်လဲ အလုပ်က ဖယ်ရီနဲ့ဆိုတော့.."

ကိုလေးက အခုလိုပြောတော့ ကျွန်မ သူ့ရဲ့နှာခေါင်းချွန်ချွန်ကို ဆွဲညှစ်ရင်း...

"အခုလို ညီမလေး ကြိုးစားနေတာ ကိုလေးနဲ့အတူနေရဖို့ပါ ကိုလေးရယ်"

ကိုလေးကတော့ စိတ်ပျက်ဟန်နှင့် သက်ပြင်းချလိုက်တာ ကျွန်မ တွေ့လိုက်ရပါတယ်။ ကျွန်မ သတိထားမိလို့လား .. ကိုယ့်ချစ်သူမို့လို့လားတော့ မသိ ဘူး။ ကိုလေး ငိုပြီး ချောမောလာသလို လူကြီးဆန်လာသလို ထင်မိလာပါတယ်။ ကိုလေးကို အိမ်မှာ ထမင်းတစ်ရက် စိတ်ကျွေးခဲ့တယ်။ အဲဒီနေ့က ကိုမိုးနှင့်အတူပေါ့။ အဲဒီနောက်ပိုင်း ကိုလေးနဲ့ ထပ်မဆုံဖြစ်ကြတော့ပါဘူး။

"ကိုလေး အမွှေကိစ္စနဲ့ မြစ်ကြီးနားကို ပြန်ရမယ် ညီမလေး"

ကိုလေးကို လိုက်ပို့တော့ ကိုမိုးက ကိုငယ်နဲ့ ကျန်ရစ်ခဲ့ပါတယ်။ အမှန်တော့ ကျွန်မနဲ့ကိုလေး လွတ်လွတ်လပ်လပ် စကားပြောခွင့်ရအောင် ရှောင်ပေးမှန်း ကျွန်မ သိလိုက်ပါတယ်။

"ကြာမှာလားဟင် .."

ပြောသာပြောရတာပါ။ ဒီမှာ ကိုလေးရှိနေလည်း တွေ့ခွင့်ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်က နည်းပါးလွန်းမှန်း ကျွန်မသိပေမယ့် အခုလိုပြောလိုက်မိပါတယ်။

"ကြာခယ် ထင်တယ်"

ကိုလေးကို ကားမှတ်တိုင်ပို့ပေးပြီး ကိုလေး ကားပေါ်တက်သွားမှ ကျွန်မ ပြန်လာခဲ့ပါတယ်။ နောက်ပိုင်း ကိုလေး ခရီးထွက်သွားတယ်ဆိုတဲ့သတင်းကို ကိုမိုးနဲ့တွေ့တော့ ကြားခဲ့ရပါတယ်။ အချိန်ကာလတွေ တစ်ရက်ပြီးတစ်ရက် ကျော်ဖြတ်လာသလို ကိုလေး ပြန်လာတဲ့သတင်းကြားရပေမယ့် ကျွန်မဆီကိုတော့ ရောက်မလာခဲ့တာ အမှန်ပဲ။

ကျွန်မ အရမ်းဖျားလို့ အိမ်မှာ အနားယူတော့ ကိုလေးရောက်လာပါတယ်။ ကိုလေးမျက်နှာမှာ စိုးရိမ်စိတ်တွေကို တွေ့တော့ ကျွန်မပျော်ရွှင်ခဲ့တယ်။ ကျွန်မအပေါ် စိုးရိမ်ပူပန်မှုဟာ ကျွန်မ ချက်ချင်းအဖျားပျောက်သွားစေတယ်လို့ ယုံကြည်ခဲ့မိတယ်။ ကိုလေးက ကျွန်မနဖူးလေးကို အသာစမ်းရင်း...

"စိုးရိမ်လိုက်ရတာကွာ .. ရေချိုးမှားလို့ဆို"

အမေက နောက်ဖေးခန်းမှာ ချက်ပြုတ်ဖို့ ထွက်သွားပါတယ်။

"အဲဒါ ကိုလေးကြောင့်ပေါ့"

ကိုလေးက ကျွန်မစကားကြောင့် မျက်မှုံးမြင့်တက်ရင်း ရယ်ရယ်မောမောနဲ့...

"ကျုပ်က ဘယ်ကပါလာတာတုန်း"

"ကိုလေးကို သတိရရင်း ရေချိုးမိတော့ ဟိုစဉ်းစား ဒီစဉ်းစားနဲ့





အချိန်ကြာသွားတာပေါ့"

"ဟောဗျာ .. ဖြစ်မှဖြစ်ရလေ"

အဲဒီရက်ပိုင်းလေးဟာ ကျွန်မအတွက် သုခနေ့ရွှေတွေပါပဲ။ နေ့စဉ်မနက်ခင်းကိုတော့ လမ်းထိပ်မှာရပ်စောင့်ပြီး ကျွန်မကို စက်ရုံကိုလိုက်ပို့တတ်ပါတယ်။ နှင်းတွေကြားထဲမှာ ချစ်သူနဲ့အတူ လျှောက်ခွင့်ရခဲ့တဲ့ ဘဝ ပျော်ရွှင်ငြိမ်းချမ်းတဲ့ အိပ်မက်တစ်ခုကို မက်ခဲ့ရသလိုပါပဲ..။

အဲဒီရက်ပိုင်းအတွင်းမှာ ကိုလေးက ပလာစာက ကိုအောင်လတ်တို့ဆိုင်မှာ အလုပ်ပြန်ဝင်ပါတယ်။

ကျွန်မ တစ်ခု တွေးမိခဲ့ပါတယ်။ အချစ်တစ်ခုမှာ အနေဝေးရင် သွေးအေးပြီး သံယောဇဉ်ဟာ မှေးမှိန်ပျောက်သလားလို့ ဆန်းစစ်ဖူးခဲ့တယ်။ ဒါပေမယ့် အဲဒီအတွေးဟာ အမှားတစ်ခုပါလို့ ကျွန်မ ရဲရဲဝံ့ဝံ့ငြင်းဆန်မိတာပေါ့။ ဒီအချိန်ကာလဟာ အလုပ်ခွင်မှာ ကျွန်မ မမောတန်း မပန်းတမ်း အလုပ်တွေနဲ့ လုံးထွေးနေရတဲ့ အချိန်ကာလတစ်ခုဆိုလည်း မမှားပါဘူး..။

အချိန်ရလို့ တွေ့ခွင့်ရတဲ့ ခဏတာလေးဟာ ပင်ပန်းထားသမျှကို ပျောက်ကွယ်စေပါတယ်။ ဒါပေမယ့် ကိုလေးကို တွေ့လိုက်ရတဲ့အချိန်တိုင်း အရင်လိုမဟုတ်တော့တာ အမှန်ပဲ။

"ကိုလေး ဘာဖြစ်နေတာလဲဟင်"

ကျွန်မအမေးကြောင့် ကိုလေးက အခုလို ပြန်ဖြေလေ့ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဟုတ်ပါဘူး ညီမလေး..၊ ကိုလေး အလုပ်ကိစ္စတွေ တွေးနေမိလို့"

ကျွန်မ ကိုလေး ပခုံးကိုမှီပြီး...

"ကိုလေး ..."

"ဟင် .."

" New Year ရောက်တော့မယ်နော်"

"အင်း .. ဟုတ်သားပဲ၊ ကိုလေး မေ့နေတယ်၊ ကြည့်စမ်း .."

ကျွန်မ ပခုံးမှီထားရာမှခွာပြီး သူ့ကို မေးကြည့်ကာ...

"အဲဒီညကျရင် ညီမလေးနဲ့အတူ လျှောက်လည်ကြရအောင်၊ ပြီးရင် ကိုမိုးတို့က သူတို့ဆီလာခဲ့တဲ့ ကိုယ်လဲ ပါမယ်လေ"

ကျွန်မစကားကြောင့် ကိုလေးက မျက်သွားပုံရတယ်။ ပြီးတော့...

"ညည်းတရော အားပါ့မလား"

ကျွန်မက ကိုလေးအပြောကြောင့် တခစ်ခစ်ရယ်ရင်း...

"အားရမှာပေါ့ ကိုလေးရယ်..၊ အလုပ်လည်း ပိတ်မှာပါ"

"ဪ ... ညည်းက အလုပ်ပိတ်လို့ ရှိန်းတာပေါ့"

"မဟုတ်ပါဘူး ကိုလေးရယ်..၊ အလုပ်ပိတ်ပိတ်မပိတ်ပိတ် ညီမလေး အဲဒီတစ်ရက်ကို နားဖို့ပြင်ပြီးသား"

အဲဒီအခါကျမှ ကိုလေးက စိတ်ကောက်ပြေပါတော့တယ်။

ကု ❦ ကု





ကျွန်မ မျှော်လင့်တဲ့ New Year ညနေမှာ ကိုလေး ရောက်မလာပါ။ ကျွန်မ ဖုန်းဆက်တော့လည်း သူ့သူငယ်ချင်းက ထွက်သွားပြီတဲ့လေ..။ တဖြည်းဖြည်း အမှောင်ဝင်လာပါပြီ..။

ကိုယ်က အိမ်ပေါက်ဝမှာ ကိုလေးကို မျှော်နေတဲ့ ကျွန်မကို...

"စောင့်မနေပါနဲ့ဟာ သူလည်းကိစ္စတစ်ခုခုရှိနေလို့နဲ့ တူပါတယ်၊ နင့်ကိုလေး ဟိုလိုက်ခဲ့မှာပဲ"

ကျွန်မလည်း မထူးတော့တဲ့အခြေအနေမို့ အမေ့ကို စိတ်မရှုပ်ဘဲ နှင့် မှာခဲ့ရပါတယ်။

"အမေ ကိုလေးလာရင် သမီးတို့ ကိုမိုးဆီကို သွားပြီလို့"

"အေးပါဟယ်..၊ ညည်း ကိုလေး လာရင် လွှတ်လိုက်ပါမယ် တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ မောင်နှမနှစ်ယောက် ကိုမိုးဆီရောက်တော့ ကိုမိုးတို့ မြို့ဝန်းလေးထဲမှာ လူတော်တော် စုံနေပါတယ်။ အများစုက ကိုမိုးတို့ ကျူရှင်ဆရာတွေ ဆရာမတွေ ဖြစ်ပါသည်။ အားလုံးနှင့် ကျွန်မတို့ မောင်နှမကို မိတ်ဆက်ပေးပါတယ်။

ကိုမင်းသူဆိုတဲ့ တစ်ယောက်က အခုလို ပြောပါတယ်။

"အခုမှပဲ လွတ်လွတ်လပ်လပ် ကဲလို့ရတော့မယ်၊ ဒါတောင် ဝါတပည့်တွေက ကပ်လိုက်ချင်သေးတာ"

ကိုမင်းသူ စကားကြောင့် အားလုံးက ရယ်ကြသည်။ ကိုမိုးက ပွဲမစခင် ကျွန်မကို ကပ်မေးပါတယ်။

"နင် ပြောတော့ ဟိုကောင်နဲ့ လျှောက်လည်ကြဦးမှာဆို"

"ဟုတ်တယ် .. ပထမအစီအစဉ်က အဲဒီအတိုင်း။ ကိုမိုး သူငယ်ချင်းက အခုထိ ဖုန်းဆက်လို့တောင် မရဘူး"

ကိုမိုး မြို့အပြင်ကို မျှော်ကြည့်ရင်း...

"ဒီကောင် ဒီကိုတော့ ရောက်လာမှာပါ"

ကိုမိုးစကားကြောင့် ကျွန်မ ခေါင်းညိတ်ပြမိပါတယ်။ တဖြည်းဖြည်းနှင့် လူစုံလာတော့ ဂိမ်းတစ်ခုခုကို ဆော့ကစားကြရင်း ရယ်မော ဆူညံနေပါတယ်။

နောက်တော့ အချိန်ကြာလာသည်နှင့် ကျွန်မလည်း သူတို့နှင့် အတူ ကစားကြရင်း ပျော်ရွှင်လာခဲ့ပါတယ်။





နောက်တော့ ယောကျ်ားလေးတွေက အနည်းအကျဉ်း သောက်ကြပါတယ်။ ကိုမိုးက အားလုံးကို မှာပါတယ်။

"အမူးလွန်ပြီး ပခုံးထမ်းပို့ရတဲ့ကိန်းတော့ မလုပ်ကြနဲ့ ဆရာတို့"

"အေးပါကွာ .. လက်နှစ်လုံးထဲပါ"

"ဘာလဲ ဂေါ်ဇီလာ လက်နှစ်လုံးလား"

အဲဒီညက ပျော်ရွှင်စရာကောင်းပါတယ်။ ဒါပေမယ့် ကိုလေး လုံးဝ ရောက်မလာခဲ့ပါဘူး။ ဆယ့်နှစ်နာရီ ဟက်ပီးနယူးရီးယား အော်ပြီးတော့ ကျွန်မနဲ့ ကိုယ်က ပြန်ကြပါတယ်၊ ဒါတောင် ကိုယ်ကျ မြန်ချင်...၊

နောက်ရက်တွေမှာ ကိုလေးနဲ့ ကျွန်မ လုံးဝကို မဆုံဖြစ်ကြပါ။ နောက်တစ်ပတ်အကြာမှာတော့ ဆောင်းမနက်ခင်းတစ်ခုမှာ ကိုလေး ကျွန်မဆီကို ရောက်လာပါတယ်..။


ပြီးတော့ မထင်မှတ်တဲ့ စကားတစ်ခွန်းနှင့်ပေါ့..၊



www.burmeseclassic.com

www.burmeseclassic.com










"ညီမလေး အဲဒီညက ကိုယ် ကောင်မလေးတစ်ယောက်နဲ့ဇာတ်လမ်းဖြစ်ခဲ့ကြတယ်၊ ကိုလေးကို ခွင့်လွှတ်ပါ"

အမှုမဲ့အမှတ်မဲ့ စကားတစ်ခွန်းကြောင့် ကျွန်မ ကိုလေးကို မော့ကြည့်ရင်း ဟက်ဟက်ပက်ပက် ရယ်မိပါသည်။

"ကိုလေးရယ် စ,စရာရှားလို့ ဒီစကားနဲ့ စရသလား၊ ပြောပါဦး.. အဲဒီကောင်မလေးက ဘယ်သူလဲ ဂျူလီလား .. လိုပက်လား"

ကိုလေးက ကျွန်မကို အငေးသားကြည့်နေပါတယ်။ ကျွန်မကတော့ ကိုလေးကို ကြည့်ပြီး ရယ်ချင်နေပါတယ်။

"သူနာမည်က မမနိုင်တဲ့ ကိုလေးထက် အသက်ပိုကြီးတယ်"

"ဟင်!..."

မထင်မှတ်တဲ့ မြားချက်တစ်ချက်ရဲ့ဝင်မှတ်က ကျွန်မ နှလုံးသားဆီကို..၊ ကျွန်မ ပါးစပ်အဟောင်းသား..။



www.burmeseclassic.com

www.burmeseclassic.com



ကိုလေးက ခေါင်းငုံ့နေပါတယ်။ နှင်းတွေက တဝုန်းဝုန်း ပြိုကျနေသလို ခံစားရပါတယ်။ ပြီးတော့ အေးချမ်းတဲ့ နှင်းရဲ့ အထိအတွေ့က ကျွန်မခန္ဓာကိုယ်ထဲမှာ ပူလောင်မှုနဲ့ နာကျင်စေခဲ့သည်။

"ကိုလေး .."

ကျွန်မ စကားလုံးတွေကို အားတင်းပြီး ပြောခဲ့ရပါတယ်။

"ကိုလေး .. ပြော .. နေ .. တာ .. တကယ်ပဲလား .."

ကျွန်မ အရှုံးဖြစ်စေမယ့် မေးခွန်းရဲ့ အဖြေအတွက် သူ ခေါင်းညိတ် ပြခြင်းက အဖြေတဲ့လား ...၊

"ကိုလေး သွားတော့မယ်"

ခွင့်လွှတ်ပါဆိုတဲ့ စကားတစ်ခွန်းတောင် မသုံးဘဲ အစိမ်းဖြတ်ဖြတ်တယ်ဆိုတာ ဒီလိုအဖြစ်မျိုးလား ကိုလေး..၊ ကျွန်မ မျက်ဝန်းအိမ်ထဲမှာ ကျွန်မကိုကျောခိုင်းသွားတဲ့ ကိုလေးရဲ့ ထွက်ခွာခြင်းက မှုန်ဝါးစေသည်။

မနက်ဖြန်တွေကို ကျွန်မ ဘယ်လိုရင်ဆိုင်မလဲ ကိုလေး..၊ ကျွန်မ မျှော်လင့်ခဲ့တဲ့ မျှော်လင့်ချက်တွေ၊ အနာဂတ်တွေကို ကျွန်မ ဘယ်လို အသုံးချရတော့မလဲ ကိုလေး..။

အဲဒီနေ့က စက်ရုံကိုသွားရတဲ့ ခြေလှမ်းတွေဟာ အသက်မဝင်ခဲ့ပါဘူး။ ရည်ရွယ်ချက်ရှိရှိနဲ့ ကျွန်မ ရင်ကွဲအောင် သူ စေ့စပ်ခဲ့တာလား..။

"နင် ဘာဖြစ်နေတာလဲ ကျော်ကျော်"





မိစံက မှုမှုန်တဲ့ ကျွန်မပုံစံကြောင့် လှုရှင်းတဲ့တစ်နေရာကို ခေါ်ပြီး မေးပါတယ်။ ကျွန်မ ရှိုက်ကြီးတငင်ငိုပြီး သူမကို ဖက်တွယ်ထားတော့ မိစံ စိုးရိမ်စိတ်နှင့် နှစ်သိမ့်ပါတယ်။

"ဟဲ့ .. နင် ဘာဖြစ်နေတာလဲ ပြောဦးလေ၊ နင်ပြောပြမှ ငါတို့သိမှာပေါ့၊ တိတ် .. တိတ် .. အန်တီခင် တွေ့သွားရင် မကောင်းဘူး"

ကျွန်မ မျက်ရည်တွေကို လက်ခုံနဲ့ သုတ်ပစ်လိုက်ပါတယ်။ ချစ်သူရဲ့ ဝစ်ပယ်ခြင်းခံလိုက်ရတဲ့ နှလုံးသားရဲ့ သိက္ခာတရားက မြေပြင်မှာ နင်းခြေ ကြေမွနေမှာပါ။

ကျွန်မ အဖြစ်အပျက်တွေကို ပြောပြတော့ မိစံ စိတ်မကောင်းဖြစ်သလို၊ ဒေါသတွေလည်း ထွက်လို့ပေါ့ ...။

"ဒါ သက်သက် စော်ကားတာ၊ လူတစ်ယောက်ကို အလွယ်တကူ ချစ်ပြီး အလွယ်တကူ လမ်းခွဲလို့ရလား၊ နင့်ကောင်က ယောက်ျားစိတ် ဓာတ်ရော ရှိရဲ့လား ကျော်ကျော်"

ကျွန်မကတော့ မျက်ရည်ကျရုံကလွဲပြီး ဘာမှမတတ်နိုင်ခဲ့..။

"နင် ငိုမနေနဲ့တော့ ကျော်ကျော်၊ ဒီလိုယောက်ျားမျိုးနဲ့ စောစော လမ်းခွဲလိုက်ရတာ နင် ကံကောင်းတယ်လို့ပဲ မှတ်ဟာ..နော်.."

"ဟင့်အင်း.."

ကျွန်မရဲ့ ငြင်းဆန်မှုကြောင့် မိစံက တအံ့တဩနဲ့ ကျွန်မကို ကြည့်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကိုလေးကို ဘယ်လောက်ချစ်လဲ .. နင် အသိဆုံးပါဟာ.."

မိစံ ကျွန်မကို သနားစရာသတ္တဝါတစ်ကောင်လို ကြည့်နေပါတယ်။

"ဒီပွဲမှာ နင် ရှုံးနေပြီလေ သူငယ်ချင်း၊ အဲဒီအရှုံးကို တည်တည်ငြိမ်ငြိမ်နဲ့ လက်ခံလိုက်ဖို့ နင် အရေးကြီးတယ်၊ ဒါတွေကို ခဏ မေ့ထားလိုက်ဟာ .. အလုပ်ထဲ ဝင်ကြစို့"

ကြေကွဲခံစားနေရဖို့ထက် လောလောဆယ် အလုပ်ဝတ္တရားက ပိုအရေးကြီးနေပါတယ်။ တစ်နေကုန် အလုပ်တွေကို တစ်ခုပြီး တစ်ခု လုပ်နေရင်း ကျွန်မ ဘယ်သူနဲ့မှ စကားမပြောမိပါဘူး။ မိစံက နားလည်စွာနဲ့ နေပေးပါတယ်။

"ကျော်ကျော် အန်တီခင်က တွေ့ချင်လို့တဲ့"

လုပ်ဖော်ကိုင်ဖက်တစ်ယောက်က လာပြောတော့ ကျွန်မ အန်တီခင်ရဲ့ သီးသန့်အခန်းထဲကို ဝင်ခဲ့မိပါတယ်။

"လာ .. သမီး .. ထိုင် .."

ကျွန်မ အန်တီခင်ရဲ့ မျက်နှာချင်းဆိုင် ထိုင်ခုံမှာဝင်ထိုင်တော့ အန်တီခင်က ကျွန်မမျက်နှာပေါ်က အရိပ်တွေကို အကဲခတ်မိဟန်တူပါသည်။

"ကျော်ကျော် ဘာဖြစ်လို့လဲ .. နေမကောင်းလို့လား"

ကျွန်မ မငိုမိအောင် အားတင်းခဲ့ရင်း...

"ဟုတ်ကဲ့ .. အန်တီခင်၊ ခေါင်း နည်းနည်းကိုက်လို့"





"ဒြော် .. ဒါဆိုလည်း သမီး စောစောပြန်ပြီး အနားယူလိုက်ပါလား၊ ဒြော် .. ဒါနဲ့ .. တစ်ပတ်လောက် ဝလာစာကဆိုင်မှာ သွားထိုင်ပေးပါလား၊ ညည်းတို့ မမခွေနဲ့ အိအိဟန်က အလုပ်ကိစ္စနဲ့ ခရီးထွက်စရာရှိလို့ ဟိုမှာ ဝတ်ရည်နဲ့ ခသူ နှစ်ယောက်ပဲရှိတော့ မနိုင်မနင်းဖြစ်နေမှာစိုးလို့"

"ဟုတ်ကဲ့ အန်တီခင်"

ကျွန်မ ခေါင်းညိတ်ပြတော့ အန်တီခင်က ပြုံးပြရင်း ...

"ကဲ .. စောစောပြန်တော့.. ဒြော် .. ပြီးရင် ဒေါ်မြမြဝင်းကို အန်တီခင့်ဆီ လွှတ်လိုက်ပါကွယ်"

"ဟုတ်ကဲ့ .. သမီး ပြန်တော့မယ်နော် အန်တီခင်"

ကျွန်မ အပြန်လမ်းမှာ လူတစ်ယောက် လမ်းလျှောက်တာနှင့်တော့ဘဲ စက်ရုပ်တစ်ရုပ်နှင့်တူနေခဲ့တာကို ကိုယ့်ကိုယ်ကိုယ် သိနေခဲ့ပါတယ်။

ဣ ❀ ဣ



www.burmeseclassic.com

www.burmeseclassic.com



"ဟာ!... ယုတ်မာလိုက်တဲ့လူဟာ..၊ ငါ သွားတွေ့မယ် ကျော်ကျော်"

အဖြစ်အပျက်တွေကို မသူကို ပြောပြတော့ မသူက မခံမရပ်နိုင်စွာ အခုလိုပြောပါတယ်။

"ထားလိုက်ပါဟာ .. ကာယကံရှင်က ငါပါ"

ကျွန်မရဲ့ စကားကြောင့် မသူက နှုတ်ခမ်းတစ်ဖက်တွန့်ကွေးစွာ ခနဲ့တဲ့တဲ့ပြုံးရင်း...

"အေး .. ကာယကံရှင်က နင်မို့လို့၊ ငါ့လိုမိန်းမဆိုရင် ကိုလေးဆိုတဲ့ကောင်ရဲ့ပါးကို ဘယ်ပြန်ညာပြန် ရိုက်ပစ်တယ် ကျော်ကျော်"

မသူက အခုမနက်မှ သိရတော့ ဒေါသတွေ ထွက်နေပါသည်။ ပလာဇာကိုသွားမယ့် ဘတ်စ်ကားတစ်စီး ထိုးဆိုက်တော့ နှစ်ယောက်အတူ တက်မိပါသည်။





မသူက ဘတ်စ်ကားကားခကို လှမ်းပေးရင်း ကျွန်မကို ခပ်တိုးတိုး မေးသည်။

"ဒီကိစ္စကို ကိုမိုး သိပြီးပြီလား .."

"မသိသေးဘူး ထင်တာပဲ၊ သိရင် ကိုမိုး ငါ့ဆီလာမယ်ထင်တယ်"

"တောက် .."

မသူက စိတ်မထိန်းနိုင်ဘဲ တောက်ခေါက်တော့ မသူဘေးက လူက တွန့်သွားရင်း မသူကို မရဲတရဲကြည့်တော့ မသူက မျက်စောင်းထိုးသည်။ ထိုလူက မသူ့ရဲ့မျက်စောင်းဒဏ်ကြောင့် ကားအတက်အဆင်းနားမှာ သွားရပ်တော့ စပယ်ယာက မဆင်းသေးဘဲ လာရပ်တာကြောင့် ဆူပူ မာန်မဲပြန်ပါသည်။

ပလာဇာမှာရပ်တော့ နှစ်ယောက်အတူဆင်းတော့ တိုလေးတို့ဆိုင်က ကိုလေးသူငယ်ချင်းနှင့် တွေ့ပြန်ပါတယ်။

"ကျော်ကျော် .. ညည်းလူကို ပြစ်မထားနဲ့နော်၊ ဒီကောင် မမတစ်ယောက်နဲ့တွဲနေတာ နှစ်ခါ၊ သုံးခါ တွေ့တွေ့နေရတယ်ဟာ"

"ကိုလေးဆိုတဲ့လူက သဘောမှ မကောင်းတာကို"

"ဗျာ!..."

မသူ့ရဲ့စကားကြောင့် ကိုလေးသူငယ်ချင်းက လန့်ဖျန့်သွားပါတယ်။

"ခင်ဗျားတို့ ရန်ဖြစ်ထားကြလို့လား"

ကျွန်မကို ဦးတည်ပြီး မေးပေမယ့် မသူက ပြန်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မသူငယ်ချင်းနဲ့ ရှင့်သူငယ်ချင်းက ရန်ဖြစ်တာဆိုရင် တော်သေးတာပေါ့၊ တော်ပါတော့ရှင် .. ဆက်ပြောရင် ကျွန်မ ပိုပြီး ဒေါသဖြစ်မိလိမ့်မယ်"

"ဟုတ် .. ဟုတ်ကဲ့"

ကျွန်မနှင့် မသူ ကိုလေးသူငယ်ချင်းရှေ့က ထွက်လာတော့ ကိုလေး သူငယ်ချင်းက ခေါင်းကုတ်ပြီး ကျန်ခဲ့ပါတယ်။

"သူ့သူငယ်ချင်းတွေ မသိသေးဘူး ထင်တယ်"

မသူစကားကို ကျွန်မ ခေါင်းညိတ်ရုံပဲ တုံ့ပြန်မိပါတယ်။ အလုပ်တာဝန်ဝတ္တရားတွေကြားမှာ အချစ်နာကျတဲ့ဒဏ်က အလူးလဲခံနေရပါသည်။ နောက်ပြီး ကျွန်မကိုလေးကို တွေ့ချင်နေမိသည်။ အကြောင်းပြချက်မရှိဘဲ လမ်းခွဲသွားရတဲ့ အကြောင်းရင်းက ဘာလဲ..၊ ကိုလေးကို ရင်ဆိုင်ကြည့်ပြီး ကျွန်မ မေးကြည့်ချင်ပါတယ်။

အလုပ်ပါးလို့ ကိုလေးတို့ဆိုင်ရှေ့က ဖြတ်လျှောက်ရင်း ဆိုင်ထဲကို ကြည့်တော့ ကိုလေးက ကျွန်မကို မြင်နေပါလျက်နှင့် မမြင်ဟန်ပြုတာလည်း ကျွန်မ သိသည်။ တစ်ခါတလေ သတိရစိတ်ကြောင့် မမြင်ကွယ်ရာက ငေးကြည့်ရင်း ပြန်ခဲ့ရတာ များပါတယ်။

တစ်နေ့ပေါ့..၊ သန့်စင်ခန်းက အပြန်လမ်းမှာ ကိုလေးနှင့် မျက်နှာချင်းဆိုင်ဆုံမိတော့ နှစ်ဦးသား မရည်ရွယ်ဘဲ ခြေလှမ်းတွေ ရပ်တန့်သွားကြပါတယ်။





"ကိုလေး .. ခဏ"

ကျွန်မ ပြောချင်နေတဲ့ စကားလုံးတွေက ဘာလို့ လည်ချောင်းမှာ တစ်ဆို့နေရတာလဲ..။

"ဟို .. ကိုလေး အရေးတကြီး ကိစ္စရှိလို့"

ပြောပြီး ခပ်မြန်မြန် ဖြတ်လျှောက်သွားတဲ့ ကိုလေးကို ကျွန်မ စိတ်နာသင့်ပေမယ့် နှလုံးသားက မမာကျောနိုင်..။

ဒါဟာ သေရာပါ ခင်ကြွေးလား ကိုလေးရယ်..။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို!.. မမတစ်ယောက်နဲ့ မင်း လက်ထပ်တော့မယ် ဟုတ်လား မောင်မောင်"

ကျွန်တော် ဝုန်းခနဲထရပ်တော့ ဒီကောင် ခေါင်းကိုငုံ့ပြီး မြေကြီးပေါ် ကြည့်နေမိပါတယ်။ သောင်းစုက စာသင်ခန်းထဲက ထွက်သွားပါတယ်။

ဒီနေ့ သင်တန်းမရှိလို့ စာသင်ခန်းမထဲမှာ ကျွန်တော်နှင့် မောင်မောင် နှစ်ယောက်ထဲ..။

အရေးတကြီးကိစ္စရှိလို့ ငါလာခဲ့မယ်လို့ ဖုန်းဆက်တော့ ဒီကိစ္စမျိုးလို့ ကျွန်တော် မထင်...။

"မင်း ဘယ်လိုလူစားလဲ မောင်မောင် .. မင်းမှာ ကျော်ကျော်ဆိုတဲ့ မင်းကို နားလည်ပေးတဲ့ ချစ်သူတစ်ယောက် ရှိနေတယ်ဆိုတာ





...င်း မသိတာလား .. ပြောစမ်းပါ၊ မင်းစိတ်ဓာတ်တွေ ကျနေတုန်းက ...င်းနားမှာ ဖေးမရတာက ဘယ်သူလဲ .. မင်းကွာ မင်းမို့လို့ ဒီကောင်မ ...ကို အထိနာအောင် လုပ်ရက်တယ် မောင်မောင်ရာ .. တောက်.."

လည်ချောင်းအကြောတွေ ထင်းခနဲဖြစ်အောင် အံကြိတ်မိသည်။ ...င်မောင်က ကျွန်တော့်ကို မော့ကြည့်သည်။ အပြစ်ရှိသူတစ် ...ကာက်ရဲ့ မျက်လုံးတွေ ..၊

"သူ့နာမည်က မမခိုင်တဲ့..၊ သူက ချမ်းသာတယ်၊ နိုင်ငံခြားကို ...တဲ့ အဆက်အသွယ်ရှိတယ်၊ သူနဲ့ငါ New Year ညမှာ သူငယ်ချင်း ...မှ မိတ်ဆက်ပေးရင်းနဲ့ ချစ်မိကြတာ"

မောင်မောင့်စကားကြောင့် ကျွန်တော် ဟားတိုက်လို့ ရယ်မိပါသည်။

"တစ်ရက်တည်းတွေ့ပြီး တစ်ညတည်းချစ်တဲ့ မင်းတို့အချစ်က ...လိုလဲ တော်တော်ဂုဏ်သိက္ခာရှိတဲ့ အချစ်ပဲ..၊ ချမ်းသာတာ တစ် ...ည်းကြည့်တတ်တဲ့ မင်းအကျင့်..၊ ကိုယ် လမ်းပွင့်ဖို့ ကိုယ့်နှလုံးသား ...ထိုးကျွေးတဲ့ မင်းရဲ့သိက္ခာတရားကို ငါ ရွံတယ် မောင်မောင်၊ ...ဦး .. မိကျော်မှာ ဘာပြစ်ချက်တွေရှိလို့လဲ..၊ ဘာချို့ယွင်းချက်ရှိ ...ရှင်းပြပါဦး"

ရင်ထဲက ဒေါသတရားကို ငြိမ်သက်အောင် ထိန်းသိမ်းပေမယ့် ...ပြေ..။ မောင်မောင်က သက်ပြင်းချပါတယ်၊ ပြီးတော့ တိုးတိုး ...လာတဲ့ စကားသံက အစုလို..။



www.burmeseclassic.com

www.burmeseclassic.com



"သူက ချစ်သူထက် အလုပ်ကို ပိုခုံမင်တယ် ကိုလေး..၊ သူ
စက်ရုပ်တစ်ရုပ်ထက် မပိုပါဘူး"

"ဘာကွ!.."

ကျွန်တော့်စိတ်ကို မတားဆီးနိုင်တော့ဘဲ ဒီကောင့်မေးရိုး
အားကုန်ထိုးမိတော့ ခုံတွေကြားမှာ ဒီကောင် လဲကျသွားပါသည်။

"ကိုလေး .."

သောင်းစုက အပြေးအလွှားရောက်လာပြီး သူ့ကိုဆွဲတော့..

"ငါ့စိတ် ငါ သိပါတယ်၊ ဒီမှာ မောင်မောင် .. အပြစ်မရှိတဲ့သူ
ရှာကြံပြီး အပြစ်မရှာနေပါနဲ့ကွာ..၊ အေး .. ချစ်သူထက် အလုပ်ကို
ခုံမင်တယ်ဆိုတဲ့ မိကျော် .. သူ ဘာကြောင့် အလုပ်တွေကို ပိုလုပ်
သလဲ မင်း သိလား"

လဲကျနေရာက ပြန်ထပြီး မောင်မောင်က နှုတ်ခမ်းစွန်းက သွေး
စေးကို သုတ်သည်။

"အေး .. အဲဒါ မင်း နောက်တစ်ကြိမ် မလေးကိုပြန်ထွက်
အတွက် သူ ပိုက်ဆံတွေစုနေရတာ .."

ဖျတ်ခနဲ ကျွန်တော့်ကို အလန့်တကြားကြည့်လိုက်တဲ့ မောင်
မျက်ဝန်းဟာ မယုံကြည်မှုတွေ ...

"မင်း ပြန်တော့ မောင်မောင်၊ ဒီနေရာက အမြန်ဆုံး လှည့်ထွ
တော့၊ မင်း ငါ့ရဲ့အပေါင်းအသင်းစာရင်း သက်တမ်းတိုးခွင့် မရှိတော့





မောင်မောင်၊ တစ်ခုတော့ ပြောလိုက်ပါမယ်..၊ ချစ်ခြင်းမေတ္တာကို စော်
ကားခဲ့သူဟာ ချစ်ခြင်းမေတ္တာက ဒဏ်ရိုက်တာကို ပြန်ခံစားရလိမ့်မယ်..
ဒါပဲ"

ကျွန်တော် ဘေးကခုံမှာ ဝင်ထိုင်လိုက်ပါတယ်။ ကျောက် ရုပ်တစ်
ရုပ်လို ငြိမ်သက်နေသူ မောင်မောင် အရှိန်အဟုန်ကြာသည်အထိ ရပ်
နေပါတယ်။

နောက်တော့ ငြိမ်သက်နေတဲ့ စာသင်ခန်းလေးက ထွက်ခွာသွား
ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



**ကို**ယ်က သွားပြီလို့ပြောတာ ထမင်းရျိုင့်ဆွဲပြီး ထွက်သွားပေါ့တယ်။ ကျွန်မ ဘုရားဝတ်ပြုသည်။ အိပ်မက်ဆိုးတွေကြားက ရုန်းထွက်ခွင့် ရပါစေသားလို့ ဆုတောင်းမိခဲ့ပါတယ်။ ကျွန်မ ဘုရားဝတ်ပြုပြီးတော့ အထမှာ မျက်ဝန်းက အိမ်ထရံမှာ ညှပ်ထားတဲ့ ကိုလေးရဲ့ဓာတ်ပုံကို တွေ့မိပါသည်။

ဓာတ်ပုံထဲမှာတော့ ကိုလေးက လက်ပိုက်ပြီး လွှတ်လွှတ်လပ်လပ် ရယ်မောနေပါသည်။ ကျွန်မ ကိုလေးကို ပြောပြခဲ့ဖူးပါသည်။

'ကိုလေးမျက်နှာ[illegible] ကလေးတစ်ယောက်လို အပြစ်ကင်းတယ်' လို့ ပြောပြတော့ ကိုလေး သဘောကျစွာ ရယ်လိုက်တာ။ ကျွန်မ နာနာကျင်ကျင် ပြုံးလိုက်မိပါတယ်။ ဓာတ်ပုံထိုးညှပ်ထားတဲ့ နေရာကိုရောက်လို့ ညှပ်ထားတဲ့ဓာတ်ပုံဖြုတ်ဖို့ လက်ကို အလှမ်းမှာ ...





"သမီးရယ် ထရံက သားရဲ့ဓာတ်ပုံကို ညှပ်ထားရလို့ မလေးပါဘူး။ သူ့အတိုင်းပဲ ထားလိုက်ပါကွယ်"

"အမေ ..."

အမေက ကျွန်မအနား လျှောက်လာပြီး ဆံနွယ်တွေကို ပွတ်သပ်နှစ်သိမ့်တော့ ကျွန်မ ဟန်မဆောင်နိုင်စွာ အမေ့ရင်ခွင်ထဲမှာ ခေါင်းဝှက်ကာ ရှိုက်ငိုမိပါသည်။

"အမေ မနေ့ကတည်းက မသူ ပြောပြလို့ သိပြီးပါပြီ သမီး အမှုအရာပျက်နေကတည်းက အမေက တစ်ခုခုပဲလို့တော့ ထင်နေတာ၊ တိတ် .. တိတ် မငိုနဲ့ သမီး..၊ ဝဋ်ကြွေးရှိလို့ ပေးဆပ်နေရတယ်ပဲ မှတ်လိုက်ကွယ်၊ အခု အဖြစ်အပျက်တွေက သမီးကြောင့်မဟုတ်ဘဲ တောင်လေး သွားလမ်းသာလို့ ဖြောင့်တန်းပါစေကွယ်"

အမေက ကိုလေးကို သားအရင်းလို ချစ်တတ်တဲ့သူ၊ အခုလည်း ဘာရည်ရွယ်ချက်နဲ့ အခုလို ဆုတောင်းတွေ တောင်းပေးနေသည် မသိပါ။

"ကျော်ကျော် .."

ခေါ်သံကြောင့် လှမ်းကြည့်တော့ ကိုမိုး..၊ ကိုမိုးက စိတ်မကောင်းဟန်နှင့် သက်ပြင်းချနေရင်း အိမ်ပေါက်ဝမှာ ရပ်နေပါတယ်။ အမေက အရိပ်အခြေကို နားလည်စွာ..

"ကဲ .. မင်းတို့မောင်နှမတွေ စကားပြောနှင့်ကြ..၊ ခေါ်လေး မှုက်ရှုပြုတ်ရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ .. ဒေါ်လေး"

မခြောက်သွေ့သေးတဲ့ မျက်ရည်စက်တွေကို သုတ်ဖယ်တော့...

"အခုအချိန်မှာ ကျော်ကျော် ဘယ်လောက်ခံစားနေမလဲ ကျွန်တော် သိပါတယ်..၊ အလွယ်တကူ မေ့ဖို့ဆိုတာလည်း မဖြစ်နိုင်ဘူးဆိုတာ ကျွန်တော် နားလည်ပါတယ်၊ ဒါပေမယ့် ကြိုးစားပြီး အတင်းမေ့ပစ်ရမှာပဲ ကျော်ကျော်"

ကျွန်မ ကိုမိုးကို အားကိုးတကြီး မော့ကြည့်မိသည်။ ကိုမိုးရဲ့ မျက်ဝန်းတွေက အားပေးနှစ်သိမ့်တဲ့ စာနာနားလည်မှုတွေ တွေ့နေရပါတယ်။

"ဟုတ်တယ် .. ကြိုးစားပြီး မေ့ပစ်ရမှာပဲလေ..၊ အချစ်ကို တန်ဖိုး မထားတတ်တဲ့သူအတွက် ရင်ထဲမှာ အလေးခံပြီး ခံစားနေရတာဟာ ကိုယ့်နှလုံးသားကို ကိုယ် ပြန်နှိပ်စက်တာနဲ့ အတူတူပဲ ကျော်ကျော်"

"ပြောပါ ကိုမိုး .."

"ပျော်ပျော်နေပါလို့ မပြောချင်ပေမယ့် စိတ်တည်တည်ငြိမ်ငြိမ်နဲ့ အလုပ်ထဲမှာ အာရုံနှစ်ပြီး သူ့ကို မေ့နိုင်အောင် ကြိုးစားပေါ့"

ကျွန်မ ခေါင်းညိတ်ပြမိပါသည်။ ဒါပေမယ့် မလွယ်ပါဘူး ကိုမိုးရယ် .. ကိုမိုးပြောပြတဲ့ စကားတွေအတိုင်း နှလုံးသားနဲ့ စိတ်က လိုက်လုပ်ဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား..။

"ကဲ .. စက်ရုံသွားမှာလား။ ကျွန်တော် လိုက်ပို့ပေးမယ်"





"ဟင့်အင်း .. ကျွန်မ ဒီတစ်ပတ်လုံး ပလာဇာမှာ လူစားဝင်ပေးရမှာ"

"ဪ .."

ကိုမိုးက တစ်ခုခုကို ရိပ်စားမိပုံရပါတယ်။ ကိုမိုးက အမေ့ကို နှုတ်ဆက်ပြီး ကားဂိတ်အထိ လိုက်လာပါတယ်။ ကားဂိတ်ရောက်တော့ ကျွန်မက ...

"စိတ်ချလက်ချပြန်ပါ ကိုမိုး..၊ ညီမ မမိုက်မဲပါဘူး"

"ကောင်းပြီလေ..၊ နောက် အားမယ့်ရက်တွေ ကျွန်တော် လာခဲ့ပါ့မယ်"

"ကျေးဇူးပါပဲ ကိုမိုး။ သွားပြီ .."

ဘတ်စ်ကားကလည်း လာနေတော့ ကျွန်မ ကိုမိုးကို နှုတ်ဆက်ပြီး ကားပေါ်တက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့စိတ်က ဘယ်လိုမှ ဆုံးမလို့မရဘူး ထင်ပါရဲ့…၊ သတိရစိတ်တွေ .. လွမ်းတဲ့စိတ်တွေနဲ့ လုံးထွေးရင်း ကိုလေးကို နာကျင်ကြည့်တော့လည်း မလွယ်ကူ..။ နောက်တော့ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပါတယ်။ ပလာဇာကို မသွားခင် တစ်ခါက ကိုလေးပြောဖူးတဲ့ လိပ်စာအတိုင်း မနက်စောစော ထွက်လာခဲ့ပါတယ်။

"ဝိုက်တောဝါလား"

"ပါတယ်"

ကားမှတ်တိုင်မှာ ကားရပ်တော့ ကျွန်မ ကားပေါ်ကဆင်းပြီး ကားဂိတ်ဘေးက လက်ဖက်ရည်ဆိုင်လေးမှာ ထိုင်ခဲ့ပါတယ်။

ဆိုင်စဖွင့်ချိန်မို့ နှင်းတွေက ဝေနေသလို အေးစက်တဲ့နှင်းတွေကြောင့် ကျွန်မ အနွေးထည်ကို ရင်ဘတ်သွဲ့စေ့ရင်း လက်ဖက်ရည်တစ်ခွက်နှင့်အတူ ကိုလေးကို မျှော်နေမိခဲ့ပါတယ်။





အိပ်မက်ဟောင်းတွေဟာ အခုလို နှင်းတွေဝေနေတဲ့ ဆောင်းလိုပါပဲ။ အေးမြမယ်ထင်ခဲ့တဲ့ ချစ်ခြင်းမေတ္တာတရားဟာ အေးစက်စွာ ထိုယ်ကို နေလို့မရအောင် ချမ်းတုန်နေခဲ့ပါပြီ။

ကျွန်မ မျှော်လင့်ထားသလို မနက်ခုနစ်နာရီခွဲကျော်ကျော်မှာ ကိုလေးကို တွေ့လိုက်ရပါတယ်။ အံ့ဩမှုတွေနှင့်အတူ ကျွန်မကို သူ ငေးကြည့်နေပါတယ်။ နောက်တော့ ကျွန်မထိုင်နေရာဆီ လျှောက်လာပါတယ်။

ကိုလေး ကျွန်မရှေ့မှာထိုင်တော့ ကျွန်မက စားပွဲထိုးလေးကို…

"ချိုဆိမ့်တစ်ခွက်"

ဖျတ်ခနဲ မော့ကြည့်တဲ့ ကိုလေးမျက်ဝန်းက သတိရမှုလား သံယောဇဉ်တရားလား…၊ နောက်တော့ ကိုလေးဆီက သက်ပြင်းချသံကြားရပါတယ်။ တစ်ယောက်နဲ့တစ်ယောက်လည်း စကားမပြောမိကြ..။ မကြာမီ နေရောင်ခြည်ဆင်းသက်လာတော့မယ့် အရိပ်အခြေကို တော်ဝန်းကျင်မှာ သတိပြုမိသည်။

"ကိုလေး အခုလကုန် မမနဲ့လက်ထပ်တော့မယ် ညီမလေး"

သံယောဇဉ်မကင်းတဲ့ အခေါ်အဝေါ်တွေ ဘာလို့သုံးနှုန်းနေသလဲ ကျွန်မ မေးကြည့်ချင်ပေမယ့် မမေးဖြစ်တော့ ကိုလေးက သူ လွယ်ထားတဲ့ အိတ်ထဲက ဇိတ်စာတစ်စောင်ကို ကမ်းပေးသည်။

ကျွန်မ လက်တွေ မတုန်ရီတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သင်းပျံ့တဲ့ရနံ့နဲ့ ဖိတ်စာလှလှလေးတစ်စောင်ကို ကျွန်မ ဖွင့်ကြည့်တော့ ကျင်းပမယ့်နေရာက နာမည်ကြီး ဟိုတယ်တစ်ခု။

"ကိုလေးကို ခွင့်မလွှတ်ပါနဲ့ ညီမလေး"

"ခွင့်မလွှတ်ပါနဲ့ .. ဟုတ်လား .."

ကျွန်မရဲ့ မျက်ရည်တစ်စက် လက်ဖက်ရည်ပန်းကန်ထဲကို စွန်ဆင်းသွားခဲ့ပါတယ်။ ကျွန်မ အဲဒီ လက်ဖက်ရည်တစ်ခွက်ကို သောက်လိုက်ပါတယ်။

"ကျွန်မမှာ ဘာအပြစ်ရှိလို့ ကိုလေး ကျွန်မကို ထားခဲ့ရတာလဲဟင်..၊ အဲဒီအဖြေကတော့ ကိုလေး ပြောပြသင့်ပါတယ်"

ကိုလေး အနေခက်စွာ ရှိနေပါသည်။ နောက်တော့ မျက်နှာကို လက်ဖဝါးနှစ်ခုနှင့် ပွတ်လိုက်ရင်...

"အမှန်အတိုင်းပြောရရင် ကိုလေး ညီမလေးနဲ့ချစ်ရတာ ဖျင်းလာပြီ၊ ညီမလေးက စက်ရုပ်တစ်ရုပ်လိုပဲ"

ကိုလေးစကားကြောင့် ကျွန်မ ဒေါသမဖြစ်မိ..။ ပွဲသိမ်းဖို့ ထုံလောက်တဲ့အဖြေတစ်ခုအတွက် ဒီစကားကို ကျွန်မ နှစ်သက် လက်ခံလိုက်ပါတယ်။

"ကျေးဇူးပါပဲ ကိုလေး .. ကျွန်မ သွားတော့မယ်"

နေရောင်က နှင်းကို ဖယ်ရှားခဲ့ပါပြီ။ ကျွန်မ တစ်ခွက်ဖိုးကို ကျွန်မ ထုတ်ပေးပြီး ကျွန်မ ထွက်လာခဲ့ပါတယ်။





အဲဒီနေ့ကစပြီး မေ့သင့်ပြီလို့ထင်ခဲ့တဲ့ အချစ်ကို မေ့နိုင်အောင် ကြိုးစားခဲ့ပါတယ်။

သတင်းတွေက ပလာဇာတစ်ခုထဲမှ အမြဲ ကြားနေရပါတယ်။ ကိုလေး မမရဲ့တိုက်ခန်းကို ဝင်ထွက်နေတာ၊ မကြာခင် မင်္ဂလာပွဲကို ကျင်းပမှာ၊ မမနိုင်လို့ ကိုလေးရဲ့မမက အသက်ကြီးပေမယ့် ပြင်ဆင်မှုကြောင့် လှတယ်ဆိုတဲ့ စကားထက် ၁ွှက်လက်မှုနှင့် ဆက်ဆံရေးကရဲတင်းတယ်။ ပြီးတော့ ဘန်ကောက်မှာ ကျောင်းသွားတက်ပြီး ပြန်လာခဲ့တဲ့လူလေး။

မသူက ပြောပါတယ်။

"နှင်က သူ့လိုမရဲတင်း မကလက်တော့ ဟိုတစ်ယောက် နောက်ပါသွားတာပေါ့တဲ့"

ကျွန်မ ပြုံးနေလိုက်ပါတယ်၊ စိတ်တွေက လေမှာလွင့်ချင်ပေမယ့် သတိနဲ့ထိန်း၊ အလုပ်နဲ့ ထိန်းသိမ်း သော့ခတ်လိုက်ပါတယ်။


ဒီဘဝတော့ ဒီမျှပေါ့ ကိုလေးရယ်..၊



www.burmeseclassic.com

www.burmeseclassic.com










"မင်္ဂလာပါ ကျော်ကျော်"

"မင်္ဂလာ မဆောင်ချင်တော့ပါဘူး ကိုမိုးရယ် .."

သူမ ပျော်ရွှင်သွားအောင် စလိုက်ပေမယ့် ပြန်တုံ့ပြန်လိုက်တဲ့စကား ကြောင့် ကျွန်တော် အနေခက်သွားတာ အမှန်ပါ၊ သူမက ပြုံးသည်။ ပြီး တော့ သူမ ထမင်းဘူးထည့်ထားတဲ့ခြင်းလေးကို လက်ပြောင်းလိုက်ရင်း...

"နှင်းတွေ မရှိတော့ပါဘူး ကိုမိုးရယ် .. မိုးလင်းသွားပါပြီ"

"ဗျာ!..."

ကျွန်တော် နားမလည်တဲ့ စကားတွေကြောင့် အံ့သြမိတော့ သူမ က နှစ်နှစ်ခြိုက်ခြိုက်ရယ်သည်။ ကျွန်တော် အခုလို ရယ်မောနေနိုင်တဲ့ သူမကြောင့် စိတ်ချမ်းသာမိတာ အမှန်ပါပဲ..။

"ဟုတ်တယ်လေ .. အစကတော့ အိပ်မက်ပေါင်းတွေ အတိတ် ပေါင်းတွေနဲ့ ကျွန်မဘဝက နှင်းတွေထဲမှာ ပိတ်မိနေခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ရော .."

ကျွန်တော် သူမနှင့်အတူလျှောက်ရင်း အခုလိုမေးမိတော့ သူမက တွေးတွေးဆဆ ပြောလာပါတယ်။

"အရင်က ကျွန်မရှေ့ဆက်ရမယ့် ခြေလှမ်းတွေကို သံကြိုးနဲ့ တုပ်နှောင်ပြီး လေးလံအောင် ဆွဲထားသလို ခံစားရတယ်၊ အခုတော့ သံကြိုးတွေထဲက လွတ်လာပါပြီ..၊ ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်လဲ .."

သူမမျက်ဝန်းမှာ အရင်တုန်းကလို နာကျင်ခံစားမှုတွေ မတွေ့ရ

"အချိန်ပေါင်းများစွာ တုပ်နှောင်ခံထားရတော့ နလုံးသား နည်းနည်း ရှိရှင်နေတယ်၊ သိပ်မကြာပါဘူး ပြန်ကောင်းလာတော့မှာပါ"

အချိန်တိုအတွင်း ကိုယ့်ဘဝကို ပြန်နာလန်ထူနိုင်ခဲ့တဲ့ ကောင်မလေးကို ကိုလေး လေးစားမိပါတယ်။

"အခုလို အခြေအနေမျိုးနဲ့တွေ့ရတော့ ကျွန်တော် စိတ်ချမ်းသာ မိတာ အမှန်ပဲ"

ကျွန်တော့်စကားကြောင့် ကျော်ကျော်က ဖျတ်ခနဲ လှမ်းကြည့် ပါတယ်။

"ကိုမိုးလဲ ကျွန်မကြောင့် တော်တော် စိတ်ပင်ပန်းနေမှာပဲနော်"

"အဲဒီလိုတော့ မဟုတ်ပါဘူး ကျော်ကျော်ဆိုတာလဲ ကျော်ကျော့် အစ်ကို ဧယျာနဲ့ပတ်သက်ပြီး ကျွန်တော့်ညီမလေးလိုပါပဲ၊ ပြီးတော့





ဘို..."

သူမရှေ့မှာ မောင်မောင့်နာမည်ကိုပြောဖို့ ကျွန်တော် ဝန်လေးနေ မိတာ အမှန်ပါပဲ..။

"ပြောမှာသာပြောပါ ကိုမိုး..၊ ကျွန်မ နေသားတကျ ဖြစ်နေပါပြီ"

ကျွန်တော်လည်း ဒီကောင်မလေးကို စနောက်ချင်တာကြောင့် ပြုံးစစနှင့် ပြောမိပါသည်။

"နေပွင့်နေပြီ ဆိုပါတော့"

"ထင်ရတာပဲလေ"

အမေးနဲ့အဖြေကြောင့် နှစ်ဦးသား ရယ်မိကြပါသည်။

"ဒီကောင် ဘာလို့ ဒီလမ်းကို ရွေးချယ်လိုက်သလဲဆိုတာ စဉ်းစား လို့တို မရဘူး ကျော်ကျော်"

"ကားခ သက်သာအောင် ဖြစ်မှာပေါ့"

"ဟာဗျာ .."

ကျွန်တော့်မျက်နှာ ရှုံ့မဲ့သွားပုံကြောင့် ဒီကလေးမက ဟက်ဟက် ပက်ပက် ရယ်သည်။ ကျွန်တော် သဘောကျကျနဲ့ ငေးမိရင်း ...

"အခုတော့ ရယ်နိုင်ပြီပေါ့လေ"

"ကိုမိုး နော် .."

သူမရဲ့ မျက်စောင်းဒဏ်က ရင်ကို ချိုမြိန်သလိုပါပဲ..။

"ကဲ .. ကလေးမ၊ ခင်ဗျား ဘယ်အထိသွားမှာလဲ စက်ရုံလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း .. အန်တီခင်က ပလာဇာမှာပဲ ဆောကူဦးတဲ့"

သူက ခေါင်းတညိတ်ညိတ်နှင့်...

"ဟိုကောင်နဲ့ တွေ့သေးလား"

သူမက သက်ပြင်းချပါတယ်။ နေပွင့်ပြီဆိုပေမယ့် အချမ်းဓာတ်ထားတဲ့ အငွေ့ရာက ရှိန်းတိမ်းတိမ်း ရှိပါသေးတယ်။

"ဟင့်အင်း .. ပလာဇာတစ်ခုထဲ လုပ်ခဲ့ဖူးတော့ အသိတွေဆီက မကြားချင်လည်း လာလာ ပြောကြတာပဲ၊ လက်ထပ်ပြီး မလေးကို ထွက်သွားပြီတဲ့"

"ကောင်းပါတယ်လေ .. အမြဲတွေ့နေရင် ကျော်ကျော် အနေခက်ရမှာပေါ့၊ ဒါပေမယ့် ကိစ္စတော့ မရှိပါဘူး၊ ကိုယ့်ဘက်က မှားတာမှ မဟုတ်တာ"

"ကျေးဇူးတင်ပါတယ် ကိုမိုး"

သူမ အပြောကြောင့် ကျွန်တော် မျက်ခုံးမြှင့်တက်ရင်း ...

"ခင်ဗျားက ကျုပ်ကို ဘာတွေများ ကျေးဇူးတင်နေရတာလဲ ကလေးမ"

ကျွန်တော့်ခေါ်ပုံကြောင့် ဒုတိယအကြိမ်မြောက် မျက်စောင်းထိုးချင်နေပုံ...

"ဟုတ်တယ်လေ အနားမှာ ကိုမိုးလို အားပေးတတ်သူရှိတော့ အနေရ သက်သာတာပေါ့"





*အမြဲနေခွင့်ရမလားလို့ ကျွန်တော် မေးကြည့်ချင်နေပါတယ်။*

ဒါပေမယ့် ပွဲလန့်တုန်းဖျားခင်းချင်သူလို့ စွပ်စွဲမှာကိုလည်း စိုးရိမ်မိသည်။ ဒါပေမယ့် ပွဲမဝင်ခင်ကတည်းက ကျရှုံးခဲ့သူအဖြစ်ကို ဘယ်သူ သိမှာလဲ၊

"ကဲ .. ကျွန်တော် ပြန်လိုက်ဦးမယ်"

သူမက ခေါင်းညိတ်ပြီး ဘတ်စ်ကားပေါ် တက်သွားပါတယ်။ ဆွဲခြင်းတစ်ဖက်နှင့်မို့ ပိုက်ဆံအိတ်ထုတ်ပြီး ကားခပိုက်ဆံကို မနည်း ထုတ်ယူနေစဉ်မှာ...

"ပေးပြီးပြီ၊ ကျော်ကျော် ခြင်းပေးထား"

လက်က ဆွဲခြင်းကိုလှမ်းယူပြီး ပြောလိုက်တဲ့စကားကြောင့် လန့်ဖျပ်သွားရင်း လှမ်းကြည့်တော့...

"ဟောတော် .. ကိုမိုး .. ဘယ်လိုကနေ ဘယ်လိုဖြစ်ပြီး"

"စိတ်မချလို့"

သူ့ပြောပုံကြောင့် ကျွန်မကရယ်တော့ ဘေးကအဒေါ်ကြီးက ကြေးတကြား ပြောသည်။

"အခုခေတ် ကလေးတွေများ သည်းကိုသည်းကြတယ်၊ အေးလေ .. အိမ်ကပဟာကြီးလည်း ဒီအရွယ်တုန်းက ဒီလိုပါပဲ"

ကျွန်မ ရှက်ကိုးရှက်ကန်းနှင့် ခေါင်းငုံ့ ရယ်နေလိုက်ပါတယ်။

ကု ကု



www.burmeseclassic.com

www.burmeseclassic.com



**တစ်**ကြိမ်တစ်ခါ ဆုံတွေ့ဖူးရုံနှင့် စွဲလမ်းမိတယ်ဆို ယုံကြမလား..၊ ကံတရားက အင်အားနည်းပါးသွားခဲ့ပါပြီ..။

ပြီးတော့ ကျွန်တော့်ရဲ့အချစ်ဦးပုံပြင်က ရုံတင်ခွင့်မရှိ ဇာတ်ကားတစ်ကားလိုပါပဲ..။ မှားတာရှိရင် ဝန္ဒာမိပါ ကံကြမ္မာ..၊ ငါ ရွေးချယ်ရာကို ရွေးချယ်ခွင့်ရှိဖို့ ငါသွားရာ အမှောင်လမ်းကို ချစ်သူလက်နှင့် မီးထွန်းညှိခွင့် ပြုပါ။

"အခြေအနေက ဘယ်လိုလဲ ကိုလေး၊ နောက်တစ်ကြိမ် အသည်းကွဲခွင့်ပြုပါလား .."

သောင်းစုက ကျောင်းသားမရှိတဲ့ စာသင်ဆောင်ထဲကို ဝင်လာရင်း သူ့မျက်နှာချင်းဆိုင် ခုံတန်းလျားမှာ ဝင်ထိုင်ရင်း မေးသည်။

"မင်းကြီးတော် နောက်တစ်ကြိမ် အသည်းကွဲရမှာလား"





ကျွန်တော့် ဆဲဆိုသံက ဒီကောင့်ကို အပြုံးမပျက်စေခဲ့..။

"ဟုတ်တယ်လေ လှုပ်ရှားမှုကို စ,ချင်စ .. ဒါမှမဟုတ် ကိုလေးဖြူ ချင်းထဲကလို မလုပ်နဲ့ မလုပ်နဲ့ လက်နက် ငါ ချပြီးသားလို့ သီချင်း ာ်ဆိုတော့ .."

ကျွန်တော် ရှက်ကိုးရှက်ကန်းနှင့် ပြုံးစိစိနေတော့ ဒီကောင် ာ်ခေါင်ကြုတ်ပြီး ...

"အသက်ကြီးမှ သစ်ပင်ပေါ် တက်ဆော့ချင်တဲ့ ဒီချာတိတ်ကြီးက ာ်ကိုးရှက်ကန်းကို ပီပီပြင်ပြင် သရုပ်ဖော်နေပါလား၊ အင်း .. သချိ ာ်းအရ ကြည့်ရင်တော့ တင်ဒါဝယ်ရမယ့်ကိန်းပဲ"

"မင်း အမေသား ငါက ဘာလို့ တင်ဒါဝယ်ရမှာလဲ"

သောင်းစုက ဦးကျောက်လုံးနှင့် စိုင်းအောင်တင့် ပေါင်းထား ို့ ရယ်သံနှင့်...

"အရင်ဒဏ်ရာကို (ဂျိုး)ကြေးချွတ်မလို့လေ"

"နေပါကွာ မင်း ငါ့ကို မင်းတပည့်တွေများ အောက်မေ့လို့လား"

သောင်းစုက ကွမ်းတစ်ယာကိုဝါးရင်း ဗလုံးဗထွေးနှင့်ပြောပါတယ်။

"ဟာ!... ငါ့တပည့်ဆိုရင် လုပ်သင့်တာလုပ်၊ မလုပ်ရင် နပန်ကျင်း ပြီ၊ အခုဟာက တပည့်မဟုတ်တဲ့ ဆရာဖြစ်နေတော့ အပြောရ ာ်သား..၊ အဲဒါကြောင့် လူကြီးတွေ ပြောနေကြတာ"

"ဘာများလဲ ဆရာသောင်းရယ် .."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ငေါ်တော့တော့နှင့်ပြောတော့ ဒီကောင်ကလည်း မိငေါ်တော့တော့နှင့် ဖြေပါတယ်။

"ဘုန်းကြီးလူထွက်ရယ်၊ အငြိမ်းစားကျောင်းဆရာရယ်၊ ပင်စင်စားရှေ့နေရယ် လက်ပေါက်ကပ်တဲ့ လူစားလို့ .."

"အေး .. အဲဒီလူတွေက မင်းကို ချောင်းရိုက်လိမ့်မယ်"

"ချောင်းထဲမှာ ရိုက်တာပဲကွာ..၊ မြစ်ထဲမှာ ရိုက်တာမှ မဟုတ်တာကဲ .. ဝေ့လည်ကြောင်ပတ် လုပ်မနေပါနဲ့ ဆိုပါဦး .."

"ဘာဆိုရမှာလဲ"

"ဟော့ကောင် မသိတာကို ခြင်မှုထောင်မထောင်ထားချင်နဲ့"

"မသိချင်ယောင်ဆောင်ပါကွာ"

"ထားပါတော့ အပေါင်ဆိုင်မှာ .."

ကျွန်တော် ရယ်မိသည်။ ပြီးတော့ သက်ပြင်းချရင်း...

"ဒီအချိန်မှာ ငါ သွားပြောလို့ ကောင်းပါ့မလား"

"ဒါဆို မင်းအစား ငါ ပြောပေးရမလား ကိုလေး"

"ဘာတွေ သွားပြောပေးရမှာလဲ လုပ်စမ်းပါဦးဗျ..၊ ဆရာကျောင်းတို့ .. ဆရာသောင်းတို့ရယ် .."

အသံကြောင့် အဝင်ဝကိုကြည့်တော့ ချွေးတပြိုက်ပြိုက်နှင့် စာအုပ်ကို ယပ်ခတ်လာတဲ့ ရှုပဗေဒသင်တဲ့ အောင်မောင်း...။

"ဒီကောင့် အချစ်ရေးကိစ္စပေါ့ ဆရာမောင်းရယ်"





ပြောပြီး ကွမ်းထွေးမယ် လုပ်တော့...

"ဟော့ကောင် ကိုယ်ထုတ်ထားတဲ့ စည်းကမ်းကို ကိုယ် ပြန်နင်းထိုလား .."

ကျွန်တော့်စကားကြောင့် တဟဲဟဲရယ်ရင်း ခပ်လှမ်းလှမ်းက သဲအည့်ထားတဲ့ ပုံးထဲ ကွမ်းသွားထွေးပါသည်။ အောင်မောင်းက ခပ်လှမ်းလှမ်းမှာ ထိုင်ရင်း ပြောပါသည်။

"ကြားလဲ ကြားမိပါတယ်..၊ တွေ့လဲ တွေ့မိပါတယ်..၊ ဟက်ပီးဆိုရီးယားတုန်းက ကောင်မလေး မဟုတ်လား"

"အောင်မောင်းတို့က တယ်လျှင်ပါလား"

"သိပ်သိသာနေတာကို သောင်းစုရ .. အရိပ်တကြည့်ကြည့်နှင့် မျက်လုံးတွေထဲမှာ အချစ်တွေ ဖလမ်းဖလမ်းထနေတဲ့ ဒီကောင့်ရုပ်ကြီးကို .."

အောင်မောင်း စကားကြောင့် သောင်းစုက တဟားဟား အော်ရယ်သည်။ အောင်မောင်းက ဆက်ပြောပါတယ်။

"ဒီကောင် Starting blocks လိုနေတာကွ"

"ဘာကြီး ခြေကန်တုံး ဟုတ်လား"

ကျွန်တော် ဘာမှဝင်မပြောသာ..။ အောင်မောင်းက ပြုံးစေ့စေ့နှင့် ကျွန်တော့်ကို လှမ်းကြည့်ရင်း...

"အပြေးသမားတွေအတွက် ခြေကန်တုံးက ရှေ့ကို အရှိန်ပြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြင်းနဲ့ ပိုပြေးနိုင်စေတဲ့ အထောက်အကူတစ်ခုကွ"

"ဒါဆို ဒီကောင့်နှလုံးသားကိုလည်း ခြေကန်တုံးပေါ် တင်ရမှာလား .."

သောင်းစုစကားကြောင့် အောင်မောင်းက ရှုံ့မဲ့မဲ့နှင့်...

"ငါ .. ခွီးထဲမှာပဲ.၊ ဒီလောက်တုံးရသလား"

"အဟီး .. ဆံပင်ညှပ်ဆရာ လက်လွန်သွားတာကို"

သောင်းစု စကားကြောင့် ပါးစပ်လှုပ်ရုံ အောင်မောင်းက ဆဲပြရင်း မပြီးသေးတဲ့ဇာတ်လမ်းကို ဆက်ပြန်သည်။

"ငါ ပြောတဲ့သဘောက ဒီကောင် ဖွင့်ပြောဖို့ ဖြစ်စေမယ့်အရှိန်"

"ဩော် ... အရက်သောက်သွားရမှာပေါ့"

"ဟာ!... ဟေ့ကောင် သောင်းစု .. မင်းပါးစပ်လေး ငြိမ်ငြိမ်နေပေးပါ"

သောင်းစုက သူ့ပါးစပ်ကို လက်ဝါးနှင့် ကာထားပါသည်။

အောင်မောင်းက ကျွန်တော့်ကို ပြုံးစေ့စေ့နှင့်ကြည့်ရင်း...

"ရုတ်တရက် အပြောင်းအလဲတစ်ခုက သူ့ကိုရှေ့ကို တွန်းပို့ – အဲလေ ... ဘယ်လိုပြောရမလဲ"

"ပါးစပ်နဲ့ .."

လွှတ်ခနဲ့ ထွက်သွားတဲ့ သောင်းစု စကားကြောင့် အောင်မောင်းက ဒိုင်းခနဲ မျက်စောင်းထိုးတော့ ဟိုကောင် ပါးစပ်ပိတ်သွားပါတယ်။





"အေး .. ရုတ်တရက် အပြောင်းအလဲတစ်ခုမှာ မင်း ဖွင့်ပြော.၊ သူ့အလိုလို လာမယ့် သက်ရောက်မှုပဲ"

ကျွန်တော် မျက်မှောင်ကြုတ်မိရင်း အောင်မောင်းကို ပြောမိပါသည်။

"ဘယ်လို ရုတ်တရက် အပြောင်းအလဲ..လဲ"

"အဲဒါတော့ ဆရာမောင်းလဲ မသိဘူး၊ အလွယ်ပြောရရင် နှစ်ဦးထဲ ရှိနေတဲ့အခြေအနေနဲ့ ဝန်းကျင်လဲ ဖြစ်နိုင်တာပဲ.၊ နောက်တစ်ချက်က မင်းတို့နှစ်ယောက် ရင်ဆိုင်ရမယ့် ကံကြမ္မာနဲ့လဲ ဆိုင်ချင်ဆိုင်မှာပဲ"

ကျွန်တော် သက်ပြင်းချရင်း စိတ်ပေါက်ပေါက်နှင့် ပြောမိပါတယ်။

"မင်း ပြောတာနဲ့ ခေါင်းတောင်နောက်ချင်လာပြီ ကိုအောင်မောင်းရယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့! နင်နဲ့တွဲနေတဲ့ ဥပမိရုပ်ကောင်းကောင်းနဲ့ ပုဂ္ဂိုလ်လေး
ဘယ်ကလဲ .."

အိအိဟန်ရဲ့ နောက်ရွှတ်ရွှတ်စကားကြောင့် ကျွန်မလည်း
တာနဲ့..

"အဲဒါ မနေ့က ဖလိုက်နဲ့ အင်္ဂလန်က ပို့လိုက်တာလေ"

"အင်္ဂလန်ဆို ရင်ခံနေပါဦးမယ်ဟယ် .."

ဝတ်ရည်ကလည်း ခပ်နောက်နောက်သမား ကြည်ကြည်
လင် အမျိုးအစားထဲကတော့ မဟုတ်..။

"တော်သေးတာပေါ့..၊ ရင်ခံတာမှ တော်သေးတယ် ကြာ
မဟုတ်ရင် ပြီးတာပဲ၊ တရားနာရဦးမယ်"





မမဆွေက ငွေရှင်းကောင်တာကနေ ကျွန်မကို လှမ်းကြည့်ရင်း...

"ဟော့ .. ကောင်မလေး ဟိုဘက်ဆိုင်က ဖြူဖြူသန့်တို့ကလဲ နင့်အကြောင်းကို စိတ်ဝင်စားနေတယ်နော်"

ကျွန်မ ကိုမိုးမျက်နှာကို အတွေးမှာ မြင်ယောင်ရင်း ပြုံးမိပါသည်။ အသည်းကွဲရတဲ့အကြောင်းတရားမှာ ဘေးက ဖေးမကူသူရှိတော့ အရပ်ကြိုးပြတ် ပြုတ်ကျသွားပေမယ့် အောက်မှာ အက်သောင့်သက်သာ အခုအခံ ရှိသလိုပေါ့..၊

ကျေးဇူးတင်ပါတယ် ကိုမိုးရယ်..။

"ဟောကြည့် .. သူ့လူကို သတိရသွားပြီထင်တယ်၊ ပြုံးစေ့စေ့နဲ့ ဟော့ .. ဒီကောင်မလေး သွားပေါက်ချင်လို့နဲ့ တူတယ်"

မသူက လှမ်းစတော့ အိအိဟန်က မဲ့ကာရွဲ့ကာနှင့်...

"မမဆွေ ပြောတဲ့ ဖြူဖြူသန့်ဆိုတာက လူများအတင်းအဖျင်းပဲ သိပ်သိချင်နေတဲ့ဟာတွေ"

အိအိဟန်ရဲ့ အဆိုကို မသူကလည်း ထောက်ခံပါတယ်။

"ဟုတ်ပ့ါ .. သူတို့ဆိုင် တစ်ဆိုင်လုံးက အတင်းအဖျင်းနဲ့ စပ်စုတာတော့ ဝါသနာကြီးပါတယ်"

မမဆွေက ဝတ်ရည်စကားကြောင့် အခုလိုပြောပါတယ်။

"အခုလဲ တစ်ယောက်နဲ့ပြတ်ပြီး နောက်တစ်ယောက် ပြန်ဆက်တာ မြန်ပ့ါလို့ ကျော်ကျော်အကြောင်းတော့ ပြောပြီးနေလောက်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ဘာမှဝင်မပြော..၊ ပြုံးရုံပဲနေမိတော့ အိအိဟန်က

နပ်ဟန် ရှိသည်။

"ပြီးခဲ့တဲ့ ကိစ္စတွေက ကျော်ကျော် မှားတာမှ မဟုတ်တာ

ဟိုကောင် ကိုလေးဆိုတဲ့ကောင်ရဲ့ အမှားလေ၊ ဂရုစိုက်စရာမလိုပါ

"ကဲ .. အဲဒါတွေ ထားလိုက်စမ်းပါ၊ ကဲ .. ဒေါ်ကျော်ကျော်

လက်ရှိပုဂ္ဂိုလ်လေးက ဘယ်ကလဲ .."

မမဆွေက သည်းမခံနိုင်တဲ့အဆုံးမေးတော့ သူမ ပြုံးစေ့စေ့

ယောက်ဆီကို လိုက်ကြည့်တော့ သူ့မျက်နှာကိုကြည့်ပြီး စိတ်ဝင်တ

နားစွင့်နေကြပါသည်။

"ဟဲ့!... ပြောလေ၊ ပဲက များနေတယ်"

ဝတ်ရည်က သူမခါးကို ဆွဲလိမ်ပြီးပြောတော့...

"အား ... ခွေးမ၊ ပြောမှာပေါ့ဟ၊ သူက ငါနဲ့ ဘာမှမပတ်သက်

"ဟာ!... လာရှုံးမနေစမ်းနဲ့ မိကျော်ရာ .. နင်နဲ့ ငါ တွဲနေ

ကြာလှပြီ၊ နင့်လူကို ငါ တစ်ခါမှ မတွေ့ဖူးသေးဘူး"

"နင့်ကို ပြောပြရင် အံ့ဩမိလိမ့်မယ်..၊ အဲဒါ မီးခြစ်လေ.."

"ဘာ!... မီး .. ခြစ် :."

မသူက မျက်မှောင်ကြုတ်စဉ်းစားရင်း သတိရသွားပုံရပြီး—

"သူ .. သူက နင့်ကို ယောကျ်ားလေးထင်ပြီး မီးခြစ်လှမ်းတော

တဲ့လူ"





"ဘာတွေလဲတာ .. ငါတို့ကိုလဲ ပြောပြဦးလေ"

မသူက သတိရသွားမိကာ အကြောင်းစုံကို ရှင်းပြတော့ အားလုံး

က တဟားဟား ...။

"အင်း .. နောက်တစ်ခါက ကျော်ကျော့်အစ်ကို ကိုယ်နဲ့က

သူငယ်ချင်းတွေ၊ အိမ်ကိုတော့ တစ်ခါမှမလာဘူးတော့ မသိကြဘူးပေါ့..၊

ကိုယ် သူ့ဆီကို အိမ်စဘော်ငွေ အကူအညီတောင်းရာကစပြီး သူနဲ့

ရင်းနှီးခဲ့တာ နောက်ထပ် အံ့ဩစရာကောင်းတာက သူက ကိုလေးရဲ့

သူငယ်ချင်း ဖြစ်နေပြန်တယ်"

မမဆွေက ခေါင်းတညိတ်ညိတ်နှင့်...

"အင်း .. နယ်မြေက ကျဉ်းကျဉ်း .. အသိုင်းအဝိုင်းကကျဉ်းကျဉ်း

လေးထဲမှာ တစ်ခုနဲ့တစ်ခု ဆက်နွှယ်နေတာ အံ့ဩစရာပဲ"

ကျွန်မ ဂဏန်းပေါင်းစက်ခလုတ်တွေကို ဆော့တာစားရင်း...

"ကျော်ကျော် အထိနာတော့ သူ ဘေးကနေ ဖေးမ အမြဲ အား

ပေးတတ်တယ်၊ ကိုမိုးက ကိုလေးကိစ္စနဲ့ ကျော်ကျော် စိတ်လေလွင့်မှာ

စိုးရိမ်နေပုံရတယ်၊ ကျော်ကျော်နဲ့သူက သူငယ်ချင်း မိတ်ဆွေအဆင့်

ကလွဲပြီး ဘာမှဖြစ်ကြတာ မဟုတ်ပါဘူး"

အိအိဟန်က ပြုံးစစနှင့်လက်ပိုက်ရင်း သူမကိုကြည့်ကာ..

"နင် ထင်နေလို့လား ကျော်ကျော်"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ နှင့်ကိုကြည့်တဲ့အကြည့်တွေထဲမှာ မရိုးသားမှုတွေ တွေ့နေရတယ်"

အိအိဟန်စကားကြောင့် မသူက...

"ဘာလဲ အဲဒီလူ မျက်လုံးတွေက မရိုးသားဘူးဆိုတော့ ခါးပိုက်နှိုက်မို့လို့လား"

"နှင့်ကိုပဲ နှိုက်မှာ .. ပိုက်ဆံအိတ် ပြောပါတယ်"

ဖျတ်ခနဲ ရင်မခုန်တတ်တော့ပေမယ့် ကြောက်လန့်သွားမိတာ အမှန်ပါပဲ။

မမဆွေက ခေါင်းတညိတ်ညိတ်...

"ဒီလိုလူမျိုးဆိုရင် ဖွဲ့ညီမနဲ့ အဲဒီပုဂ္ဂိုလ်လေးကို သဘောတူတယ်ဟေ့.."

ကျွန်မက ခေါင်းခါရင်း...

"တော်ပါပြီဟာ .. အဲဒီအချစ်ဆိုတာကြီးကို သရဲသဘက်လို ငါ ကြောက်နေပါပြီ"

"အဲလောက်လဲ မဟုတ်ပါဘူးဟာ..၊ တစ်ယောက် မကောင်းတာနဲ့ ကျန်တဲ့သူတွေပါ မကောင်းဘူးဆိုတာ နင် အဆိုးအမြင်နဲ့ ကြည့်တာပဲ"

အိအိဟန်က မကျေနပ်တဲ့ပုံစံနှင့်ပြောတော့ မမဆွေက လှမ်းအော်ပြောပါတယ်။





"လွှတ်ထားလိုက်ဟေ့..၊ အချိန်တန်ရင် မမဘုရား သူ့အလိုလို ဝပျော့လာလိမ့်မယ်"

ဝတ်ရည်က မရှုံ့မချဉ် မျက်နှာနှင့်...

"ဘာလဲဟင် မမဆွေ..."

မမဆွေက မျက်စောင်းလှမ်းထိုးရင်း...

"ဒါမျိုးတော့ တတ်တယ်..၊ စာမေးတော့ စာအုပ်ခေါင်းမိုးထိုးပြီး"

မမဆွေ ဥပမာကြောင့် အားလုံးတဟားဟား၊ ကျွန်မ နေသားတကျဖြစ်လောက်ပြီလို့ ကိုယ့်ကိုယ်ကို ထင်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်မေးကွာ .."

ကိုမိုးက သူမကို လာကြိုရင်း အခုလို မေးခွန်းလေးတွေ မေးနေကျ..၊ ကိုမိုးက သူမဆွဲခြင်းကို ကူဆွဲပေးရင်းနှင့်...

"ကဲ .. မေးပြီနော်"

ကျွန်မက ခေါင်းညိတ်ပြမိပါသည်။

"လင်မယားနှစ်ယောက် ဆိုင်တစ်ဆိုင်မှာ ညနေစာ သွားစားကြတယ်..၊ ဒါပေမယ့် အိမ်လဲပြန်ရောက်ရော ဘာတွေအခန့်မသင့်လဲ မသိ ထိုးကြပါလေရော..၊ အဲဒါ ဘာဖြစ်လို့လဲ"

သူမ နှုတ်ခမ်းမဲ့ပြရင်း...

"ဒါများ အလွယ်လေး ပိုက်ဆံကုန်လို့ ဒေါသဖြစ်ပြီး လင်မယားနှစ်ယောက် စကားများ ရန်ဖြစ်တာနေမှာပေါ့ ကိုမိုးကလဲ .."





ကျွန်တော်က ခေါင်းခါပြတော့ သူမက နှုတ်ခမ်းစူ မျက်စောင်း ထိုးသည်။

ရင်ဘတ်တွေ အဆိပ်ခတ်ခံလိုက်ရသလိုပါပဲ ချာတိတ်ရယ် ..၊

"ဘာရယ်တာလဲ၊ ပြော .. အဖြေကို"

"ဟောဗျာ .. မှားလို့ ရယ်တာပေါ့..၊ အဖြေမှန်က ..."

ကျွန်တော်က အဖြေမပြောသေး..၊ ကားလမ်းဖြတ်ကူးဖို့အတွက် ဘာရည်ရွယ်ချက်မှမရှိဘဲ သူမလက်ကောက်ဝတ်ကို လှမ်းကိုင်ကာ တစ်ဖက်သို့ကူးသည်။ ပြီးတော့လက်ကိုပြန်လွှတ်ပေးလိုက်ပါသေးတယ်။

"ကိုမိုး လက်ဖက်ရည်ဆိုင် ထိုင်ဦးမှာနော်"

"စိတ်ချပါ ဒေါ်ကျော့ကျော့ရယ်"

ကျွန်တော်တို့ ဆိုင်ထဲဝင်တော့ ဆိုင်ရှင်က ရင်းရင်းနှီးနှီး နှုတ်ဆက်ရင်း အဖျော်ခန်းကို လှမ်းအော်ပါသည်။

"ဟော့ .. ဒီနေ့ စောလှချည်လား မောင်မြင့်ရေ..၊ ဆရာကြောင်းတို့အတွက် နှစ်ခွက်"

ဆိုင်ရှင်က ကောင်တာကဆင်းလာပြီး သူသား စာလိုက်နိုင်မလိုက်နိုင် မေးပါသည်။ သူ့သားက ကျွန်တော့်ကျူရှင်မှာ တက်နေသူပါ။ ဆိုင်ရှင်ပြန်သွားတော့...

"ကိုမိုး ခုနကအဖြေကို ပြောလေ .."

"ပြောမှာပေါ့၊ လက်ဖက်ရည်လေး သောက်ပါရစေဦး"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူးကွာ .. အခုပြော .."

"ကဲ .. ကဲ ပြောပါ့မယ်၊ ဘာကြောင့်ထိုးတာလဲဆိုရင် သွားကြားညပ်လို့ သွားကြားထိုးကြတာပေါ့ ကလေးမရဲ့ .."

ကျွန်တော့်အဖြေကြောင့် သူမ စဉ်းစားရင်း...

"ဟာ ... ရန်ဖြစ်ကြတာဆို"

"ပြောမိလို့လား .. ထိုးကြတယ်ပဲ ပြောတဲ့ဟာကို၊ ကဲ .. ကျော်ကျော် ခင်ဗျား ရှုံးပြီနော်"

သူမက မျက်စောင်းထိုးသည်။

"ကဲ .. ရှုံးတော့ ဘာဖြစ်လို့လဲ"

"ရှုံးတော့ ချစ်တယ်"

"ဟမ်!..."

သူမ ကြောင်တောင်တောင်ဖြစ်သွားပြီး နောက်တော့ အရှက်သည်းစွာ ခေါင်းငုံ့သွားပါသည်။

အတန်ကြာ တိတ်ဆိတ်သွားပါတယ်။ တအောင့်ကြာတော့ သူမ ကျွန်တော့်ကို ကြည့်ပါတယ်။

"ကိုမိုး ကျွန်မကို အထင်သေးတာလား"

"ဗျာ!..."

မထင်မှတ်တဲ့ စကားအသွားအလာကြောင့် ကျွန်တော် အံ့ဩသွားပါတယ်။ ခက်ခဲပင်ပန်းစရာကောင်းတဲ့ သက်ပြင်းကိုချမိရင်း...





"ကျွန်တော် ပြောပြမယ် ကျော်ကျော်..၊ ကျွန်တော် ခင်ဗျားကို ကောင်လေးလို့ထင်ပြီး မီးခြစ်တောင်းမိကတည်းက ချစ်ခဲ့တာပါ၊ ကျွန်တော်က ချစ်နေရုံကလွဲပြီး ခင်ဗျားရဲ့အချစ်ကို ပြန်မတောင်းပါဘူး။ ကိုယ်ချစ်တဲ့မိန်းကလေးတစ်ယောက်က အခြားတစ်ယောက်ကို ချစ်နေတဲ့ ကျွန်တော့်ဘက်ကရော ကျော်ကျော် ကိုယ်ချင်းစာနိုင်လား..၊ ကျွန်တော် ကျော်ကျော်အတွက် အဖော်ကောင်း ဖြစ်စေရမယ်၊ အိမ်ထောင်ဖက်ကောင်း ဖြစ်စေရမယ်၊ ကျွန်တော်ကပဲ ချစ်နေမှာပါ၊ ကျော်ကျော် ပြန်ချစ်ဖို့ မလိုပါဘူး။ ဒါပေမယ့် သံယောဇဉ်ပဲ နည်းနည်းပေးပါ"

ကျွန်တော့်စကားသံတွေဆုံးတော့ ကျွန်တော့်မျက်နှာကို သူမ အိပ်မက်မက်နေသူလို ငေးကြည့်နေပါတယ်။ နောက်တော့ တဖြည်းဖြည်း ပြုံးလာပြီး...

"ကျွန်မ စဉ်းစားပါ့မယ် ကိုမိုး"

ကျွန်တော် အဲဒီစကားသံလေးအတွက် နာကျင်မှုပေါင်းများစွာ ထပ်ရမယ်ဆိုရင်လည်း ကျေနပ်ပါတယ်။

"ရှိုးယားစ်"

ကျွန်တော် လက်ဖက်ရည်ခွက်ကို မြှောက်ပြတော့ သူမ သဘောကျပြီး ရယ်လိုက်တာ..၊ ကျွန်တော် ထပ်ပြီးတိုက်တွန်းတော့ သူမခွက်ကိုမြှောက်ပြီး ဖန်ခွက်ချင်း ထိလိုက်ကြပါတယ်။

ကု ❦ ကု



www.burmeseclassic.com

www.burmeseclassic.com



**ကို**မိုးကို ကျွန်မ အိမ်ခေါ်သော်လည်း မလိုက်ပါ။ ထမင်းစားဖိတ်ကျွေးချင်တယ် ပြောတော့လည်း မလိုက်ပါ။

"ဘာဖြစ်လဲ ကိုမိုးရယ်... ကိုမိုးနဲ့ ကိုယ်က သူငယ်ချင်းတွေပဲဟာ"

ကိုမိုးက သူ့မခေါင်းကို ဖိရင်း...

"ဘယ် လူမြင်လို့ကောင်းမလဲ၊ ကိုယ့်အတွက်ပြောတာ မဟုတ်ဘူး၊ မိကျော်အတွက် ပြောတာ၊ မိကျော်က တစ်ခါ ဒဏ်ရာရဖူးသူလေ"

ကျွန်မ ကြည်နူးသွားတာ မှန်ပေမယ့် ရှချင်နောက်ချင်တာနှင့်...

"ဟုတ်ကဲ့ .. အနေအထိုင် ဆင်ခြင်ပါ့မယ် ဆရာလေး"

"ကောင်းတာပေါ့ ဒကာမလေးရယ်"

"ကိုမိုးကလေ တွေ့တာနဲ့ စဖို့နောက်ဖို့ပဲ"





"ကဲ .. ကိုမိုး ပြန်ပြီ"

ကျွန်မခေါင်းညိတ်ပြီး ရပ်ကြည့်တော့ ကိုမိုး လက်ပြကာ ဘတ်စ်ကားပေါ် တက်သွားပါတယ်။

ကျွန်မက တစ်မှတ်တိုင်သာသာ ကျွန်မတို့ရဲ့ရပ်ကွက်လေးထဲကို ဆက်လျှောက်လာခဲ့ပါတယ်။

အိမ်ရောက်တော့ အမေနှင့်အတူ ထမင်းချူးခပ်ပြင်ဆင်နေတုန်း ကိုယ် အလုပ်က ပြန်ရောက်လာပါတယ်။ ထမင်းစားသောက်ပြီး အိမ်ရှေ့ကွပ်ပျစ်မှာ မောင်နှမနှစ်ယောက် အလုပ်အကြောင်းတွေ ပြောဖြစ်ကြတုန်း အမေက ဘေးအိမ်ကို ခဏတဖြုတ် သွားလည်ဦးမယ်လို့ပြောသည်။

အမေထွက်သွားမှ ကိုယ်က ကျွန်မကို အခုလိုပြောပါတယ်။

"နှင်နဲ့ကိုလေး .. အဲလေ .. မိုးအောင်ကျော်နဲ့က ဘာလဲ"

ကျွန်မက ခေါင်းငုံ့မိသည်။

ပြီးတော့...

"သူက ညီမလေးကို လက်ထပ်ချင်တယ်လို့ပြောတယ် ကိုယ်"

"ဟာ!... ဒီကောင် .. ကျွတ်!... ဒီကောင်ကွာ .."

ကျွန်မ ရင်တွေ တဒိတ်ဒိတ်ခုန်ရင်း ကိုယ်ကို မော့ကြည့်တော့ ကိုယ်က အံကိုကြိတ်သည်။

"ကိုယ် သဘောမတူဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. အစောကြီးကတည်းက လာမပြောလို့ တူတာပေါ့ဟ"

"ဟာ .. ကိုယ်ကလဲ .."

ကျွန်မ ရှက်ကိုးရှက်ကန်းနှင့် ကိုယ်ကျောပြင်ကို တဒုန်းဒုန်း ထုတော့ ကိုယ်က တဟားဟား အော်ရယ်ပါသည်။

"ဟုတ်တယ်လေ .. ဒီကောင်နဲ့ အစောကြီးကတည်းက ငါက သဘောတူတာ၊ ဘယ်ကနေဘယ်လို နင့်ရဲ့ကိုလေး ဝင်လာတော့ ပွဲက ကပေါက်တိကပေါက်ချာတွေကိုဖြစ်လို့၊ တမင် နင်တို့ရှင်းတွေ အောင် ငါကိုယ်တိုင် စဘော်ပိုက်ဆံကို သွားမယူဘဲ နင့်ကို လွှတ်လိုက်တာပေါ့ ချွေးမလေးရဲ့.."

ကျွန်မ ကိုယ့်လက်မောင်းကို ဆွဲဆိတ်တော့...

"အား .. နာတယ်ဟ"

"နာ .. နာပေါ့..၊ ကိုယ့်ညီမကိုယ်တောင် လူများ အထင်သေး စံရအောင် လွှတ်ရတယ်လို့"

"ဟာ .. ဒီကောင့်အကြောင်းကို ငါ သိပါတယ် မိကျော့်ရယ်။ နင်လဲ သိမှာပါ"

"သိပါတယ် ကိုယ်ရယ် .. ကိုမိုးက သဘောထားဖြူစင်မှန်း ညီမလေး သိပါတယ်၊ ပြီးတော့ လူကြီးဆန်တယ်၊ တစ်ဖက်လူကို နားလည် နှစ်သိမ့်ပေးတတ်တယ်"

ကိုယ်က ပြုံးစစနှင့် ကျွန်မကိုကြည့်ရင်း...





"ဒီအရည်အချင်းတွေက ငါ့ယောက်ဖ ဖြစ်စေဖို့ အကောင်းဆုံး အရည်အသွေး..၊ ညည်း စိတ်ကူးမမှားနဲ့ မိကျော့..၊ ညည်း ဒီကောင်ကို ဘေးတယ်လက်ထပ်လိုက်၊ လက်ထပ်မယ်ဆိုရင် ငါ ကျွမ်းထိုးပြမယ်"

"အစ်ကိုတွေထဲမှာ ရှားရှားပါးပါး ပေါ်ပဲ..၊ ရုံသွင်းပြစားရမယ်"

"ဘာ ရုံးတက်လက်မှတ်ထိုးမယ် ကောင်းတယ်ကွာ"

"ဟာ .. ဘယ်လိုဖြစ်နေတာလဲ"


ကျွန်မက ကိုယ့်ကျောကိုထုတော့ ကိုယ် တဟားဟား အော်ရယ်ရင်း ထပြေးပါတော့သည်။

♡ ကု ❦ ကု ♡



www.burmeseclassic.com

အလွမ်းဆိုလည်း ရှိပါစေတော့..
သံယောဇဉ်တွေရှိ မလုံခြုံမှုတော့
သူစွက်ရာအရပ်မှာ
[illegible]ဆွေးသက်ပြင်းကိုချရှာခဲ့..၊
အလွမ်းတော့..
အစဉ်ပုံမှန်ဆိုတဲ့ မျက်ရည်တွေက
ဆောင်းရာသီရဲ့နှင်းတွေ ပြိုမိုပြီ..
ပြန်မမြင်ဘဲက
[illegible]
[illegible]
အလွမ်းနဲ့အတူကို ရေမြဲကျိုးပျက်ပါစေကောင်
နေမင်းအသက်ဆက် အလင်းကုန်မှ
မှောင်မှတက်လာမယ်..။







“ကဲ .. ဘာတော့စားရမလဲ”

“စောနေရင် နေ့လယ်စာ စားမယ်လေ”

ဘာရည်ရွယ်ချက်နှင့် အိအိဟန် ပြောမှန်း သိပေမယ့် မေသီချင် ဆောင်ဆောင်နေပြီ။ ဗိုင်တွေကို စစ်နေတော့ မသူနှင့် ဝတ်ရည်ဆီက ထိုက်ရယ်သံတွေ ကြားရပါသည်။

ကျွန်မ ရယ်ချင်စိတ်ကို ထိန်းရင်း အိအိဟန်ကို လှည့်ကြည့်တော့ အိအိဟန်က ကျွန်မကို ‘ဘု’ပါတဲ့အကြည့်နဲ့ ဖုဖုထစ်ထစ်လေး ကြည့်နေပါတယ်။

“ရှုးသလို ပေါသလို လုပ်မနေနဲ့နော် ကျော်ကျော်”

“ဒါက ဘာလုပ်လို့လဲ”

မမဆွေက အိအိဟန့်ကို အတိုအထောင်လုပ်နေပါသေးတယ်။

www.burmeseclassic.com



"မဟုတ်ဘူး .. မဟုတ်ဘူးနဲ့ ဟိုနေ့က ကားလမ်းဖြတ်အကူ မှာ လက်ချင်းကို ချိတ်လို့"

ကျွန်မ မျက်လုံးပြူး မျက်ဆံပြူးနှင့် ...

"ဟာ!... အဲဒါ ညီမကို ကားလမ်းဖြတ်ကူးလို့ လက်တွဲသွားတာ ပါ..၊ မမဆွေရဲ့ ဘုရားစူးရစေရဲ့"

"ကျိန်တာဟာ လိမ်တာပါ ညီမလေးရယ် .. မမလဲ ကြီးရာက ငယ်လာတာပါ"

မမဆွေ စကားအမှားကြောင့် အားလုံး ဝိုင်းရယ်သည်။

"ငယ်ရာကကြီးလာတယ် ပြောပါ့မမဆွေရေ"

"ဟဲ့ .. ဝတ်ရည် အသက် တဖြည်းဖြည်းကြီးလာရင် ငယ်ရာပြန် လာတတ်တယ်လေ"

"ဟုတ်ပါတယ် ဟုတ်ပါတယ်..၊ ဒါဆို ကျော်ကျော်နဲ့ ကိုမိုးတာ—"

"ဘာပြန်တာလဲ မမဆွေ"

မမဆွေက ကျွန်မကိုကြည့်ရင်း ပြုံးစေ့စေ့နှင့် အခုလို...

"အချစ်တွေ အငွေ့ပျံနေကြတာလေ၊ ပြီးရင် တဝုန်းဝုန်း ရွာ တော့မယ်..၊ ပြီးရင် စိမ်းလန်းတဲ့ချစ်ခြင်းတွေ သင်တို့ မြင်တွေ့ရတော့ မယ်"

"လုပ်ထားကွ .. မမဆွေ"

"ဟာ!... ဟုတ်ပါတယ်ဆို"





"ဘာတွေ ဟုတ်နေကြတာလဲ ဟေ့"

ဖြူဖြူသန့်က အသံနှင့် ရုပ်နှင့်အတူ ဆိုင်ထဲဝင်လာတော့ တစ် ယောက်နှင့်တစ်ယောက် မျက်ရိပ်ပြကြသည်။ ဝတ်ရည်က ခပ်တိုးတိုး လှမ်းပြောပါတယ်။

"အနံ့အသက် မလွှတ်စေနဲ့၊ သတင်းမပေါက်ကြားစေနဲ့ ကျော် ကျော် .. နယ်လှည့် သတင်းဖြန့်ဖြူးရေးသမား လာပြီ"

မမဆွေက လှမ်းထိန်းပါတယ်။

"ဘာရယ်မဟုတ်ပါဘူး ဖြူသန့်ရယ် .. အရောင်းပါးချိန် အိပ် ငိုက်အောင် ရယ်စရာပြောနေကြတာ"

ဝယ်သူ တစ်ယောက်ရောက်လာတော့ ဝတ်ရည်က လိုက်ရှင်း ပြပါသည်။

ဖြူသန့်က မမဆွေဘေးကခုံမှာဝင်ထိုင်ရင်း ကျွန်မကို ဦးတည် ပြောလာပါတယ်။

"ဟဲ့ .. နင့်ကိုလေး အကြောင်းကြားပြီးပြီလား"

ထိတ်ခနဲဖြစ်သွားတဲ့စိတ်ကြောင့် သံယောဇဉ်မကုန်နိုင်သေးပါ လားလို့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ချင်မိသည်။

"ဘာတွေလဲ .. ပြောပါဦး ဖြူစပ်ရယ် .. အဲ .. ဖြူသန့်ရယ်"

ဖြူစပ်လို့ခေါ်တော့ ဖြူသန့်က အိအိဟန်ကို မကြည့်ကြည့် ကြည့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိအိဟန်နော် .. နင်မို့လို့ ငါ စိတ်မဆိုးချင်ဘူး၊ ငါက သတင်း ပြောတာဟဲ့ .. အတင်းပြောနေတာ မဟုတ်ဘူး"

ဖြူသန့်ကို စပ်စုလွန်းလို့ ဖြူစပ်လို့ကွယ်ရာမှာ ခေါ်ကြပါသည်။

"နင့်ကိုလေး ပြန်ရောက်လာပြီတဲ့..၊ ဖျင်းလို့ဆိုပြီး ခဏတဖြုတ် ကိုအောင်လတ်ကြီးတို့ဆိုင်မှာ ဝင်လုပ်အားပေးနေတယ်"

"အဲဒါများ ရေးကြီးခွင်ကျယ်လုပ်လို့ ဖြူသန့်ရယ်"

ဝတ်ရည်က အရေးမပါဟန် အကျီတွေကို ပြန်ချိတ်ရင်းက ပြော တော့...

"ကဲ .. အခုမှ ဇာတ်လမ်းကစတာ..၊ မောင်မောင်က အခု ကျော် ကျော်ဝင့်တွေ လည်ပြီနေလ"

"ဘာတွေဖြစ်လို့လဲ"

"ဘာတွေဖြစ်ရမှာလဲ မဆွေရယ် .. သူ့မမက နေချင်သလို နေ တယ်လေ၊ မောင်မောင့်ကို ယူထားတာ ဒီကောင်က ချောလို့လှလို့ သက်သက်ပဲ ထင်တယ်၊ ကြားရသလောက်တော့ အိမ်ထောင်ရေး အဆင်မပြေဘူးလို့ ကြားရတာပါပဲ"

ကျွန်မ သက်ပြင်းချမိပါသည်။ တစ်မိုးအောက်ထဲမှာ နေသူချင်းခို တစ်ချိန်ချိန်မှာ တစ်နေ့နေ့ မျက်နှာချင်းဆိုင် ဆုံကိုဆုံမှာ သေချာပါ သည်။ ဖြူဖြူသန့် ပြန်သွားတော့ ကျွန်မရဲ့ တိတ်ဆိတ်နေမှုကို မမဆွေ က အကဲခတ်ကာ...





"နှလုံးသားကို အလိုတော့ မလိုက်မိစေနဲ့နော် မိကျော်"

"ဘာမှမဆိုင်တော့ပါဘူး မမဆွေရယ် .."

"ဆိုင်.. တာ့မဆိုင်ပေမယ့် နင်တို့က ပတ်သက်ဖူးတဲ့လူတွေလေ၊ အဲဒီအသိစိတ်နဲ့ တိမ်းညွှတ်မိမှာ ငါ စိုးရိမ်တယ် သူငယ်ချင်း"

စေတနာစကားနဲ့ အိအိဟန်ပြောမှန်း ကျွန်မ နားလည်ပါသည်။

"အေးပါဟယ်..၊ ငါ့အတွက် စိတ်ချစမ်းပါ"

အိအိဟန်က ပြုံး၍ ပခုံးချင်းတိုက်ရင်း...

"နင် သူ့ကို ဘယ်လောက်ထိချစ်မှန်း ငါတို့သိတာပေါ့ ကျော် ကျော်၊ အဲဒါကြောင့် တားရတာပါဟာ..၊ ကြိုးဆိုတာ ဘာကြိုးမှ မကောင်းဘူး၊ ရစ်ပတ်မယ် ဆွဲချည်မယ် .. ဒါပဲ .."

"ဩော် ... တစ်ဖက်စွန်းသမားနဲ့ လာတိုးနေတယ် အရေးထဲ"

မမဆွေ ခပ်ငေါက်ငေါက်ပြောတော့ အိအိဟန်က ရယ်ပါသည်။ စိတ်တွေမှုန်မှိုင်းသွားတာ သေချာပါတယ်။ ပြတ်တောက်သွားအောင် ဖြတ်လိုက်ပြီဆိုပေမယ့် တစ်မျှင်စ တစ်စကတော့ ကျန်သေးတာပေါ့ တိုလေးရယ်..၊

♡ ⁂ ♡



www.burmeseclassic.com

www.burmeseclassic.com



"ကိုလေး"

ရုတ်တရက် ကိုယ့်ရှေ့မှာ မြင်လိုက်ရတော့ အံ့အားသင့်ရင်း ကျွန်မ လွှတ်ခနဲ ခေါ်ခဲ့မိပါတယ်။

ကိုလေးပုံစံက ညှဉ်းသိုးသိုးပုံစံ...

"ညီမလေး .."

အဲဒီခေါ်သံက ဆတ်ခနဲ တုန်ခါသွားပါတယ်။ ရင်ကိုချည်လိုက်တဲ့ ကြိုးတစ်ချောင်းလိုပါပဲ။ ကျွန်မ မြေပြင်ကိုသာ ငေးကြည့်နေမိသည်။ ကိုယ့်ဘက်က အမှားမပါဘူးဆိုပေမယ့် အမှားဆိုသူရဲ့ မျက်ဝန်းတွေကိုတော့ ရင်ဆိုင်မကြည့်ရဲ..။

"ညီမလေး တော်တော်ပိန်သွားတယ်နော်"

ကျွန်မပြုံးလိုက်မိသည် ထင်သည်။ ဘာကြောင့် ပြုံးလိုက်မိတာလဲဆိုတာတော့ ကျွန်မရင်ထဲမှာတော့ သိနေပါတယ်။





"ဒီလိုပါပဲ .. ကျွန်မသွားတော့မယ် ကိုလေး"

ကျွန်မ ခြေလှမ်းတွေက သူ့ကိုကျော်လွန်သွားပေမယ့် စိတ်တွေက နောက်ပြန်ဆုတ်ချင်နေမိသည်။ ယက်လုပ်ထားတဲ့ချည်စကို အစလာထုတ်လိုက်သလိုပဲ။ ကိုယ့်ကိုယ်ကိုယ် ပြင်ဆင်ထိန်းချုပ်ထားတဲ့ စိတ်တွေ ပျက်ပြယ်အောင်တော့ မလုပ်ပါနဲ့ ကိုလေး ...၊

အဲဒီနောက်ပိုင်း ကျွန်မနှင့်ကိုလေးတို့ဆိုင်က Rool တစ်ခုတည်းမှာမို့ ကျွန်မ အနေခက်တာထက် ရှောင်လွှဲမရတဲ့ နေရာဒေသကြားမှာ မမြင်ချင်လည်း မြင်နေရတယ်။ မကြားချင်လည်း သတင်းစကားတွေ ကြားနေရတယ်။ ဘာလုပ်လုပ် ဘာပြောပြော အစစအရာရာ သိမြင်နေရပါတယ်။

ဒါပေမယ့် ကျွန်မရဲ့စိတ်ထဲမှာ အိမ်ထောင်ရှိတယ်ဆိုတဲ့ အချက်လေး အန္တရာယ်ခေါင်းလောင်းသံလေးက အမြဲကြားနေရပါတယ်။ ဒါပေမယ့် ကျွန်မမျက်ဝန်းတွေက တားမရဘူး။ မနက်ခင်းမိုးလင်းတာနဲ့ တော်ဝင်ပလာဇာမှာ ဆိုင်ထွက်ဖို့ ရင်ခုန်နေမိတယ်။ ပျော်နေပါတယ်။ အိအိဟာန်က စကားတစ်ခွန်းနဲ့ သတိပေးတယ်။

"နင့်ကိုလေးက ဒီကိုပြန်ရောက်လာတာ သူ့မိန်းမနဲ့ ခွဲနိုင်လို့တဲ့"

ဒါပေမယ့် ကျွန်မစိတ်တွေက နှံ့ထဲကို ပျော်ပျော်ရွှင်ရွှင်နှင့် ခြေလှမ်းစလိုက်သလိုပဲ။ အပြင် တကယ့်လက်တွေ့မှာလဲ သူတို့တရနှင့် မနက်ခင်းဝတ်မယ့် အကျီသေတ္တာရှေ့မှာရပ်ပြီး ကိုလေးနှင့် Valentine's



www.burmeseclassic.com

www.burmeseclassic.com



Day မှာ ဆင်တူဝယ်ထားတဲ့ အင်္ကျီလေးကို ထုတ်ကြည့်ပြီး ဝတ်သင့် မဝတ်သင့် စဉ်းစားနေမိပါတယ်။

တကယ်ဝတ်ခဲ့တဲ့ တစ်နေ့မှာ ...

"ကျော်ကျော် .."

"အမယ်လေး!... လန့်လိုက်တာ ကိုလေး .. အဲ .. ကိုမိုး"

ရုတ်တရက် မှတ်တိုင်မှာ တွေ့လိုက်ရပြီး နောက်ကလှမ်းခေါ် လိုက်တာကြောင့် ကျွန်မ ယောင်ယမ်းပြီး ကိုလေးနာမည်ကို လွှတ်ခနဲ ထွက်သွားတော့ ကိုမိုး မျက်နှာပျက်သွားပါတယ်။ ဒါပေမယ့် ကိုမိုးက ချက်ချင်းဟန်ဆောင်ပြုံးလိုက်ပေမယ့်လည်း အဲဒီအပြုံးက စက်ရုပ် တစ်ရုပ်ရဲ့ ဝတ္တရားဆန်ဆန် လှုပ်ရှားလိုက်သလိုပဲ..။

ကိုမိုးရင်ထဲက စေတနာ၊ မေတ္တာတရားကို စော်ကားလိုက်တဲ့ ကျွန်မရဲ့စွဲလမ်းမှုအတွက် ကျွန်မကိုယ်ကျွန်မ ခွင့်မလွှတ်ချင်..။

"ကိုမိုး လိုက်ပို့ပေးမယ်လေ"

လိုက်ပို့ပေးနေကျဆိုပေမယ့် ဒီတစ်နေ့တော့ ကိုမိုးလက်ထဲကို ခွဲခြင်းလေး ထည့်ပေးလိုက်ရတဲ့လက်တွေ လေးလံနေတာ အမှန်ပါပဲ။

ဒါဟာ ဘာကိုစိုးရိမ်နေလို့လဲ ကျွန်မ ဝေခွဲမရ..၊ ကိုလေးနဲ့ကိုမိုး ထိပ်တိုက်တွေ့ရမှာဆိုတဲ့ စိုးရိမ်စိတ်လား..၊ ကျွန်မ ကိုမိုးကို မလိုက်စေ ချင်တဲ့ဆန္ဒကြောင့်လားတော့ မသိပါ..။

ကံတော့ ကောင်းခဲ့ပါရဲ့..၊ ကိုမိုးက ဒီနေ့မှ ထူးထူးဆန်းဆန်း





ကျွန်မရဲ့ဆိုင်အထိ လိုက်ပို့ခဲ့ပေမယ့် ကိုလေးနဲ့ ထိပ်တိုက်မတိုးခဲ့ပါ။

"ဟဲ့ .. နင့်လူနဲ့ ငါတို့ကို မိတ်ဆက်ပေးလေ"

ဝတ်ရည်က သိသိကြီးနှင့် အခုလိုပြောတော့ ကိုမိုးက ဟိုငေး ဒီငေးနှင့် မသိချင်ယောင်ဆောင်ပေးပါတယ်။ ကျွန်မက တစ်ဦးချင်းဆီ မိတ်ဆက်ပေးပါတယ်။ မမဆွေက ကိုမိုးရဲ့ ဝတ်စားဆင်ယင်မှုနဲ့ အနေအထိုင်ကြောင့် ကျေနပ်ဟန်ရှိသည်။

"ကိုမိုး ဆိုင်ကို အချိန်မရွေးလာခဲ့..၊ ဒီကောင်မလေး မရှိလဲ ဝင်လို့ ထွက်လို့ ရပါတယ်"

"ဟုတ်ကဲ့ခင်ဗျ .. ကျေးဇူးပဲ"

ကိုမိုး ထွက်သွားတော့ အိအိဟန်က...

"ကြားရတာနဲ့ အခုတွေ့ရတာ ကွက်တိပဲ..၊ နင် အရွေးတော်တယ် ကျော်ကျော်"

ကျွန်မရဲ့အာရုံက တစ်ဖက်ကဆိုင်ဆီကို လှစ်ခနဲ..၊ ကိုလေးက အခုမှရောက်တာ ဖြစ်မည်။ သူလည်း ကျွန်မဆီ ဖျတ်ခနဲ ကြည့်တော့ ကျွန်မ မျက်လွှာချမိသည်။

"ဟဲ့ .. ငါတို့ပြောတဲ့စကားပေါ် မှာလဲ အာရုံမရှိသေးရဲ့လား..၊ နင်လေး အမှတ်ကိုမရှိတဲ့ မိန်းမ"

အိအိဟန်က မြင်ဖြစ်အောင် မြင်လိုက်တာကြောင့် ကျွန်မတို့ အားလုံး ဆူပူပါတော့သည်။ ကိုမိုးပြန်သွားတော့ ဝတ်ရည်က အောက်



www.burmeseclassic.com

www.burmeseclassic.com



မှာ မမသွေအတွက် ထမင်းနှင့်ဟင်း သွားမှာမယ်ဆိုလို့ ကျွန်မ အဖော် လိုက်သွားခဲ့ပါတယ်။ လမ်းမှာ လူတစ်ယောက်နဲ့ ဆုံတော့...

"ဟယ်!... ကိုနိုင်"

"အတော်ပဲ .. ဝတ်ရည် ကိုယ်နဲ့ခဏလိုက်ခဲ့ကွာ"

"ဘယ်လိုလဲ အလုပ်ချိန်ကြီးကို၊ ဟဲ့ .. ကျော်ကျော်၊ သူက ကိုရဲနိုင် .. ကိုနိုင် သူက ကျော်ကျော်"

"ဟုတ်ကဲ့ .. တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျ"

ကျွန်မလည်း ကိုနိုင်ဆိုတဲ့လူကို လေးလေးစားစား ပြန်နှုတ်ဆက်မိပါသည်။ နောက်တော့ ကိုနိုင်က ဆိုင်က သူ့သူငယ်ချင်းအတွက် MP - 4 တစ်လုံး လာဝယ်ပေးတာဖြစ်ကြောင်း ရှင်းပြသည်။ ကျွန်မ ဝတ်ရည်နှင့်အတူ အသိဆိုင်မှာ MP - 4 ဝယ်ပေးပြီး ဆိုင်က ပြန်ထွက်လာတော့...

"ဟဲ့ .. ဟိုမှာ နင့်ကိုလေး .."

ကိုလေးက သူတို့ကို မမြင်။ သူ့ဆိုင်ရှင် ကိုအောင်လတ်နှင့်အတူ အပေါ် ထပ် တက်သွားတာ မြင်ပါသည်။ ကိုနိုင်ထွက်သွားတော့ ကျွန်မ နှင့်ဝတ်ရည် ထမင်းဆိုင်ကို အတူသွားရင်း...

"နင်နဲ့ ကိုနိုင်နဲ့က ရိုးရိုးတော့ မဟုတ်ဘူးထင်တယ်"

ကျွန်မ အမေးကြောင့် ဝတ်ရည်က ရှက်ရယ်ရယ်ရင်း...

"ရိုးရိုးမဟုတ်ဘူး .. ရှယ်ပေါ့ .. ရှယ် .."





ဝတ်ရည်က ရှင်းပြပါသည်။ ကိုရဲနိုင်ဆိုသူက ကျောင်းနေဖက် ချစ်သူရည်းစားတွေဖြစ်ကြောင်း၊ နာမည်ကြီးစားသောက်ဆိုင်မှာ စားပွဲထိုးလုပ်နေရကြောင်း၊ သူတို့နှစ်ယောက် အဆင်ပြေမှ လက်ထပ်လို့ရမည်ဖြစ်ကြောင်း စုံနေအောင်ပြောပြတော့ ကျွန်မ သက်ပြင်းတွေနှင့် အတူပေါ့။

ကိုလေးလည်း ကိုရဲနိုင်လို သူ့ချစ်သူအပေါ် မှာ တန်ဖိုးထားရင် ဘယ်လောက်ကောင်းလိုက်မလဲ ကိုလေးရယ်..၊



www.burmeseclassic.com

www.burmeseclassic.com



"မင်းက မောင်မောင် အရင်ရည်းစားဆို .."

ကျွန်မနှင့်မသူ သန့်စင်ခန်းက အပြန်လမ်းမှာ အခုလို ရုတ်တရက် လမ်းမှာပိတ်ရပ်ပြီး မေးလိုက်တဲ့ အမျိုးသမီးကြောင့် ကျွန်မ တအံ့တသြနဲ့ အခုလို ပြန်ဖြေဖြစ်ပါတယ်။

"အရင်ကပါ၊ အခု မဟုတ်ကြတော့ပါဘူး"

အဲဒီမိန်းမ ပြုံးလိုက်တဲ့အပြုံးတွေကို ကျွန်မ မနှစ်သက်ခဲ့ပါဘူး။ အခုလို ပြုံးပြီး ကျွန်မတို့ကို ကျော်သွားတဲ့မိန်းမကြောင့် ကျွန်မ မသူကို မေးမိပါသည်။

"အဲဒီအမျိုးသမီးက ဘယ်သူလဲ မသူ"

"ဟဲ့ .. နင့်ကိုလေး အမျိုးသမီးလေ၊ ဒုက္ခပဲ"

"ဟင်!..."





"အသလွှတ်ကြီးဟာ..၊ နင်ကလည်း ငြိမ်ခံနေတာပဲ၊ ရှင်နဲ့ ဘာဆိုင်လို့မေးတာလဲ ပြန်ပြောလိုက်ပါလား..၊ အ,အကြီးကျနေတာပဲ"

မသူက ဗျစ်တောက်ဗျစ်တောက်နှင့် ပြောမဆုံးတော့ပါ။ ဆိုင်ရောက်တော့ မသူလိုပဲ အိအိဟန်တို့က မခံမရပ်နိုင် ဖြစ်နေကြပါတယ်။

"ကိုယ့်လူကို ကိုယ် မထိန်းနိုင်ဘဲနဲ့၊ ကျော်ကျော် အဲဒီလောက်အဝန်တိုနေတဲ့ဟာမကြီး ဆွေ့ဆွေ့ခုန်သွားအောင် နင် ကိုလေးကိုမြှူဆွယ်လိုက်ပါလား"

"ဟဲ့ .. မဟုတ်တာတွေ၊ မိကျော်က နဂိုကတည်းကမှ ဟိုကညီမလေးလို့ခေါ်ရင် ပျော့ဖတ်ဖတ်ဖြစ်နေတဲ့ဟာကို"

မမဆွေက လူကြီးပီပီ မဖြစ်သင့်တာ မဖြစ်အောင် တားပါသည်။ ဝတ်ရည်က မကျေနပ်နိုင်သေးဟန်နှင့် အခုလို ပြောပါတယ်။

"အကဲပိုလို့ပါ မမဆွေရာ .. လူကကြည့်တော့ ပါးရည်တွန့်နေပြီ ယောက်ျားငယ်ငယ်လေးယူထားပြီး အဲဒီယောက်ျားကို ဘယ်နေရာထားရမှန်းမသိ ဖြစ်နေတာ..၊ သူကျတော့ နေချင်သလို နေပြီးတော့"

"ကဲ .. တော်ပါတော့ဟာ"

ကျွန်မရဲ့ တားမြစ်သံကြောင့် အိအိဟန်က မျက်စောင်းထိုးပါသည်။

"ဘယ်သူတွေ အတင်းပြောနေကြတာလဲဟေ့"

"ဟော .. အန်တီခင်"

အန်တီခင် ရောက်လာတော့ အားလုံး ပျာယာခတ်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အန်တီခင့်လက်ထဲက အထုပ်တွေကို ပြေးယူသယ်မှရှုက သယ်အေး နှင့် အလုပ်ရှုပ်သွားပါတယ်။

"ကဲ .. ကိုယ့်နာမည်ပါတဲ့အထုပ် ကိုယ့်ဘာသာ ရွေးယူကြ"

အားလုံး ဟေးခနဲ ပျော်သွားကြပါတယ်။ ဒါဆို သိလိုက်ပြီ နယူနီ ယား ရောက်ပြီပေါ့။ ဘာဖြစ်လို့လဲဆိုတော့ အန်တီခင်က နှစ်ဆုံ အလုပ်သမားတိုင်းကို ဒီလိုပဲ အမြဲပေးနေကြ..။

"ဟိုကောင်မလေး ဆိုင်ကို လေးငါးရက်ဆိုပြီး လွှတ်လိုက်တာ ဘာလို့စက်ရုံကို ပြန်မလာသေးတာလဲ"

ကျွန်မကို ရည်ရွယ်မှန်းသိတော့ ကျွန်မက အန်တီခင့်ကို ပြုံးပြ မမဆွေကို လှမ်းကြည့်တော့ မမဆွေက ကျွန်မကို မျက်စောင်းထိုးပါ တယ်။

"ဟာ!... မမကလဲ ဒီတစ်လတော့ ဆိုင်မှာပဲ ကျော်ကျော် ထား လိုက်ပါဦးနော် မမ"

"ဟဲ့ .. ဟိုမှာလဲ သူ့အလုပ်တွေ ရှိသေးတယ်လေ..၊ ဟိုမှာလဲ မိစံတစ်ယောက်တည်း ကျော်ကျော့်အလုပ်တွေပါ လိုက်လုပ်နေရတော့ ဗျစ်တောက်ဗျစ်တောက်နဲ့၊ ကဲ .. ဒီတစ်ပတ်ပြီးရင်တော့ စက်ရုံကိုပြန် လာခဲ့တော့၊ ဒီမှာ ပျော်မနေနဲ့ မိကျော်"

အန်တီခင်က ပွစိပွစိပြောကာ မှာစရာရှိတာမှာပြီး ပြန်ထွက်သွား ပါတယ်။





အဲဒီနေ့က ကျွန်မ မသူနှင့်အတူ အပြန် ကားမှတ်တိုင်မှာ ကိုလေး ရပ်စောင့်နေတာကိုတွေ့တော့ မသူမျက်နှာ တင်းမာသွားပါတယ်။

"ညီမလေး အချိန်ရရင် ခဏလောက် စကားပြောခွင့်ပေးပါလား"

"မိကျော် .."

မသူက အခုလို ခပ်ဆတ်ဆတ်အသံနှင့် သတိပေးပေမယ့်...

"ကျွန်တော် ခဏလေး စကားပြောရုံလေးပါ မသူ"

ကိုလေးက မသူကိုပါ ထပ်တောင်းဆိုတော့...

"ငါ ခဏလိုက်သွားမယ် မသူ"

ကျွန်မရဲ့စကားကြောင့် မသူ မျက်စောင်းထိုးပြီး တွေ့ရာ ဘတ်စ် ကားတစ်စီးပေါ် တက်သွားပါသည်။ ကျွန်မနဲ့ ကိုလေး အနီးနားက ယက်ဖက်ရည်ဆိုင်မှာ ထိုင်မိပါသည်။

"ကိုလေး .. မင်းရဲ့ဝဋ်တွေ လည်နေပြီ ညီမလေး"

ကျွန်မ ဘာတစ်ခွန်းမှ မတုံ့ပြန်မိပါ။ ကိုလေးက ကျွန်မကို ကြည့် ပါတယ်။ ပြီးတော့ သက်ပြင်းချပါတယ်။

"မမကို ကိုလေး တကယ်မချစ်ခဲ့ဘူး ညီမလေး"

ကိုလေးဆီက စကားသံကြောင့် ကျွန်မ ကိုလေးကို မော့ကြည့်မိ ပါသည်။ ပြီးတော့ ကျွန်မရဲ့အသံက နာကျင် ခံစားရသူလို...

"မချစ်ခဲ့ရင် ဘာလို့လက်ထပ်ခဲ့ရတာလဲ ကိုလေး..၊ အချစ်ခဲ့ပါတာ ထို့ အခွင့်အရေးနဲ့လဲပြီးပြီပဲ..၊ ဒီအချိန်မှာ ကိုလေး ကျွန်မ[illegible]မှာ မရှိ



www.burmeseclassic.com

www.burmeseclassic.com



သင့်ဘူးလေ ကိုလေး”

ကိုလေး အပြစ်ရှိသူမို့ ခေါင်းငုံ့နေပါသည်။

“ဟုတ်ပါတယ်…၊ ကိုလေးကို ညီမလေး ခွင့်မလွှတ်သင့်တာ မှ ပါတယ်”

“တကယ်တော့ ကိုလေးတို့ အိမ်ထောင်ရေးက အဆင်မပြေ ဘူး ညီမလေး…၊ မမက ငွေကြေးရှာနိုင်တယ်၊ ဦးစီးဦးဆောင် လုပ်နိုင် တော့ ကိုလေးဆိုတာ ခင်ပွန်းဆိုတဲ့ အမည်ခံလက်မှတ် တစ်စောင် လောက်ပဲ အဖတ်တင်တော့တာပဲ ညီမလေး”

ကျွန်မရဲ့စိတ်တွေ ကိုလေးအပေါ် တဖြည်းဖြည်း ညွတ်ကျလာ မှာ စိုးရိမ်နေရမယ့်အချိန်ပါ။ အဲဒီနောက်ပိုင်း ကိုလေး တစ်ရက်ခြား ဆိုသလို ကားမှတ်တိုင်မှာ စောင့်နေတတ်ပါတယ်။

ကျွန်မလည်း မသူ မာန်မဲနေတဲ့ကြားက ကိုလေးအပေါ် လိုက် လျောမိပါသည်။ အတူတိုင်ဖြစ်ရင်း ကိုလေးက အခုလို ပြောပါတယ်။

“ညီမလေး ကိုလေး အခွင့်အရေးတစ်ခုလောက် တောင်းဆိုချင် တယ်”

“ဘာများလဲ ဟင်”

ကိုလေးက ပြုံးစစနှင့်ကြည့်ပြီး…

“အခု လာမယ့် နယူးရီးယားမှာ အတူလျှောက်လည်ချင်တယ် ညီမလေး”





ကျွန်မ ရင်ခုန်သွားတာ အမှန်ပါပဲ။ အချစ်ဟောင်းတွေက ဆောင်းကုန်လို့ နွေရောက်ပေမယ့် နောက်တစ်လှည့် ဆောင်းပြန်ဝင် တော့ ပြန်လည်နှပျိုလာတဲ့ လန်းဆန်းမှုလိုပါပဲ…။

“ကိုလေး မမရော ..”

ကိုလေးက ဆွေးဆွေးမြည့်မြည့် အဝေးကို ငေးသည်။

“ကို့အတွက် သူ စိတ်ဝင်စားမှာ မဟုတ်ပါဘူး။ သူ နေချင်သလို နေရရင် ပြီးတာပဲလေ…၊ ကိုလေးက သူ့လက်မှာပတ်ထားတဲ့ နာရီ လောက် တွေ့ခွင့်ရတာမှ မဟုတ်တာ”

ကိုလေးစကားကြောင့် ကိုလေးကို သနားမိတာ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် .. ကျော်ကျော့်ကို တစ်ယောက်တည်း လွှတ်မထားနဲ့နော် ကိုမိုး"

ကျွန်တော် မသူ့စကားကြောင့် ရယ်မိသည်။

"တစ်ယောက်တည်း လွှတ်မထားရရင် ဘယ်လို လွှတ်ထားရမှာလဲ ..၊ ရစ်လုံးမှာတပ်ပြီး လွှတ်ရမှာလား မသူ"

ကျွန်တော့်ပြက်လုံးကို မသူက မရယ်ပါ။ ကျွန်တော့်ကို သနားစရာကောင်းတဲ့ လူသားလို့ မသူက ကြည့်ရင်း...

"ကိုလေး သူ့နားကို ပြန်ရောက်နေတယ် ကိုမိုး"

ကျွန်တော် ပါးစပ်အဟောင်းသားနှင့်၊ မသူ့ကို ကျွန်တော် ရင်ဆိုင်မကြည့်ရဲတော့..။

"ဘယ်လိုရည်ရွယ်ချက်နဲ့ ရောက်လဲတော့ ကျွန်မ မသိဘူး။ ဒါပေမယ့် မဖြစ်သင့်တာ မဖြစ်အောင် ရှင်က လုပ်သင့်တယ်"





ဒုတိယမြောက်အလဲထိုးမှုဟာ နှလုံးသားတစ်ခုကို သုံးမရအောင် အလဲထိုးဖို့လား မိကျော်ရယ်..၊

"ဘာတတ်နိုင်မှာလဲဗျာ .. ကိုလေးဆိုတဲ့ကောင်မှာက အချစ်ဆိုတဲ့ ဝက်ဖဲတစ်ချပ် ရှိမှတော့ ဒီပွဲကို ဒီကောင်အနိုင်ရအောင် လုပ်နိုင်နေတာပေါ့"

မသူက ခေါင်းခါသည်။ ကျွန်တော် ကားမှတ်တိုင်မှာ ကျော်ကျော်ထိုစောင့်နေတော့ ကားပေါ်က မသူ ဆင်းလာလာချင်း အစုလို ပြောဆိုမိတာပါ။

"ဒီပွဲမှာ သူ ဒီဝက်ဖဲကိုသုံးရင် ရှင့်မှာလဲ သုံးခွင့်ရှိတာပဲ ကိုမိုး"

ကျွန်တော့်ကို ဘာအဓိပ္ပာယ်နဲ့ မသူပြောမှန်း နားမလည်ပါ။ မသူက ပြုံးရင်း မျက်စပစ်ကာ...

"ရှင့်မှာလဲ ရိုးသားဖြူစင်တဲ့သံယောဇဉ်တွေ ရှိတယ်လေ၊ ဒီပွဲက အဲဒီတစ်ချပ်ထဲနဲ့ ရှင့်ကို အနိုင်ယူသင့်ပြီ၊ ကဲ .. သွားမယ် ကိုမိုး"

ကျွန်တော့်ရှေ့က မသူ ထွက်ခွာသွားတော့ ကျွန်တော် ရပ်မြဲပါပဲ။ တော်တော်မှောင်လာတော့မှ ဘတ်စ်ကားတစ်စီးပေါ်က ကျော်ကျော် တစ်ယောက်တည်း ဆင်းလာပါတယ်။ သူမက ကျွန်တော့်ကို မမြင်..၊ ဘာတွေတွေးပြီး ဘာတွေစဉ်းစားနေလဲ မသိပါ။ အနားရောက်မှ မော့ကြည့်ရင်း ကျွန်တော့်ကို မြင်တော့...

"ကိုမိုး .."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့်သူ အကြာကြီး တစ်ယောက်ကိုတစ်ယောက်ကြည့် နေမိပါသည်။

"ပြန်လာတာ နောက်ကျပါလား မိကျော်"

သူမ ဆတ်ခနဲ ဖြစ်သွားတယ်လို့ ကျွန်တော် ထင်မိပါသည်။

"ဟို .. ဟို .."

အကြောင်းပြချက်ပြဖို့ စကားလုံးတွေ ရှားနေပြီလား ကောင်မ လေးရယ် ..၊

"ကိုမိုး သိပြီးပါပြီ"

ဝိုင်းစက်သွားတဲ့ မျက်လုံးက အံ့ဩဟန်...

"ဒီပွဲမှာ ဆက်ရှုံးဖို့အတွက် ကိုယ် လူဖြစ်လာတာလား ကိုယ် တွေးမိခဲ့တယ် မိကျော်..၊ ကိုမိုး မိကျော်နားမှာ ရှိနေဦးမှာပါ၊ မိကျော် ဒီပွဲကို ဘယ်လိုအဆုံးသတ်မလဲ ကိုယ် စောင့်ကြည့်နေပါ့မယ်၊ ဘယ် ဟာလုပ်ပါ .. ဘယ်ဟာမလုပ်နဲ့ ကိုယ် မတောင်းဆိုဘူး မိကျော်၊ ကိုယ် ပြန်တော့မယ်"

ကျွန်တော် လှည့်ထွက်သွားခဲ့ပါတယ်။ ခပ်ဝေးဝေးရောက်တော့ ကျွန်တော် လှည့်ကြည့်မိသည်။ ကျွန်တော့်ကို သူမ ငေးကြည့်နေဆဲ...

မင်း ဆုံးဖြတ်ရမယ့်ပွဲပါ မိကျော် ...။

ကု ❤ ကု





ဝုန်းခနဲ ပစ်လဲကျသွားတော့ ဒီကောင် တအံ့တဩနှင့် ကျွန် တော့်ကို လဲကျနေရာမှ ကြည့်နေသည်။ သွေးစက ပါးစပ်များမှာ..။

"ကျောင်းဆရာလဲ လက်သီးထိုးတတ်တယ် မောင်မောင်၊ ဖုန်း နံပါတ်ကို တော်တော် စုံစမ်းရတာပဲကွ..၊ အေးလေ အောင်မြင်နေတော့ လဲ စုံစမ်းရ ခက်တာပေါ့"

ဒီကောင့်ဖုန်းနံပါတ်ကို သူ့ဦးလေးဆီက မရမက တောင်းယူရပါ တယ်။ ဒီကောင်က သူ့ကိုယ်သူ အမှောင်ချထားချင်ပုံ ...။

"ငါ ဘာများလုပ်မိလို့လဲ ကိုလေး"

မောင်မောင် ရိုးသားသူတစ်ယောက်လို မျက်လုံးတွေနှင့် မေးြ လာပါသည်။ ကျွန်တော် ဒီကောင့်ကိုကြည့်ပြီး ဟက်ဟက်ပက်ပက် ရယ်မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘာများလုပ်မိလို့လဲ..၊ ကောင်းကွာ .. မေးသင့်တဲ့မေးခွန်းပဲ၊ ဒီမှာ မောင်မောင်၊ အေး .. မင်း မေးမှတော့ ငါ ဖြေရတော့မှာပေါ့၊ မင်းကို ဒီနေရာချိန်းပြီး ခေါ် လိုက်ရတာက မင်းမိန်းမရှေ့မှာ ငါ မပြောချင်လို့ပဲ၊ မပြောရဲလို့တော့ မဟုတ်ဘူးနော်.မဖြစ်သင့်ဘူးထင်လို့၊ မင်း စာရိတ္တကို ချမပြချင်လို့ မောင်မောင်၊ မင်း ကျော်ကျော့်အနားမှာ ငါ မမြင်ချင်ဘူး မောင်မောင်"

ကျွန်တော့်စကားကြောင့် မောင်မောင်က ပြုံးသည်။ ပါးစပ်အစွန်းကသွေးစကို တစ်ရှူးထုပ်ပြီးသုတ်ရင်း အဝေးကိုပစ်ကာ မတ်တတ်ရပ်လိုက်ပါသည်။

"မင်းက သူနဲ့ဘာတော်လို့လဲ၊ ရည်းစားလား .. ဆွေမျိုးလား"

ဒီကောင့်စကားကြောင့် ရင်ထဲမှာ ဒေါသဖြစ် တမုဟုတ်ချင်း၊ ဒါပေမယ့် စိတ်ကို အတတ်နိုင်ဆုံးလျှော့ရင်း...

"ထားပါတော့ မင်းပြောသလို ငါဟာ သူ့ချစ်သူ၊ သူ့အစ်ကိုဆိုရင် မင်း ဒီထက် ဆိုးဝါးသွားပြီ မောင်မောင်..၊ ငါပြောမယ် မင်း သူ့အနားမှာ ရှိမနေပါနဲ့၊ မင်းပေးတဲ့ဒဏ်ရာတွေ သူ နာလန်မထူနိုင်သေးဘူးကွ..၊ မင်း သိရက်နဲ့ကွာ"

ဒီကောင် ပခုံးတွန့်သည်။

"ဒါ ငါတို့နှစ်ယောက်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါ၊ မင်းနဲ့ မဆိုင်ဘူး ကိုလေး၊ ဘာလဲ .. မင်းက ငါ့နှုတ်ခမ်းပြတ်တော့ ကြားက ဝင်တန်းစီတာလား"





"ဟော့ကောင် တော်တော့ .."

ကျွန်တော် အံကြိတ်မိပါသည်။ ဒီကောင့်ကို လက်ညှိုးငေါက်ငေါက်ထိုးရင်း ...

"မင်းကွာ .. ဒီမှာ မောင်မောင် .. ငါ တွေဝေနေလို့ မင်း သူ့အချစ်ကို ရခဲ့တာပါကွာ"

"ငါ ဒါတွေ စိတ်မဝင်စားဘူး ကိုလေး .. သူ အမှတ်မရှိလို့ ငါ့ကို ပြန်တွဲတာပဲ၊ ငါက အတင်းဓားထောက်ပြီး ငါနဲ့တွဲရမယ်လို့ မပြောဘူး"

ဒီကောင်စကားက ထပ်ပြီး ထိုးချင်စရာပါ။

"တောက်!.. မင်း တော်တော်ယုတ်မာတဲ့ကောင်ပဲ မောင်မောင်..၊ မင်း သူ့အချစ်ကို စုတ်ပြုလုပ်ရက်တဲ့ကောင်၊ အေး .. မင်း ထပ်ပြီး သူ့အနားမှာ ရှိကြည့်လေ..၊ အဲဒီအချိန်ကျမှ ငါပြောတဲ့အတိုင်း လုပ်မရှောင်ကြည့်"

ကျွန်တော် ပြောပြီးပြီးချင်း လှည့်ထွက်လာခဲ့ပါတယ်။ ကျွန်တော် အဲဒီနေ့က စာသင်ရတာတောင် အခက်အခဲ ဖြစ်ခဲ့ပါတယ်။

ပြီးတော့ မိကျော့်အပေါ် ကျွန်တော်စိုးရိမ်လာခဲ့ပါတယ်။ ကျွန်တော် စာသင်ပြီးပြီးချင်း မိကျော့်တို့ဆိုင်ရှိရာကို လိုက်သွားခဲ့ပါတယ်။

ကု ❀ ကု



www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း"

မှုထူသွားသော ပါးတစ်ဖက်ဆိုပေမယ့် နာကျင်ခံစားရတာက လုံးသားပါ။ ကျွန်တော့်ပါးကို ရိုက်လိုက်တဲ့ သူမကို ကျွန်တော် ကြောင်သား ငေးကြည့်နေမိသည်။ သူမ မျက်လုံးတွေက ဒေါသ ကြောင့် တလက်လက်...

"ဟဲ့ .. မိကျော့"

ဆိုင်အပြင်မှာ ကျွန်တော့်ကိုတွေ့တော့ သူမက လက်ပြပြီး ထွက် လာခဲ့ကာ အခုလို ရုတ်တရက် အဖြစ်အပျက် စတင်ခဲ့ပါတယ်။

"ရှင် .. သိပ်တရားလွန်လို့ ကျွန်မ အပြစ်ပေးလိုက်တာ ကိုမိုး။ ရှင့်ကို ကျွန်မ အဖြေမပေးရသေးသလို ကျွန်မ ဘယ်သူနဲ့တွဲတွဲ ရှင့် လုပ် မဟုတ်ဘူး။ သိပ်အောက်တန်းကျတဲ့လူ ရှင် ထွက်သွားပါ"

"ဟဲ့!.. နင် .. ကိုမိုးကို .."





ဝတ်ရည်နှင့် အိအိဟန်တို့ရောက်လာကာ ကျွန်တော့်ကို အားနာ နေဟန် ရှိသည်။ မသူက ကျွန်တော့်လက်မောင်းကို ကိုင်ကာ ဆွဲခေါ် လာရင်း ခပ်တိုးတိုး ပြောပါသည်။

"ဒီအချိန်မှာ သူမှန်နေပြီ ကိုမိုး..၊ နောက်မှ ကျွန်မပြောပြမယ်၊ လူတွေက ဝိုင်းအုံနေပြီ မကောင်းဘူး"

ကျွန်တော် ခေါင်းညိတ်ပြပြီး ထွက်ခဲ့ပါတယ်။ ရှက်လည်း ရှက်၊ ကိုယ့်ကိုယ်ကိုလည်း နာကျင်မိပါတယ်။

ဘာအပြစ်နဲ့ ငါ့ မင်းကို ချစ်နေရပါလိမ့် မိကျော့ ..၊

ရုတ်တရက် ဒေါသကြောင့် ရိုက်လိုက်မိပေမယ့် ဒီလောက် မလုပ် သင့်ဘူးလို့ ကျွန်မ သိပါသည်။ နေ့လယ်က ကိုလေးဇုန်းဆက်လို့ အောက်ကဆိုင်မှာ တွေ့ကြတော့ ကိုလေးမျက်နှာက အညိုအမည်းကို တွေ့တော့ စိတ်မကောင်း...

"သူ ကိုလေးကိုချိန်းပြီး ဘာမပြောညာမပြောပဲနဲ့ ထိုးလိုက်တာ ညီမလေးရယ်..၊ ဒါနဲ့ ညီမလေးက သူ့ကို အဖြေပေးလိုက်ပြီဆို၊ ဘာ တတ်နိုင်မှာလဲ ညီမလေးရယ်"

မဖြစ်နိုင်ဘူးထင်ပေမယ့် ကိုလေးမျက်နှာပေါ်က ဒဏ်ရာတွေက သက်သေပဲလေ..။ ဟုတ်တော့လည်း ဟုတ်ပါတယ်။ ဒဏ်ရာက သိတ် ထင်ထင်ရှားရှား..။

"နင် မှန်နေပြီ မိကျော့..၊ နင့်ခေါင်းထဲမှာ ကိုလေးဆိုတဲ့ကောင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



မှိုင်းတွေ ဝင်နေပြီ သိလား၊ တောက် ..”

အိအိဟန်က သူမကို အပြစ်ဖို့သည်။ ဘာအတွက်ကြောင့် ငိုမိလည်း ကျွန်မ မသိတော့..။

“ဟဲ့ .. မြည်းမြည်း နားဝင်အောင် ပြောပါ အိဟန်ရယ် .. ကဲ.. မိကျော် မငိုနဲ့ တိတ် .. တိတ် ..”

မမဆွေက လူကြီးပီပီ ထိန်းသိမ်းပါသည်။

“အိဟန်ပြောတာ မှန်တယ် မမဆွေ၊ နင်တို့မိသားစုအပေါ်၊ နင့်အပေါ် ဒီလောက်ကောင်းတဲ့ ကိုမိုးကို နင် ဒီလိုလုပ်ရက်တာ ငါ အံ့ဩတာ တကယ်ပဲ မိကျော်..၊ နင် ကိုမိုးလိုလူကို ရှာကြည့် .. နင့်နှလုံးသားသာ ပုပ်သွားမယ်၊ ရှာကြည့် ..”

မသူက ဒေါသနှင့် ပြောပါသည်။

“နင် ဟိုကောင်ပြောတဲ့အတိုင်းသာ ယုံနေ..၊ နင် တစ်နေ့ ဒုက္ခရောက်မယ် မိကျော်”

ဝတ်ရည်က ဒီတစ်ခွန်းသာ ပြောပါသည်။

“ဟော .. ကိုရဲနိုင်၊ လာ ..”

ကိုနိုင်က အဖြစ်အပျက် အခြေအနေကို ရိပ်စားမိတော့ မမဆွေကို နှုတ်ဆက်ကာ ဝတ်ရည်ကို ခေါ်ပြီး ထွက်သွားပါတယ်။

“ယုံချင်တိုင်းလဲ ယုံကြည်မပေးပါနဲ့ ညီမလေး..၊ အဆိုးဝါးဆုံးမင်းကို သူနှိပ်စက်ပြီးပြီ၊ ထပ်ပြီး လွယ်လွယ်နဲ့ဝင်လာတဲ့ နင့်လူ





ရှိသေးပါတယ်လို့တော့ မမဆွေ မယုံပေးနိုင်တာ မမဆွေကို နှုတ်ဆက်နော်”

အဲဒီညနေက ကိုလေးက ဆိုင်ပေါက်ဝက လာကြိုပေးပါသည်။ မမဆွေတို့က ကိုလေးကို လှည့်ကြည့်မကြည့်၊ အိအိဟန်ကတော့ မေါ်တင်ပဲ မျက်နှာကို စူပုတ်ထားတော့ ကျွန်မ မမဆွေတို့ကို နှုတ်မဆက်ခဲ့တော့ဘဲ ကိုလေးနှင့် အသာတကြည် ပြန်ခဲ့ပါတယ်။

ထိုင်နေကျဆိုင်ကို ရောက်တော့...

“ကိုလေး လိုက်ပို့ပေးမယ်လေ”

ကျွန်မ ကိုလေးရဲ့ အပြုံး၊ အယုအယကိုမြင်တော့ စိတ်သောကပျောက်ပါးသွားတာ အမှန်ပါပဲ..။

“မလုပ်ပါနဲ့ ကိုလေးရယ်..၊ တိုယ်မြင်ရင် ညီမလေးကိုသတ်မှာ”

ကိုလေးက သဘောကျသလို ရယ်မောရင်း..

“ဘာဖြစ်လဲကွာ .. ကိုလေးဆီ ပြေးလာပေါ့”

“ပြော် ... ကိုလေးမှာက မိန်းမနဲ့”

ကျွန်မ စကားကြားတော့ ကိုလေးက မျက်နှာပျက်သွားရင်း..

“အေးပေါ့လေ .. ကိုလေးက အပြစ်အနာအဆာရှိတော့ ..”

ကျွန်မ ကိုလေးစကားကြောင့် သနားသွားကာ...

“အလကားစတာပါ ကိုလေးရယ် .. ဒါပေမယ့် ညီမလေးတို့လေး အတူနေဖို့ တော်တော် အားယူမွေးရမှာ”



www.burmeseclassic.com

www.burmeseclassic.com



ကိုလေးက ပြုံးသည်။ ပြီးတော့ ကျွန်မရဲ့ဆံပင်တွေကို ဆော့ရင်း...

"ကိုလေးနဲ့ မမလဲ စာရေးဝင်ကွာရှင်းတော့မှာပါ။ သူ ပလာဇာကို လာတောင် မလာတော့တာ ကြည့်ပါလား"

"ဟုတ်တယ်နော်"

ကျွန်မ တွေးတွေးဆဆပြောတော့ ကိုလေးက ခေါင်းတညိတ်ညိတ်နှင့်...

"ကိုလေး ကွာရှင်းပြီးရင် ဒီအတိုင်း ဆင်းလာမှာနော်၊ ညီမလေး ကိုယ့်ဆီ လာရဲလို့လား"

"အောင်မယ် .. လူကို ဗိုက်ဆံမတော်တဲ့လူလို့ထင်လို့လား၊ ကိုလေး သာ ဆင်းခဲ့ပါ။ မိကျော်တို့က အသင့်ပဲ"

ကျွန်မ ပြောပုံဆိုပုံကြောင့် ကိုလေးက သဘောကျစွာ ရယ်သည်။

"ကဲ .. ညီမလေး ပြန်ကြရအောင်၊ မနက်ဖြန်ညနေ ကတိနော်၊ ကိုလေး ဒီက စောင့်နေမယ်"

ကျွန်မ အပြုံးနှင့် ခေါင်းညိတ်ပြပါတယ်။ မနက်ဖြန်ဆို ဟက်ပီး နယူးရီးယားလေ..၊

♡ ꩤ ❦ ꩤ ♡





**အား**ကုန်ရိုက်လိုက်တဲ့အရှိန်ကြောင့် ကိုလေးမျက်နှာ လည်ထွက်သွားပါတယ်။ မထင်မှတ်တဲ့ အပြုအမူကြောင့် ကျွန်မကို ကြောင်ပြီး ကြည့်နေမိသည်။ ကျွန်မကို ရှုံ့ရှာသလို ကိုလေးကို ကြည့်ရင်း...

"မနေ့က လူတစ်ယောက်ကို ကျွန်မ ပါးရိုက်လိုက်တယ်..၊ ဒါပေမယ့် ကျွန်မသိက္ခာကို ကျွန်မ ရိုက်မိသလိုပဲ၊ ဒီနေ့ ဒီအချိန် ရှင့်ကို ကျွန်မ ပါးရိုက်လိုက်တာဟာ ကျွန်မသိက္ခာကို ပြန်ဆယ်တဲ့သဘောပဲ၊ ရော့..."

ကျွန်မ MP - 4 ကို ပစ်ပေးလိုက်သည်။ သူက မဝံ့မရဲနဲ့ နားကြပ်ကိုတပ်ရင်း နားထောင်နေရာက မျက်နှာပျက်သွားကာ နားကြပ်ကို ချွတ်ရင်း...

"ဒါ .. ဒါ .."

"ရှင် မငြင်းနဲ့တော့ ကိုမောင်မောင်..၊ ဒါဟာ ရှင်မဟုတ်လို့ဘယ်သူလဲ..၊ MP - 4 ကို ရှင်ယူပြီး အဲဒီထဲက ကင်မရာနဲ့ ရိုက်ထားတဲ့ပုံတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်နိုင်တာပေါ့၊ ကျွန်မ အချိန်မီ ကံကောင်းခဲ့တာ ကျေးဇူးပဲ၊ ကိုမောင်မောင်”

ကိုလေး ခေါင်းငိုက်စိုက်ကျသွားပါတယ်။

“ဒီအခြေအနေမှာတော့ ကိုယ် ဘာမှမရှင်းပြတော့ပါဘူး၊ ကိုယ့်ကို အနာကျင်ဆုံးစကားတစ်ခွန်းလောက်ရတော့ ပြောသွားပေးပါ”

ကိုလေးစကားကြောင့် ကျွန်မ ကိုလေးကို နာနာကျင်ကျင် ကြည့်မိရင်း ရယ်မိပါသည်။ ကျွန်မ မျက်ရည်ကိုသုတ်ရင်း…

“ရှင့်ကို အနာကျင်ဆုံး စကားတစ်ခွန်း ပြောလိုက်မယ်”

ကိုလေးက ကျွန်မကို မော့ကြည့်သည်။ ဒီလိုလူလို့ မထင်ရတဲ့ ရိုးသားဟန်မျက်ဝန်းတွေ…

“ရှင့် .. ကို .. ကျွန်မ .. သိပ်ချစ်တယ်”

“မိ .. ကျော်”

ကိုလေး ဒူးထောက်သွားစေတဲ့စကား…

“ဒါပေမယ့် ရှင့်ကို ရွံတယ် ကိုလေး”

ကျွန်မ ပြောပြီး ထွက်လာခဲ့ပါတယ်။ အပြန်လမ်းမှာ ခြေလှမ်းတွေက ပေါ့ပါးစေခဲ့ပြီ ထင်ပါရဲ့…၊ ဒီအချိန် ကိုမိုးတို့ခြံထဲမှာ မမချွေတို့ ကိုနိုင်တို့ ကျွန်မကို မျှော်နေခဲ့မှာ သေချာပါတယ်။

ကိုမိုး ရှင်ကရော ကျွန်မကို စိတ်ဆိုးနေမှာလား…၊ ကျွန်မ ရင်ထဲက အချစ်တွေကို ပျောက်ကွယ်သွားအောင် ဖန်ဆင်းနိုင်တာက ရှင့်





အရည်အချင်းလား…၊ ဒါမှမဟုတ် ရှင့်ရဲ့မေတ္တာလားလို့ မေးရင် ထုံးစံအတိုင်း ရှင် ရယ်မောနေမှာ သေချာမှာပါနော်…။

ကံသီလို့ပေါ့ ကိုမိုးရယ်…၊ မနေ့ကသာ ဆိုင်ကို မလာဖြစ်ရင်၊ ကိုနိုင်သာ ကိုလေးကို မတွေ့ဖြစ်ခဲ့ဘူးဆိုရင် ကျွန်မဘဝက ကိုလေး လက်ခုပ်ထဲမှာ ဘဝသေနေလောက်ပါပြီ…။ ဒီနေ့မနက်စောစော ကျွန်မရဲ့အိမ်ကို ကိုနိုင်နဲ့ ဝတ်ရည် ရောက်လာခဲ့တယ်လေ…။

“ကျော်ကျော် ..”

“ဟယ်!… ဝတ်ရည်၊ ကိုနိုင်ပါ ပါလာတယ်”

ကိုနိုင်က ခေါင်းညိတ်ပြုံးပြပါတယ်။

“မိကျော် .. အပြင်ထောလိုက်ခဲ့ဟာ”

“ဟဲ့ .. ဘယ်လဲ”

“စကားပြောလို့ ကောင်းမယ့်နေရာ”

“အင်း .. နင်တို့ ခိုးပြေးလာတာလား”

“ဟဲ့ .. ငါက အစောကြီး ယောက်ျားခိုးလာပါ့မလား”

ကျွန်မရယ်ရင်း အမေ့ကိုခွင့်တောင်းကာ ဝတ်ရည်တို့နဲ့အတူ ထွက်လာခဲ့တာပေါ့…။ လူရှင်းတဲ့ဆိုင်တစ်ဆိုင်ရောက်တော့ ဝတ်ရည်က ဟိုတစ်ခါ ဝယ်သွားတဲ့ MP - 4 လေးကို ယူရင်း…

“ရော့ .. နားထောင်ကြည့် ..”

စပီကာကိုချဲ့ပြီး ဖွင့်ပြပါတယ်။ ကျွန်မလည်း ဘာမှန်းမသိတော့



www.burmeseclassic.com

www.burmeseclassic.com



ခပ်အေးအေးပဲ နားထောင်မိခဲ့ပါသည်။

ပန်းကန်၊ ဖန်ခွက်တွေချနေတဲ့အသံကို ကြားရပါတယ်။ ပြီးတော့ ရွှန်းကျသွားသံ၊ ပြီးတော့...

"ဟာ!... ဆောရီးပျာ..၊ ကျွန်တော် ပြန်လဲပေးပါ့မယ်"

ကိုနိုင့်အသံ ထွက်သွားတဲ့ခြေသံ...

"ဝိတ်တာလုပ်တာနဲ့ စကား ဘယ်ရောက်သွားမှန်း မသိပါဘူး မောင်ရယ်"

ကျွန်မ မျက်ခုံးတွန့်တော့ ဝတ်ရည်တ...

"အဲဒါ နင့်ကိုလေးရဲ့မိန်းမလေ"

"ဟင်!..."

ကိုနိုင်က ဆက်နားထောင်ဆိုတဲ့သဘောနဲ့ မေးဆတ်သည်။

"မောင်နော်..၊ မ, မသိဘူး မထင်နဲ့..၊ ဒီက ချစ်လို့လွှတ်ထားပေးတာ..၊ ရှုပ်ချင်လဲရှုပ်၊ ကဲချင်ကဲ အချိန်တန်ရင် မ,ဆီပဲ ပြန်လာမှာသိလို့ တမင်လွှတ်ထားပေးတာကို အဟုတ်မှတ်မနေနဲ့ .. ဟွန်း .."

ခွဲ့တဲ့တဲ့ နွဲ့တဲ့တဲ့အသံ .. ရွှန်း၊ ခက်ရင်းအသံတွေ ကြားရပြီး ကိုလေးရဲ့ရယ်သံ .. ပြီးတော့...

"သြော် မရယ် .. မိကျော်က မနူးမနပ်လေးပါ..၊ ကစားရုံလေး ကစားပြီး ထားရုံလေး ထားသွားမှာပါ"

"ဟင်!..."





ရင်ထဲကို တစ်ခုခု ဆောင့်တွန်းလိုက်သလိုပါပဲ။ ကိုနိုင်နှင့် ဝတ်ရည်က တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ကျွန်မကို ဘာမှဝင်မပြော မျက်ရည်တွေ လျှံထွက်လာပါသည်။ လုပ်ရက်လိုက်တာ ကိုလေးရယ်..၊

"ညာလို့ကောင်းတဲ့အထဲမှာ မိကျော်က ထိပ်ဆုံးကပဲ ရှ,ရာ"

"ဘာဖြစ်လို့လဲ မောင်"

"သြော်... ကျွန်တော် သိတာပေါ့..၊ ရည်းစားမဖြစ်ခင်အတည်းက ဒီကောင်မလေး အချိုလေးပြောပြီး ဝင်လိုက်ရင် ရတယ်လို့ သိတာပေါ့"

"အံမယ် .. မနဲ့စတွေ့တော့ ကောင်လေးနော်"

စကားက အနှောင့်အသွား မလွှတ်...

"ဒါကတော့ ဒါပေါ့ မရာ..၊ မနေ့က ဟိုကောင် ကျောင်းဆရာနဲ့ တွေ့တော့ အထိုးခံလိုက်ရတာ တစ်ချက်တည်း၊ ဖြစ်ချင်တော့ အဖြန်မှာ ကားတစ်စီးဘေးက ဖြတ်မောင်းပြီး ပါးကိုခဲစင်တော့ တော်တော် ဆိုးဝါးလိုက်တာ မရာ"

မ,ဆိုတဲ့ မိန်းမရဲ့ သဘောကျရယ်သံ...

"အဲဒီ ဒဏ်ရာကို ဟိုကျောင်းဆရာ လုပ်တာပါဆိုပြီး နောက်တွန်းလိုက်တယ်ဆိုပါတော့၊ မင်း အတော်လည်တဲ့ ကလေးပဲ"

ကိုလေးရဲ့ရယ်သံ၊ ပြီးတော့...

"ဒါကတော့ ယနေ့ခေတ်သည် မလျင်လျှင် ခံရမည်ကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တောက် …"

ကျွန်မ မျက်ရည်ကို သုတ်ဝစ်ရင်း လက်သီးကျစ်ကျစ်ပါအောင် နာကျင် ဒေါသထွက်မိသည်။ အချစ်ဆိုတာကို စတုံးလုပ်ပြီး လုပ်ရက်တဲ့ ကိုလေးကို နာကျင်တာထက် ရွံရှာမိခဲ့ပါတယ်။

ဝတ်ရည်က MP - 4 ကို လှမ်းယူကာ ခလုပ်နှိပ် ရှာဖွေပြီး…

"ဒီမှာ ကြည့် …"

ဆိုင်ကအထွက် ကိုလေးနဲ့သူ့ဖနီး ကြည်နူးရယ်မောနေပုံတွေကို တွေ့ခဲ့ရပါတယ်။

"ကျွန်တော် မနေ့က လာတော့ ဘာဖြစ်မှန်း မသိဘူးလေ..၊ အပြင်ရောက်တော့ မကျော်ကျော် ဘာလို့ငိုနေတာလဲ ဝတ်ရည်လို့ မေးကြည့်မိမှ အဖြစ်အပျက်တွေကို သိရတယ်၊ မကျော်ကျော် ကျွန်တော် ဟိုတစ်ခါ ဒီ MP - 4 လေးဝယ်ရင်း အမှတ်တမဲ့ တွေ့လိုက်ရတဲ့ ကိုလေးခေါ်တဲ့လူကို ထပ်ပြခိုင်းတော့ ဝတ်ရည်က ဘာလုပ်မလို့လဲ မေးတယ်၊ ကျွန်တော်က နောက်မှ ပြောပြမယ်လို့ပြောပြီး အဲဒီလူရဲ့ ဆိုင်ရှေ့ကဖြတ်ရင်း ကြည့်တော့ ဒီလူ သေချာမှန်းသိလိုက်တယ်ဗျ..၊ အဲဒီ ကိုလေးတို့စုံတွဲက ကျွန်တော်တို့ဆိုင်မှာ နေ့တိုင်း မဟုတ်ရင် တောင် တစ်ရက်ခြားလောက် ညစာလာစားတတ်တာဗျ၊ ကျွန်တော် အများဆုံး သူတို့စားပွဲကို ကိုင်ရပါတယ်၊ ကျွန်တော် ခည့်ဝတ်ကျေ တာလဲ ပါတာပေါ့..၊ သူတို့စကားဝိုင်းထဲမှာ ခင်ဗျားရဲ့နာမည်က အများ





ဆုံး ပါတယ်၊ နောက် ပလာဇာမှာတွေ့တော့ ခင်ဗျားရဲ့ ရည်းစား ဟောင်းမှန်း ဝတ်ရည် ပြောပြလို့သိတော့ မဖြစ်ဘူးဆိုပြီး စဉ်းစားမိတုန်း အဲဒီစုံတွဲက ဆိုင်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါလေရော..၊ ကျွန်တော်လဲ ဖုန်းကိုတမင်ချပြီး MP - 4 ကို တိပ်နဲ့ကပ်ပြီး ခုံအောက်မှာ ကပ်ပေးလိုက်တာ ပြုတ်ကျလို့ကတော့ ကျွန်တော်တော့ မလွယ်ဘူး လို့ တွေးမိသေးတယ်၊ ဆိုင်ရှင်သိလို့ အလုပ်ဖြုတ်လဲ ကိစ္စမရှိပါဘူး ကျွန်တော်က ဆိုင်ပေါ်ပါတယ်"

"ကျေးဇူးပါပဲ ကိုနိုင်ရယ် .."

ကျွန်မ အခုလို တောင်းပန်တော့..

"အဲဒီစကားက ခင်ဗျား ကိုမိုးကို သွားပြောရမှာ မကျော်ကျော် ကျွန်တော် ဝတ်ရည်ပြောပြလို့ ဒီလူ့ရဲ့စိတ်ဓာတ်နဲ့ ခင်ဗျားအပေါ် ချစ်တဲ့ အချစ်ကို လေးစားမိလို့ ဝင်ပါခဲ့တာပါ"

ကိုမိုးရဲ့ပုံရိပ်က ဖျတ်ခနဲ .. ကျွန်မနားမှာ အမြဲတမ်း စောင့်ရှောက် ပေးဖို့ ရှင် ဆန္ဒရှိနေသေးရဲ့လားဟင် ကိုမိုး..၊ အတွေးတွေက အဆုံး သတ်သင့်ပါပြီ..။ ခပ်လှမ်းလှမ်းက မီးရောင်စုံ မီးပုံးလေးတွေ ချိတ်ဆွဲ ထားတဲ့မြို့လေးက ရယ်မော ပျော်ရွှင်သံတွေ ကြားနေရပါပြီ..။

ဆောင်းရဲ့ အအေးဓာတ်က စိမ့်ခနဲ ခံစားရသည်။ မှုန်ဝါဝါ နှင်း တွေကြားမှာ လူတစ်ယောက်က မတ်တတ်ရပ်ရင်း လည်ဆန့်တော ကျွန်မကို ပြုံးကြည့် စောင့်ကြိုနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကို .. မိုး .."

ကျွန်မ အငြေးလေးလှမ်းလာခဲ့ရင်း သူ့ရှေ့ရောက်တော့ ခြေလှမ်းတွေ တန့်သွားပါသည်။

"ကျွန်မကို ခွင့်လွှတ်ရဲ့လားဟင်"

ကိုမိုးက စကားတစ်ခွန်း ပြောပါတယ်..၊

"ပါးမရိုက်ဘူးဆိုရင် ခွင့်လွှတ်တယ်"

ကျွန်မ ရှက်ကိုးရှက်ကန်းရယ်တော့ ကိုမိုးက ကျွန်မ ဝခုံးနှစ်ဖက်ကို လှမ်းကိုင်ပြီးတော့...

"ချစ်တယ်လို့ ကျွန်တော် မပြောတော့ဘူးနော် .. ကျွန်တော့်ကို ပြန်ချစ်ပါလို့ ကျွန်တော် မတောင်းဆိုတော့ဘူး"

ကျွန်မ ရှက်ပြုံးနှင့် ခေါင်းညိတ်ဖေ-ာ နောက်က ပြုံင်တူ အော်လိုက်တဲ့အသံက...

"ဖက် .. ပါ .. တော့ .. ဗျို့ .."

ကျွန်မ သူ့ရင်ခွင်ထဲ ပြုလဲသွားသလို ရယ်သံတွေ..၊ ကျွန်မတိုးတိုးလေး ပြောလိုက်ပါတယ် ကိုမိုးရဲ့ရင်ခုန်သံတွေကို..။

"ကျွန်မရင်ထဲမှာ နှင်းတွေ မရှိတော့ပါဘူး ကိုမိုးရယ်"

ဒီနိုင်းခ



BURMESE CLASSIC

www.burmeseclassic.com